မြန်မာ့အလင်း

အတွဲ (၅၃) အမှတ် (၂၀၁)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

၂၀၁၄ ခုနှစ်၊ ဧပြီ ၂၄ ရက်၊ ကြာသပတေးနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ကျောက်မျက်အချောထည်များထုတ်လုပ်နိုင်ပြီဖြစ်၍ ပြည်ပဈေးကွက်ကျယ်ပြန့်အောင် ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေကြာပင်ကျောက်မျက်ရတနာ အချောထည်ဈေး၌ ကျောက်စိမ်းနှင့်ကျောက်မျက်ရတနာအချောထည်များ ထုတ်လုပ်ရောင်းချနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် အဆိုပါဈေးရှိ စိမ်းလင်းရတနာကျောက်မျက် အရောင်းပြခန်းသို့ရောက်ရှိပြီး ကျောက်စိမ်းပန်းပုအရွယ်စုံ ထုတ်လုပ်နေမှု၊ ကျောက်စိမ်းလက်ကောက်၊ ပုတီးနှင့်လက်ဝတ်ရတနာများ ပြသရောင်းချနေမှုတို့ကို လှည့်လည်ကြည့်ရှုကာ ကျောက်စိမ်း

စာမျက်နှာ ၈ ကော်လံ ၅ ✴

မကြာမီကာလတွင် အွန်လိုင်းစနစ် ပွံ့ဖြိုးလာမည် ဖြစ်သည့်အတွက် အွန်လိုင်းမှ တစ်ဆင့် ရောင်းချပေးနိုင်အောင် စီစဉ်ဆောင်ရွက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နေပြည်တော်ရှိ ရွှေကြာပင်ကျောက်မျက်ရတနာအချောထည်ဈေး၌ ကျောက်စိမ်းနှင့်ကျောက်မျက်ရတနာအချောထည်များ ထုတ်လုပ်ရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာကိုယ်စားပြု Miss Universe 2014 ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၃

သတင်း-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြန်မာ့အလှမယ်များ နိုင်ငံတကာအလှမယ်ပြိုင်ပွဲများသို့ တက်လှမ်းယှဉ်ပြိုင်နေကြပြီဖြစ်သည်။ မြန်မာဆန်ဆန် လှပကြော့ရှင်းမှုအပြင် နိုင်ငံတကာအလှမယ်များကဲ့သို့ စံနှုန်းကိုက်ခန္ဓာကိုယ်ဖွဲ့စည်းမှုနှင့် ဉာဏ်ရည်ထက်မြက်မှုများလည်းရှိနေကြရာ မြန်မာအမျိုးသမီးများ နိုင်ငံတကာအလှမယ်ပြိုင်ပွဲများ၌ ပွဲလယ်တင့်စွာ ယှဉ်ပြိုင်လျက်ရှိသည်။

မြန်မာအမျိုးသမီးအလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် Miss Universe 2014 အတွက် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ်ရွေးချယ်ပွဲကို လာမည့်ဇူလိုင်လအတွင်း ရန်ကုန်မြို့၌ကျင်းပရန် စီစဉ်ထားပြီဖြစ်သည်။

" Miss Universe 2014 အတွက် ပြိုင်ပွဲဝင်အမျိုးသမီးတွေကို ပြီးခဲ့တဲ့မတ်လကတည်းက လျှောက်လွှာခေါ်ယူထားပါတယ်။ အခုလျှောက်လွှာတွေ အတော်လေးရရှိထားပြီးဖြစ်လို့ လာမယ့်မေလ ၂၀ရက် နောက်ဆုံးထားပြီး လက်ခံမှာဖြစ်ပါတယ်" ဟု အဆိုပါရွေးချယ်ကျင်းပမည့် HELLO MADAM မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ကိုချန်လင်းသူက ပြောသည်။

ပြီးခဲ့သည့် Miss Universe 2013 ပြိုင်ပွဲဝင်ရန် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ်အဖြစ် မိုးစက်ဝိုင်ရွေးချယ်ခံရပြီးနောက် ရုရှားနိုင်ငံမော်စကိုမြို့သို့ သွားရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ ထိုသို့ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းမှာ Miss Universe 2013 ဆုမရရှိခဲ့သော်လည်း မြန်မာအမျိုးသမီးများ၏ လှပမှုနှင့် ဉာဏ်ရည်ထက်မြက်မှုအပြင် နိုင်ငံတကာမှပြိုင်ပွဲဝင်အလှမယ်များနှင့် ရင်ပေါင်တန်း ယှဉ်ပြိုင်နိုင်ခဲ့သည်။

"Miss Universe 2014 ပြိုင်ပွဲကိုတော့ ဘရာဇီးနဲ့အင်္ဂလန်နိုင်ငံ နှစ်နိုင်ငံအနက် တစ်နိုင်ငံမှာပြုလုပ်မှာဖြစ်ပါတယ်။ ကျင်းပမယ့်နိုင်ငံမသေချာသေးဘူး၊ ဘာဖြစ်လို့လဲဆိုတော့

စာမျက်နှာ ၈ ကော်လံ ၁ ❁

ယနေ့ မာတိကာ

အမေရိကန်သမ္မတ အိုဘားမား အာရှလေးနိုင်ငံခရီးစတင် — စာမျက်နှာ-၄

ချယ်လ်ဆီးက ခံစစ်နှင့် အက်သလက်တီကိုအား သရေကစား — စာမျက်နှာ-၅

ဆေးပညာသတင်းဆန်းများ (၆၂) — ဆောင်းပါး — စာမျက်နှာ-၆

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ခရီးသွားလုပ်ငန်းများ မြှင့်တင်

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် နိုင်ငံရေးပွင့်လင်းမြင်သာရှိလာမှုနှင့်အတူ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်မှုသည် တစ်နေ့တခြားတိုးပွားလျက်ရှိပါသည်။ အလည်အပတ်သက်သက်သော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း၊ သံတမန်ဆက်ဆံရေးအရသော်လည်းကောင်း ခရီးသွားများ လာရောက်မှု တိုးပွားလာလျက်ရှိပါသည်။

ဤသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လာရောက်မှု တိုးလာသည်နှင့်အမျှ အကောင်းဆုံးဝန်ဆောင်မှုနှင့် ဧည့်ဝတ်ကျေမှုရှိရန်မှာ ကျွန်ုပ်တို့မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းသည် နီးနွယ်ဆက်စပ်သော အဖွဲ့အစည်းများနှင့် ကုမ္ပဏီများသာလုပ်ရမည့် တာဝန်မဟုတ်ပါ။ အားလုံးပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ အားလုံးက ဧည့်ဝတ်ကျေပွန်စွာ ဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံအတွင်း ပြည်ပခရီးသည် ဝင်ရောက်မှုများပြားလာသည်နှင့်အတူ ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုကုမ္ပဏီများ ထူထောင်မှုများပြားလာပြီး လွန်ခဲ့သည့်သုံးလအတွင်း ကုမ္ပဏီအသစ် ၉၀ နီးပါး ထပ်မံတိုးလာကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ သိရသည်။ ဤအချက်သည် မြန်မာနိုင်ငံတွင် ခရီးသွားများ လာရောက်မှုတိုးလာနေကြောင်း မီးမောင်းထိုးပြနေခြင်းဖြစ်ပါသည်။

လွန်ခဲ့သည့် နှစ်နှစ်အတွင်း မြန်မာနိုင်ငံသို့ ခရီးသွားလာရောက်မှု သိသိသာသာတိုးလာပါသည်။ လာမည့်နှစ်များအတွင်း မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်သုံးသန်းမှ ငါးသန်းအထိ လာရောက်နိုင်ရန် သက်ဆိုင်ရာက မျှော်မှန်းထားပါသည်။ ခရီးသွားများ ဤသို့တစ်နှစ်ထက်တစ်နှစ် ပိုမိုလာရောက်စေရန် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန တစ်ခုတည်းနှင့် မဖြစ်နိုင်ပါ။ သက်ဆိုင်ရာအဖွဲ့အစည်းဝန်ကြီးဌာနများနှင့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်နိုင်မှ ဖြစ်လာနိုင်မည်ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းသည် မီးခိုးမထွက်သော စီးပွားရေးလုပ်ငန်းဟု ဆိုသည့်အလျောက် နိုင်ငံခြားဝင်ငွေ တိုးပွားလာနိုင်ပါသည်။ ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများသည်ပင်လျှင် ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် ကြိုးပမ်းနေလျက်ရှိပါသည်။

မိမိတို့နိုင်ငံသည် လက်ရှိအာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေချိန်ဖြစ်၍ ခရီးသွားလုပ်ငန်းကို ရည်မှန်းချက်ရှိရှိအောင်မြင်အောင်ဆောင်ရွက်သွားသင့်ပါသည်။ ဤအချိန်သည် မြန်မာနိုင်ငံ၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန် အချိန်ကောင်း အခါကောင်းဖြစ်ပါသည်။ သို့ပါ၍ မြန်မာ့ခရီးသွားလုပ်ငန်းများ တိုးတက်အောင်မြင်စေရန် အားလုံးက ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

စိန်တလုံးသရက်များ ပြည်ပဈေးကွက်ထိုးဖောက်နိုင်ရေး ကြိုးပမ်း

နေပြည်တော် ဧပြီ ၂၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့်တာဝန်ရှိသူများသည် ဧပြီ ၂၀ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပင့်သာကြီးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ပင့်သာကြီးကျေးရွာ နီးဖျာရက်လုပ်နေမှုများကို အားပေးကြည့်ရှုကာ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံပြီး ကျေးရွာလျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေးနှင့် ကျေးရွာစာကြည့်တိုက်များအတွက် ငွေကျပ် ၂၂ သိန်း လေးသောင်းကို ကျေးရွာတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် ပိတောက်ပင်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ ကျေးရွာလျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေးနှင့် ကျေးရွာစာကြည့်တိုက်များအတွက် ငွေကျပ်သိန်းနှစ်ဆယ့်လေးသောင်းကို ကျေးရွာတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်း၍ သောက်သုံးရေကန်ရေသိုလှောင်ထားရှိမှုနှင့် တိုးချဲ့တူးဖော်နိုင်မှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျွန်းလှမြို့ရှိ သီတဂူစကျွဒါနဆေးရုံသို့ ရောက်ရှိပြီး မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဒေါက်တာလှမြင့်က ဆေးရုံတည်ဆောက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဆေးရုံဝင်းအတွင်း စိမ်းလန်းစိုပြည်စေရန် အရိပ်ရလေကာပင်များ စိုက်ပျိုးကြစေလိုကြောင်း၊ ဆေးရုံဖွင့်လှစ်နိုင်ရန် ဒေသခံပြည်သူများအနေဖြင့် စည်းစည်းလုံးလုံး တက်တက်ကြွကြွ ပါဝင်ကူညီကြစေလိုကြောင်း ပြောကြားပြီး ဆေးရုံအဆောက်အအုံကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လင်းရောင်ဝင်းကုမ္ပဏီ၏စိန်တလုံးသရက်ခြံသို့ရောက်ရှိပြီး စိန်တလုံးသရက်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ ဒေသတွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရေး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် ပြည်ပဈေးကွက်ရရှိရေးအတွက် မိမိဝန်ကြီးဌာနမှလည်း ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကန့်ဘလူမြို့နယ် ညောင်ပင်ရွာမကျေးရွာ ဥယျာဉ်ကျောင်းတိုက်ဆရာတော်အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ ကျေးရွာရေကျော်တံတားဆောက်လုပ်ရန်နှင့် ကျေးရွာဘက်စုံဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေကျပ် ၁၅ သိန်းကို ကျေးရွာတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စုပေါင်းသစ်စေ့ပျိုးပွဲ

မိုးကောင်း ဧပြီ ၂၃

မိုးကောင်းမြို့နယ် သစ်တောဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့တို့က ကြီးမှူး၍ စုပေါင်းသစ်စေ့ပျိုးပွဲကို ဧပြီ ၂၂ ရက် နံနက် ၈ နာရီက ရှစ်မိုင်လမ်းဆုံသစ်တောပျိုးဥယျာဉ်၌ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစောဂျင်မီနီဟက်စ်လပ်ခ်က သစ်စေ့အမျိုးအစားအလိုက် ပျိုးထောင်နည်းစနစ်များ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက ပျိုးပေါင်နှင့် ပျိုးအိတ်များအတွင်း ကျွန်း၊ ခရေ၊ ပျဉ်းကတိုး၊ မဲဇလီ စသည့်သစ်စေ့များ ပျိုးထောင်ပေးကြကြောင်း သိရသည်။ **ဝင်းအောင်**



ဥက္ကံမြို့၏ ကျက်သရေဆောင် မြို့လယ်ပန်းခြံ ပြန်လည်ပြုပြင်ဂုဏ်တင့်စေချင်

ထင်သာမြင်သာ ပြုပြင်စရာ

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ရန်ကုန်-ပြည်ကားလမ်းနံဘေးတွင်ရှိ မြို့လယ်ပန်းခြံသည် ရထားလမ်းနှင့်ကားလမ်းကြား

တွင် တည်ရှိပြီး ဘူတာရုံ၊ ကားဂိတ်နှင့်နီးသောကြောင့် ခရီးသွားများ၊ ဒေသခံများ အပန်းဖြေနားခိုရာ မြို့ကျက်သရေဆောင်တစ်ခုဖြစ်သည်။ ယခုအခါ အဆိုပါပန်းခြံသည် စည်းရိုးပျောက်၍ ဆွေးမြည့်ပြီး ကန်အတွင်းမှရေများ အမှိုက်သရိုက်ဖြင့် ညစ်ညမ်းကာ ရေကန်၏ပေါင်းကူးတံတားမှာ ပြိုပျက်လျက်တံတားပေါ်ရှိနားနေဆောင်မှာလည်း ပျက်စီးယိုယွင်းနေသောကြောင့် ပြန်လည်ပြုပြင်သင့်ပြီဖြစ်ကြောင်း မြို့ခံတို့က ဆန္ဒဖြစ်ပေါ်လျက်ရှိသည်။

ပန်းခြံပျက်စီးနေသည်မှာ ခုနစ်နှစ်ရှိပြီဖြစ်ကြောင်း တစ်ချိန်က အဆိုပါ ပန်းခြံတွင် ရေကန်ပေါင်းကူးတံတား၊ ဖြူ နီစက္ကူပန်းချုံနှင့် ရောင်စုံပန်းအလှမျိုးစုံတို့ ဝေဆာခဲ့ပြီး ကလေးများ ဆော့ကစားရန် ဒန်းပုခက်၊ လျှောစီးခုံတို့ ယခုအခါပျောက်ကွယ်လျက်ရှိသည်။ ခြံစည်းရိုးမရှိသောကြောင့် ကျွဲ၊ နွားတို့ဝင်ရောက်ဖျက်ဆီးခဲ့၍ ပန်းခြံ၏အလှ ဇရာအိုဖြစ်ခဲ့ရာမှ အများပြည်သူတို့ဝင်ရောက်နားခိုချင်စဖွယ် လှပတင့်တယ်သည့် ပန်းခြံဖြစ်စေရန် ပြန်လည်ပြုပြင်သင့်ပါကြောင်း ထင်သာမြင်သာပြုပြင်စရာကဏ္ဍမှ တင်ပြလိုက်ရပါသည်။

(၁၆၄)

ဆရာခို မောင်စံ ဆေးတိုက် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

ပဒုမ္မာရွှေကြာ ဆရာခို မောင်စံ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်ဖြန့်ချိလျက်ရှိသော ဆရာခို အနာလိမ်းဆေး၊ ဆရာခို ရာပန်းဆီ၊ ဆရာခို သွေးဆေးလျက်ဆား နှင့် မောင်စံ အနာပျောက်သောက်ဆေး၊ မောင်စံ ရှက်ပေါင်းဆေး၊ မောင်စံ လျက်ဆား တိုင်းရင်းဆေးများသည် ဆေးစွမ်းလည်းထက်၊ ဈေးနှုန်းလည်းချို၊ သဒ္ဓါပို့ကာ၊ ရောဂါမှန်သမျှ ခဝါချ၍ လူပြည်မှာ ပျင်းအောင်နေနိုင်ကြဖို့အရေး မျှော်တွေးကာ၊ သဘာဝ ပရဆေးအစစ်အမှန်တွေကိုသာ အစဉ်အဆက်သုံးစွဲခဲ့သည့်၊ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၏ စည်းကမ်းနည်းလမ်း ဘောင်အတွင်းမှ ခါတ်ခွဲအစမ်းသပ်ခံ ဆေးဝါးများပြစ်ပြီး၊ နှစ်ပေါင်းများစွာကပင် စဉ်ဆက်မပြတ် ယုံကြည်စွာ ဝယ်ယူသုံးစွဲခဲ့ကြသည့် ရပ်နီးရပ်ဝေး မိတ်ပြည်သူများထံမှ (၇၆)ပါး ရောဂါဝေဒနာများနှင့် အနာအမျိုးမျိုးအပြင် (ကင်ဆာဝေဒနာ) များပါ ပျောက်ကင်းချမ်းသာမှုရရှိနေကြောင်း ကြားသိရသဖြင့် ဝမ်းသာပီတိဖြစ်ရခြင်းနှင့်အတူ အနယ်နယ်အရပ်ရပ်ရှိ ဆေးများဖြန့်ချိရောင်းချပေးခဲ့ကြသော အရောင်းကိုယ်စားလှယ်ကြီးများအပါအဝင် မြန်မာပြည်သူပြည်သားအားလုံး မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ်၊ နှစ်သစ်အခါသမယတွင် "အစာဝ အနာကင်း ဘယာရှင်း" ပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းနှင့်အတူ စီးပွားရေးအလုပ်အကိုင် အခွင့်အလမ်းများ အဆင်ပြေချောမွေ့ တိုးတက်အောင်မြင်၍ လိုရာဆန္ဒများလည်း ပြည့်စုံနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ဆရာခို မောင်စံ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

ပြည်တွင်းသတင်း

တရားဥပဒေစိုးမိုးရေးသည် နိုင်ငံတစ်နိုင်ငံအတွက် လူ့အဖွဲ့အစည်းအတွက် မဖြစ်မနေဆောင်ရွက်ရမည့်ကိစ္စဖြစ်

နေပြည်တော် ဧပြီ ၂၃

တရားဥပဒေစိုးမိုးရေး ဗဟိုဌာန (Rule of Law Centres) များ အတွက် လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ဧပြီ ၂၂ ရက် မွန်းလွဲပိုင်း တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်း အမှတ်(၅၉)ရှိ လွှတ်တော်ရုံးခွဲ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာ စကားပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသား လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုး ရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်း စုကြည်နှင့် ကော်မတီအဖွဲ့ဝင်များ၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုနှင့် ကော်မတီအဖွဲ့ ဝင်များ၊ ပြည်သူ့လွှတ်တော်ဥပဒေ ရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ်သုံးသပ်ရေး ကော်မရှင်နှင့် အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် တို့မှ အဖွဲ့ဝင်များ၊ ကုလသမဂ္ဂဖွံ့ဖြိုး ရေးအစီအစဉ် (UNDP)မှ တာဝန် ရှိသူများ၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စု လွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော် ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက် ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမှာစကားပြောကြားရာတွင် တရား ဥပဒေစိုးမိုးရေးသည် နိုင်ငံတစ်နိုင်ငံ အတွက် လူ့အဖွဲ့အစည်းအတွက် မဖြစ်မနေ ဆောင်ရွက်ရမည့် ကိစ္စ ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှု ရှိမှသာ၊ တိုင်းပြည်တည်ငြိမ်အေးချမ်း မှုရှိမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် အောင်ဆောင်ရွက်နိုင်မည် ဖြစ် ကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှ တရားဥပဒေစိုးမိုးမှု ရှိမည်ဖြစ်ကြောင်း၊ တစ်ခုနှင့်တစ်ခု ယှဉ်တွဲ၍ အထောက်အကူပြုနေသည့် ကိစ္စများပင်ဖြစ်ကြောင်း၊ ခေတ်ပြောင်း စနစ်ပြောင်းကာလတွင် တရားဥပဒေ စိုးမိုးရေးသည် အရေးကြီးပါကြောင်း၊ တရားဥပဒေစိုးမိုးမှုမရှိဘဲ ဒီမိုကရေစီ ရရှိရန် ခက်ခဲနိုင်ပါကြောင်း၊ သို့ဖြစ်၍ တရားဥပဒေစိုးမိုးရေးကို လိုလို လားလားဆောင်ရွက်နေခြင်း ဖြစ်ပါ ကြောင်း၊ အားသွန်ခွန်စိုက် ဆောင် ရွက်နေသကဲ့သို့ အကူအညီများ လည်း ပေးနေပါကြောင်း၊ ယနေ့ အစည်းအဝေးတွင် တရားဥပဒေ စိုးမိုးရေးနှင့်စပ်လျဉ်း၍ အတွေ့ အကြုံရှိသည့် ပုဂ္ဂိုလ်များကိုဖိတ်ခေါ် ထားပြီး ဝိုင်းဝန်းဆွေးနွေးကြမည်ဖြစ်၍ များစွာအကျိုးဖြစ်ထွန်းမည် ဖြစ်ပါ ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တရားဥပဒေစိုးမိုး ရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်း စုကြည်၊ တရားစီရင်ရေး၊ ဥပဒေ ရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက် ရေးကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကို တို့က တရားဥပဒေစိုးမိုးရေး ဗဟိုဌာန နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြ သည်။

ယင်းနောက် ကုလသမဂ္ဂဖွံ့ဖြိုး ရေးအစီအစဉ်(UNDP)၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီး ဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွား ရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တရားဥပဒေ စိုးမိုးရေးဗဟိုဌာန ဖြစ်ပေါ်လာရေး အတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေး ကြသည်။

ဆက်လက်၍ တက်ရောက်လာ ကြသူများက အထွေထွေဆွေးနွေး ကြပြီး ပြည်ထောင်စုလွှတ်တော် နာယကက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စု လွှတ်တော်နာယကက နိဂုံးချုပ်အမှာ စကားပြောကြားရာတွင် တင်ပြချက် များ၌ ဥပဒေနှင့်ညီညွတ်သည်ဟု ပြောကြားမှုများရှိသကဲ့သို့ အချို့က မခိုင်လုံဟု တင်ပြမှုများရှိကြောင်း၊ ပြည်ထောင်စုလွှတ်တော်က အမိန့် ကြော်ငြာစာထုတ်ပေးရန် တာဝန်ရှိ ပါက ထုတ်ပေးရန် အသင့်ရှိကြောင်း၊ သို့မဟုတ်ပါက တာဝန်ရှိသည့် ဌာနက အမိန့်ကြော်ငြာစာထုတ်ပေး ရန် ဖြစ်ပါကြောင်း၊ လေ့ကျင့်ပေး သင့်သူများကို လေ့ကျင့်ပေးရန်နှင့် ပါသင့်သူများကို ရွေးချယ်ပေးရန် လိုအပ်ပါကြောင်း၊ Centre များက တရားဥပဒေစိုးမိုးမှု မရှိခြင်းမှာ မည်သည့်အတွက်ကြောင့်ဖြစ်ရသည် ကို စဉ်းစားသုံးသပ်၍ သုတေသန လုပ်ပေးရန် လိုအပ်ပါကြောင်း။

တရားဥပဒေ စိုးမိုးရေးသည် ပြည်သူတစ်ရပ်လုံးနှင့်လည်း ပတ် သက်ဆက်စပ်နေပါကြောင်း၊ ပြည်သူ အားလုံး သိထားသင့်ပါကြောင်း၊ ပြည်သူအားလုံး ပါဝင်ရမည်ဖြစ် ကြောင်း၊ ပြည်သူ့ကိုယ်စားဥပဒေပြု လွှတ်တော်များ ပါဝင်ရမည်ဖြစ် ကြောင်း၊ ပြည်သူ့ကိုယ်စားအုပ်ချုပ် ရေးအဖွဲ့မှ သက်ဆိုင်သော တာဝန်ရှိ အဖွဲ့အစည်းများနှင့်တာဝန်ရှိသူများ ပါဝင်ရမည်ဖြစ်ကြောင်း၊ ပြည်သူ့ ကိုယ်စား တရားရေးအဖွဲ့အစည်းများ သည် ကဏ္ဍအလိုက် ပါဝင်ရမည်ဖြစ် ကြောင်း၊ တရားဥပဒေစိုးမိုးရေး အတွက် ဥပဒေပြုရေးအပိုင်းက စပြီး ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ တရား မျှတသောဥပဒေ၊ အများပြည်သူ လိုက်နာနိုင်သောဥပဒေ၊ ၄င်းဥပဒေ များနှင့် ရှေ့နောက်ညီညွတ်သော Rule & Regulation များ ထုတ်ပြန် ရမှာဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေး အပိုင်းက ဥပဒေအတိုင်း လိုက်နာ ပြုကျင့်ဖို့အတွက် ပြည်ထောင်စု အစိုးရက ကြီးကြပ်အကောင်အထည် ဖော်ရမည်ဖြစ်ကြောင်း၊ ပြည်သူ အားလုံးကလည်း လိုက်နာရမည်ဖြစ် ကြောင်း၊ လိုက်နာမှုမရှိသူအား ဥပဒေ နှင့်အညီ အရေးယူသလို ကြီးကြပ် အကောင်အထည်ဖော်သူများအပိုင်း က ပျက်ကွက်ခဲ့လျှင်လည်း ဥပဒေနှင့် အညီ အရေးယူရမှာဖြစ်ပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် တရား သူကြီးများ၊ Law Enforcement အဖွဲ့များ၊ ရှေ့နေရှေ့ရပ်များ၊ ရုံးအဖွဲ့ ဝင်များ၊ သက်သေများ၊ တရားခံ/ တရားလို၊ တရားလို/တရားပြိုင်များ၊ ပြည်သူလူထုများ၊ သတင်းမီဒီယာများ အားလုံး ပူးပေါင်းပါဝင်ရန် လိုအပ် ကြောင်း၊ ပြည်သူလူထု၏ စိတ်ပိုင်း ဆိုင်ရာ Mindset များ ပြုပြင် ပြောင်းလဲရန်အတွက် စာတမ်းဖတ်ပွဲ များ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ လက် ငင်း ရေတို/ရေရှည်လုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေး အတွက် လိုအပ်ပါက ဘတ်ဂျက်ရေးဆွဲ ၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အနှစ်ချုပ်ရမည်ဆိုပါက တရားဥပဒေ စိုးမိုးမှ တည်ငြိမ်အေးချမ်းမည်၊ တည် ငြိမ်အေးချမ်းမှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ဖွံ့ဖြိုးတိုးတက်မှ တရား ဥပဒေစိုးမိုးမှုရှိမည်ဆိုပြီး သံသရာ လည်နေသလို ကြောင်လိမ်လှေကား ပမာပို၍ပို၍ တိုးတက်လာမှာဖြစ်ပါ ကြောင်း၊ ဒီမိုကရေစီနည်းကျကျ အမျိုးသားအကျိုးစီးပွားကို ဖော် ဆောင်နိုင်မှာဖြစ်ပါကြောင်း။

တည်ငြိမ်အေးချမ်းရေး ရရှိရန် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ နှင့် လူတစ်ဦးချင်း၊ လူ့အဖွဲ့အစည်း အချင်းချင်း ရန်လိုသောစကားနှင့် အပြုအမူ၊ အထင်သေးအမြင်သေး စသော ပြောဆိုပြုမူမှု၊ ခွဲခြားပြောဆိုပြုမူ မှုများ၊ စိတ်ဝမ်းကွဲစေသော ပြောဆို ပြုမူမှုများမဆောင်ရွက်ကြရန် အထူး လိုအပ်ပါကြောင်း၊ ထို့အတူ ပြည်တွင်း ငြိမ်းချမ်းရေးရရှိရေးအတွက် တိုင်းရင်း သားစည်းလုံးညီညွတ်ရေး ရရှိဖို့လိုပါ ကြောင်း၊ အမျိုးသားပြန်လည် သွေးစည်းညီညွတ်ဖို့ လိုပါကြောင်း၊ ဒါကြောင့် မိမိတို့နိုင်ငံသားများသည် ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်သည့်ဘာသာအစွဲများမထား ရှိဘဲ နိုင်ငံတော်အတွက်၊ အများ ပြည်သူအတွက်ဆိုလျှင် ပါဝင်ပူးပေါင်း ဆောင်ရွက်ရေးကို တိုက်တွန်းအားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုက် သင့်သောအောင်မြင် အဆင်ပြေမှု များရရှိထားသော်လည်း လွှတ်တော် အတွင်းနှင့်လွှတ်တော်ပြင်ပတွင် ယခု ထက်ပိုမိုဆောင်ရွက်ပေးရေးအတွက် နိုင်ငံသားများနှင့် စွမ်းဆောင်နိုင်ကြ သူများက ပါဝင်ပေးကြစေလိုကြောင်း၊ နိုင်ငံအတွက်၊ တိုင်းပြည်အတွက်၊ မိမိ တို့အတွက် ဝိုင်းဝန်းပါဝင်ပေးကြပါဟု တိုက်တွန်း ပြောကြားလိုပါကြောင်း ဖြင့် ပြောကြားသည်။

(သတင်းစဉ်)

တရားဥပဒေ စိုးမိုးရေး ဗဟို ဌာန (Rule of Law Centres) များ အတွက် လုပ်ငန်း ညှိနှိုင်း အစည်း အဝေး ကျင်းပစဉ်။ (သတင်းစဉ်)

❖ *ကျောဖုံးမှ*

ပြုလုပ်ခြင်းဖြစ်သည်။ မြန်မာ့ လက်ရွေးစင်အသင်းကို ပထမ ကစားသမား ၂၈ ဦးဖြင့် ဖွဲ့စည်း ထားပြီး လူဟောင်းကစားသမား အများစု ပါဝင်လာသလို လူသစ် ကစားသမားအချို့လည်း ရွေးချယ်ခံ ခဲ့ရသည်။ မြန်မာ့လက်ရွေးစင် အသင်းမှာ AFC Challenge Cup ပြိုင်ပွဲမတိုင်မီ ထိုင်းနိုင်ငံသို့ သွား ရောက်၍ ခြေစမ်းပွဲများကစားရန် စီစဉ်ထားသည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် နည်းပြချုပ်အဖြစ် အေဗရာမိုဗစ်(ဆား ဘီးယား)၊ လက်ထောက်နည်းပြများ အဖြစ် ဆီကိုဗစ် (ဆားဘီးယား)၊ ဦးစိုးမြတ်မင်း(ကမ္ဘောဇ)၊ ဂိုးနည်းပြ များအဖြစ် ဒီနို(ဆားဘီးယား)နှင့် ဦးအောင်ကျော်ကျော် (ဧရာဝတီ)၊ ကစားသမားများအဖြစ် ဂိုးသမား- သီဟစည်သူ(ရတနာပုံ)၊ ကျော်ဇင် ဖြိုး(မကွေး)၊ မန်လားဟရွှယ် (နေပြည်တော်)၊ ရန်အောင်လင်း(ဟံ သာဝတီ)၊ နောက်တန်း-ဟိန်းသီဟ ဇော်(ဧရာဝတီ)၊ သိန်းဇော်(ဇွဲကပင်)၊ အောင်ဟိန်းကျော် (ဇေယျာရွှေမြေ)၊ ရဲဝင်းအောင်၊ ဇော်မင်းထွန်း (ရတနာပုံ)၊ ပြည့်ဖြိုးအောင်၊ အောင်ဇော်၊ အောင်သိုက်၊ စည်သူ အောင် (ရန်ကုန်)၊ အလယ်တန်း- ရန်အောင်ကျော်၊ ရာဇာဝင်းသိန်း၊ ဒေးဗစ်ဒန်း၊ ခင်မောင်လွင်(ရန်ကုန်)၊ ရန်အောင်ဝင်း(ရတနာပုံ)၊ ထူးထူး အောင် (မကွေး)၊ မင်းမင်းသူ၊ နေလင်းထွန်း၊ ကျော်မင်းဦး (ဧရာ ဝတီ)၊ ငြိမ်းချမ်းအောင်(မနောမြေ)၊ ချစ်စုမိုး (ချင်းယူနိုက်တက်)၊ ရှေ့ တန်း-ရန်ပိုင်၊ ကောင်းစည်သူ (ရတနာပုံ)၊ ကျော်ကိုကို(ရန်ကုန်) နှင့် ရဲအောင် (ဆောက်သမ်း)တို့ ပါဝင်ကြသည်။

Invitation to Open Tender

1. Opened Tenders are invited by Myanmar Radio and Television, Ministry of Information,for the following machinery to be purchased in foreign currency (USD);

(a)	50 KW SW Radio Transmitter	1 Set
(b)	DVB-T2 Set-top Box	100,000 Nos.
(c)	Pocket Radio (2 Band, FM & MW)	50,000 Nos.
(d)	Pocket Radio (9 Band, FM, MW & SW)	50,000 Nos.

2. Opened Tender Forms are available from (9-4-2014) till (8-5-2014) daily between (9:30 AM to 4:30 PM) at Myanma Radio and Television, Nay Pyi Taw (Tatkone).

3. Opened Tenders are to be submitted in the presence of the tender members on the (9-5-2014) between (9:30 AM to 4:30 PM) at Myanma Radio and Television, Nay Pyi Taw (Tatkone). Those tenders exceeding the closing date will not be taken into consideration.

4. Rules regarding the opened tender forms;list of machinery and details are available at the following address.

Machinery Purchasing Committee
Myanma Radio and Television, Nay Pyi Taw
Ministry of Information
Ph:067-79483,067-79135,067-79411

နေ့စား လပေး မူလတန်းပြ ဆရာ၊ ဆရာမ ရာထူးခန့်ထားရေးအတွက်

လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ဆရာ ဆရာမလိုအပ်သည့် ကျောင်းများ၌ နေ့စားလပေး မူလတန်းပြ ဆရာ၊ ဆရာမရာထူးများတွင် အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီ သူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) M.A/ M.Sc ဘွဲ့ရသူများ (အသက် ၃၅နှစ်အောက်)။
(ဂ) B.A/B.Sc ဘွဲ့ရသူများ၊ (အသက် ၃၀အောက်)။
(ဃ) တက္ကသိုလ်ဝင်တန်းအောင်မြင်သူများနှင့် နဝမတန်းအောင်မြင်သူများ (အသက် ၂၅နှစ်အောက်)

၂။ မူလတန်းပြဆရာ၊ ဆရာမများအဖြစ် ရွေးချယ်ခံရသူများသည် ကချင်ပြည်နယ်အတွင်း ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဆရာအတတ်သင် သင်တန်းဆင်းလက်မှတ် ရရှိပြီးပါက မူလတန်းပြဆရာ၊ ဆရာမအဖြစ် အတည်ပြုခန့်အပ်မည်ဖြစ်ပါသည်။

၃။ လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်မိတ္တူ(သို့)ဘွဲ့ရကြောင်း ထောက်ခံစာနှင့် တက္ကသိုလ် ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ နဝမတန်းအောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြ ရမည်။ (အသက်ကန့်သတ်ချက်ကို ၂၀၁၄ ခုနှစ် ဇွန် ၁ရက်ဖြင့် တွက်ချက်သည်။)

၄။ လျှောက်ထားလိုသူများသည် လျှောက်လွှာများကို သက်ဆိုင်ရာမြို့နယ်ပညာရေးမှူး ရုံးများတွင် ၂၅-၄-၂၀၁၄ ရက်မှစ၍ အခမဲ့ထုတ်ယူနိုင်ပြီး မိမိတို့၏လျှောက်လွှာများကို ၅-၅-၂၀၁၄ ရက် ညနေ ၄း၀၀ နာရီနောက်ဆုံးထား၍ မိမိတို့ဖြေဆိုလိုသော မြို့နယ်ရှိ မြို့နယ်ပညာရေးမှူးရုံးတွင် ပြန်လည်ပေးပို့လျှောက်ထားရန် ဖြစ်ပါသည်။

၅။ ၁၀-၅-၂၀၁၄ ရက်တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ကြီးကြပ်မှုဖြင့် ကျင်းပမည့် အင်္ဂလိပ်စာ၊ သင်္ချာနှင့်အထွေထွေဗဟုသုတဆိုင်ရာ တစ်နာရီမေးခွန်းများကို သက်ဆိုင်ရာ မြို့နယ်များတွင် ဖြေဆိုရမည်။

၆။ ၁၅-၅-၂၀၁၄ ရက်တွင် ရေးဖြေအောင်စာရင်း ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ၂၀-၅- ၂၀၁၄ရက် ၀၉း၀၀ နာရီတွင် မိမိတို့ဖြေဆိုထားသော မြို့နယ်ပညာရေးမှူးရုံးများတွင် လူတွေ့ စစ်ဆေးမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို အောက်ပါအတိုင်း စုံစမ်းနိုင်ပါသည်-

(က) ပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၇၄-၂၂၆၆၄
(ခ) ပြည်နယ်လူမှုရေးဝန်ကြီးဌာနရုံး ဖုန်း-၀၇၄-၂၉၅၂၀
(ဂ) ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး ဖုန်း-၀၇၄-၂၂၄၅၆၊ ၂၂၄၁၆

ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး

ရွှေထိပ်တန်း • ချောင်းသာ(နေ့စဉ်)
ကျိုက်ထီးရိုး(နေ့စဉ်) ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ (၃)ရက်
ငွေဆောင်(နေ့စဉ်) တောင်ကြီး၊အင်းလေး၊ပင်းတယ၊ထမ်ဆမ်း(၅)ရက်
စီးလုံးငှားလက်ခံသည်
ခရီးစဉ်တိုင်း စား+တည်း စရိတ်ငြိမ်း
01-710436. 09-5403844. 09-5044830

နိုင်ငံတကာသတင်း

ယူကရိန်းကိစ္စပြေလည်အောင်ဆောင်ရွက်ခြင်းမရှိပါက ရုရှားကိုအရေးယူပိတ်ဆို့မှု တိုးမြှင့်ပြုလုပ်မည်ဟုဆို

မြို့တော်ကိယက်ဗ်သို့ ရောက်ရှိနေသော ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်

ဝါရှင်တန် ဧပြီ ၂၃

ရုရှားနိုင်ငံသည် ယူကရိန်းနိုင်ငံတွင် တင်းမာမှုများ ပိုမိုကြီးထွားမလာစေရေးအတွက် ဆောင်ရွက်မှုမရှိပါက အရေးယူပိတ်ဆို့မှုများကို ပိုမိုပြုလုပ်သွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားလိုက်သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗ်ရော့ဗ်ထံ ဖုန်းဖြင့်ဆက်သွယ်ပြောကြားရာတွင် ရုရှား၏ အပြုသဘောဆောင်သော ဆောင်ရွက်ချက်များ ထွက်ပေါ်မလာခြင်းနှင့် ပတ်သက်၍ လွန်စွာပူပန်သောကရောက်ရကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ထုတ်ဖော်ပြောကြားသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း ဂျီနီဗာသဘောတူညီချက် ပျက်ပြားခဲ့ရခြင်းနှင့် ပတ်သက်၍ ကိယက်ဗ်ခေါင်းဆောင်များအပေါ် ရုရှားက အပြစ်ဖို့လိုက်သည်။

ယူကရိန်းအရှေ့ပိုင်းရှိ ရုရှားလိုလားသော စစ်သွေးကြွများကို စစ်ဆင်ရေး ပြန်လည်ဆင်နွှဲရန်အတွက် ယူကရိန်း ယာယီသမ္မတက အမိန့်ပေးခဲ့သည်။

ဒေသခံနိုင်ငံရေးသမား ဗလာဒီမီယာရိုင်းဘက်နှင့် အခြားသူတစ်ဦးတို့မှာ လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်ခံရပြီးနောက် သေဆုံးသွားခဲ့ရသည်ကို ရှာဖွေတွေ့ရှိရကြောင်း၊ ဒေသတစ်ခုလုံးမှ ဓားစာခံများကို ဖမ်းဆီးပြုမူခဲ့သည့် အကြမ်းဖက်သမားတို့မှာ ယခုအခါ ဝေးရာသို့ ပြေးကြပြီဖြစ်ကြောင်းဖြင့် သမ္မတအိုလက်ဆန်ဒါတူရ်ချီနော့ဗ်က ပြောကြားသည်။

ယူကရိန်းအရှေ့ပိုင်းရှိ မြို့ကြီးမြို့ငယ် ကိုးမြို့ထက်မနည်းတွင် တည်ရှိသော အများပြည်သူဆိုင်ရာ အဆောက်အအုံများကို သိမ်းထားသည့် ခွဲထွက်ရေးသမားများကို ရုရှားအစိုးရက နောက်ကွယ်မှနေ၍ စစ်ရေးအရ ပုန်းလျှိုးကွယ်လျှိုးထောက်ပံ့မှုပေးနေကြောင်း အမေရိကန် ပြည်ထောင်စုနှင့် အနောက်နိုင်ငံများက စွပ်စွဲလျက်ရှိသော်လည်း ရုရှားကမူ ၎င်းပါဝင်ပတ်သက်မှုမရှိကြောင်း ငြင်းဆိုထားသည်။

(ဘီဘီစီ)

အမေရိကန်သမ္မတ အိုဘားမား အာရှလေးနိုင်ငံခရီးစတင်

ဝါရှင်တန် ဧပြီ ၂၃

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် ဒေသတွင်းမဟာမိတ်များနှင့်တွေ့ဆုံရန် ရည်ရွယ်လျက် အာရှဒေသသို့ ခရီးထွက်ခွာသွားသည်။

အမေရိကန်သမ္မတသည် ဂျပန်၊ တောင်ကိုရီးယား၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများသို့ သွားရောက်လည်ပတ်မည်ဖြစ်သည်။

အဆိုပါခရီးစဉ်သည် စီးပွားရေးကိစ္စ အနီးကပ်ပူးပေါင်း ဆောင်ရွက်ရန်ဖြစ်ကြောင်း အိမ်ဖြူတော်က ပြောသည်။ သို့သော်လည်း တရုတ်၏ အင်အားကြီးထွားလာမှုအပေါ် အခြေခံ၍ ဒေသတွင်းလုံခြုံရေးကိစ္စကိုလည်း ဆွေးနွေးဖွယ်ရှိသည်။

အာရှမဟာမိတ်များက ဒေသတွင်း လုပ်ကိုင်စွမ်းရည်ပေါ်မူတည်ပြီး အမေရိကန်နှင့် အပြည့်အဝ မစွမ်းဆောင်နိုင်မည်ကို စိုးရိမ်ပူပန်နေကြသည်။ ယင်းခရီးစဉ်သည် အာရှဒေသအပေါ် အမေရိကန်၏အရေးပါမှုကို ဆက်လက်ထိန်းသိမ်းထားရန် အခွင့်အလမ်းဖြစ်ကြောင်း၊ အမေရိကန်၏ ဦးဆောင်မှုကိုပြန်လည်ထူထောင်ရန်ဖြစ်ကြောင်း၊ အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီးဟောင်း ပီဂျေစရောင်းလေက ပြောသည်။

မစ္စတာအိုဘားမားသည် အမေရိကန်၏ မဟာမိတ်များနှင့် တရုတ်နိုင်ငံတို့တင်းမာနေချိန် သွားရောက်လည်ပတ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်ခေါင်းဆောင်သည် အာရှနိုင်ငံအသီးသီးနှင့် ဆက်ဆံရေး တိုးမြှင့်ရန်မျှော်လင့်ရပြီး အထူးသဖြင့် တောင်ကိုရီးယား၊ ဂျပန်တို့နှင့် ဆက်ဆံရေး တိုးမြှင့်သွားနိုင်မည်ဟု မျှော်လင့်ရသည်။ မစ္စတာအိုဘားမား၏ ၎င်းခရီးစဉ်သည် အာရှဒေသသို့ သွားရောက်ရန်ခရီးစဉ်ရွှေ့ဆိုင်းလိုက်ပြီး ခုနစ်လနီးပါးအကြာ ဧပြီ ၂၃ ရက်မှ ၂၉ ရက်အထိ သွားရောက်မည့် ခရီးစဉ်ဖြစ်သည်။

(ဘီဘီစီ)

အာဖဂန်နိုင်ငံအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များစစ်ဆင်ရေးများပြုလုပ်

ကဘူးလ် ဧပြီ ၂၃

အာဖဂန်အမျိုးသားတပ်မတော် (ANA)သည် အာဖဂန်နစ္စတန်နိုင်ငံ ပက်တီကာနှင့် ဖားယပ်ဘ်ပြည်နယ်များ၌ ပြီးခဲ့သည့် ၂၄ နာရီအတွင်းက စစ်ဆင်ရေးများပြုလုပ်ခဲ့ရာ အစိုးရကိုဆန့်ကျင်သော စစ်သွေးကြွ ၁၉ ဦး သေဆုံးပြီး ရှစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

၎င်းစစ်ဆင်ရေးများ၌ လက်နက်များနှင့်ဆိုင်ကယ် ၂၃ စီး သိမ်းဆည်းရမိခဲ့ကြောင်း ဖော်ပြခဲ့ပြီး စစ်ဘက်မှအသေအပျောက်စာရင်းများကို ပြောကြားခဲ့ခြင်းမရှိပေ။ ထို့ပြင် မြေမြှုပ်မိုင်းနှင့်ဗုံး ၄၂ လုံးကို ဖျက်သိမ်းနိုင်ခဲ့သည်ဟု ဆိုသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စစ်ဒဏ်ခံနေရသော အာဖဂန်နိုင်ငံအတွင်း၌ တိုက်ခိုက်ရေးရာသီဖြစ်သော နွေဦးပေါက်နှင့် နွေရာသီတွင် စစ်ဆင်ရေးများကို အရှိန်မြှင့်လုပ်ဆောင်ခဲ့သည်။

(ဆင်ဟွာ)

နိုင်ငံရှစ်နိုင်ငံပါဝင်သော ရေကြောင်းပူးပေါင်းစစ်ဆင်ရေး တရုတ်နိုင်ငံတွင် လေ့ကျင့်မှုပြုလုပ်

ပေကျင်း ဧပြီ ၂၃

တရုတ်နိုင်ငံအရှေ့ပိုင်း ကမ်းရိုးတန်းမြို့တော် ချင်းတောက်မြို့၌ ဗုဒ္ဓဟူးနေ့တွင် နိုင်ငံအများအပြားပါဝင်သော ရေကြောင်းလေ့ကျင့်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။ ၎င်းလေ့ကျင့်မှုသည် နိုင်ငံအများ ရေကြောင်းပူးပေါင်းလေ့ကျင့်မှုညွှန်ကြားရန် ပြည်သူ့လွတ်မြောက်မှုတပ်မတော်၏ ပထမဆုံးအကြိမ် လေ့ကျင့်မှုလည်းဖြစ်သည်။

တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ မလေးရှားနှင့် ဘရူနိုင်းတို့ပါဝင်သော ရှစ်နိုင်ငံတို့မှ သင်္ဘော ၁၉ စင်း၊ ရဟတ်ယာဉ် ခုနစ်စင်းနှင့် ရေကြောင်းတပ်ဖွဲ့ဝင်များသည် ၂၀၁၄ ခုနှစ် ရေကြောင်းပူးပေါင်းဆောင်ရွက်မှုအဖြစ် ၎င်းလေ့ကျင့်မှုတွင် ရေကြောင်းရှာဖွေရေးနှင့်ကယ်ဆယ်ရေး၊ ဆက်သွယ်ရေး၊ သတင်းရယူမှု၊ ရေကြောင်းဆိုင်ရာ လိုအပ်ချက်များပြန်လည်ဖြည့်တင်းမှု၊ ကယ်ဆယ်ရေးပူးပေါင်းဆောင်ရွက်မှု၊ ရေယာဉ်အုပ်စီးမှု၊ ပူးပေါင်းတိုက်ဖျက်မှုနှင့် ပစ်ခတ်မှုအသေးစားများကဲ့သို့ မှုခင်းများနှိမ်နင်းမှုစသည့် စစ်ဆင်ရေးများပါဝင်သည်။

အဆိုပါ ရေကြောင်းစစ်ရေးလေ့ကျင့်မှုမှတစ်ဆင့် နိုင်ငံအချင်းချင်း ရေကြောင်းတပ်ဖွဲ့ဝင်များအကြား အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ ရင်းနှီးမှုများ တိုးမြှင့်လာစေပြီး အရေးပေါ်အခြေအနေများတွင် ပိုမိုကောင်းမွန်သော ရေကြောင်းလုံခြုံရေးဆိုင်ရာ ပူးပေါင်းမှုတိုးမြှင့်လာစေရေး ရည်ရွယ်သည်။

(ဆင်ဟွာ)

ဖိလစ်ပိုင်တောင်ပိုင်း၌ သေနတ်သမားများ ချုံခိုတိုက်ခိုက် အကျဉ်းသားခုနစ်ဦးလွတ်မြောက်

မနီလာ ဧပြီ ၂၃

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ ဗုဒ္ဓဟူးနေ့နံနက်ပိုင်းက ရဲယာဉ်တန်းတစ်ခုကို သေနတ်သမား ၅၀ ခန့်က တိုက်ခိုက်မှုပြုလုပ်ကာ အကျဉ်းသားခုနစ်ဦးကို ကယ်တင်သွားခဲ့ကြောင်း ရဲဌာနက ပြောကြားသည်။

အကျဉ်းသားများကို တင်ဆောင်လာသော ရဲယာဉ်တန်းသည် လွန်ဘာရို ရွာလမ်းမပေါ်တွင် မောင်းနှင်နေစဉ် ချုံခိုတိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း၊ ၎င်းသေနတ်သမားများသည် MILF အုပ်စုအဖွဲ့ဝင်များဖြစ်နိုင်သည်ဟု ယုံကြည်ရကြောင်းနှင့် ၎င်းတို့၏အဖွဲ့ဝင်အကျဉ်းသားများကို ကယ်တင်ရန်ချုံခိုတိုက်ခိုက်ခြင်းဖြစ်သည်ဟု ရဲဌာန လေ့လာရေးအရာရှိ၏ ပြောကြားချက်ကို ဒေသအသံလွှင့်ဌာနက ထုတ်လွှင့်ခဲ့သည်။

သေနတ်သမားများသည် အကျဉ်းသားများကို စောင့်ကြပ်လိုက်ပါလာသော ရဲဝန်ထမ်းများ၏ စက်သေနတ်တစ်လက်၊ ရိုင်ဖယ်ခြောက်လက်နှင့် ပစ္စတိုငါးလက်ကို သိမ်းယူသွားခဲ့သည်ဟု ၎င်းကဆိုသည်။ ၎င်းအကျဉ်းသားများသည် မူးယစ်ဆေးဝါးနှင့်တရားမဝင်လက်နက်များ လက်ဝယ်ထားရှိမှုတို့ကြောင့် တရားစွဲဆိုမှုများကို ရင်ဆိုင်နေရသည်။**(ဆင်ဟွာ)**

ကချေသည်ကို ရဲကသတ်ဖြတ်ခဲ့မှုအပေါ် ရီယိုဒီဂျနေးရိုးမြို့ခံများ အမျက်ဒေါသထွက်

ရီယိုဒီဂျနေးရိုး ဧပြီ ၂၃

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ယောကျ်ားလေးကချေသည်တစ်ဦး ရဲတပ်ဖွဲ့၏ ရိုက်နှက်မှုကြောင့် သေဆုံးပြီးနောက် အကြမ်းဖက်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။

ဒေါသထွက်နေသော ဆန္ဒပြသူများက ခရီးသွားများလာရောက်ရာ ဒေသတစ်ခုဖြစ်သည့် ကိုဖာကာဘာနာဒေသသို့ ဖြတ်သန်းသွားရာ အဓိကလမ်းမကြီးများကို ပိတ်ဆို့ဆန္ဒပြကြသည်။

အဆိုပါမငြိမ်မသက်မှုသည် ကချေသည်တစ်ဦးကို ရဲအဖွဲ့က မူးယစ်ဆေးဝါးမှောင်ခိုသူနှင့် မှားယွင်းသတ်ခဲ့ပြီးနောက် စတင်ခဲ့ခြင်းဖြစ်သည်။ ယင်းမှာ ဘရာဇီးနိုင်ငံက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် နှစ်လမပြည့်မီမှာပင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အင်္ဂါနေ့က အကြမ်းဖက်မှုဖြစ်ပွားစဉ်အတွင်း အမျိုးသားတစ်ဦး သေနတ်ဖြင့်ပစ်သတ်ခံရပြီး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကားလျက် မီဒီယာများက သတင်းဖော်ပြသည်။ အသက်၁၂ နှစ်အရွယ် ယောကျ်ားလေးတစ်ဦးလည်း ဒဏ်ရာရသွားသည်ဟု ဆိုသည်။

(ဘီဘီစီ)

ရာသီကုန်ပန်းဝင်ခါနီးခြေကုန်ထုတ်ကြမယ့်ပရီမီယာလိဂ်ပွဲစဉ် (၃၆)

မိုးမြင့်လင်းလက်

ပရီမီယာလိဂ်ပွဲစဉ်(၃၆) ကို ဧပြီ ၂၆ ရက်နဲ့ ၂၇ ရက်တွေမှာ ယှဉ်ပြိုင်ကစားမှာမို့ ဒီနှစ်ဘောလုံးရာသီရဲ့ ပန်းဝင်ခါနီးရောက်ချိန်နီးကပ်လာလေ ယှဉ်ပြိုင်မှုပိုပြင်းထန်လာလေဖြစ်တဲ့အတွက် ပရိသတ်တွေအဖို့ ပွဲကောင်းတွေအဖြစ် မြင်တွေ့ကြရဦးမှာဖြစ်ပါတယ်။ ပရီမီယာလိဂ်ဖလားကို မျှော်မှန်းနေတဲ့ အသင်းတွေအတွက်ကတော့ အမှားအယွင်း အတိမ်းအစောင်းမခံတော့တဲ့ အနေအထားရောက်ရှိနေပြီ ဖြစ်ပါတယ်။

မန်ယူနှင့် နော့ချ်ဝှစ်

ပထမအကျော့မှာ မန်ယူတို့ အဝေးကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာမို့ အခုပွဲအိုးထရက်ဖို့ဒ်မှာ နိုင်ပွဲရအောင် ထပ်မံကြိုးစားပါလိမ့်မယ်။ မန်ယူဟာ နော့ချ်ဝှစ်တို့နဲ့ဆုံတိုင်း နိုင်ပွဲရအောင် အားထုတ်နိုင်ပေမယ့် လက်ရှိမန်ယူရဲ့ခြေစွမ်းက ခန့်မှန်းရခက်နေပါတယ်။ ရလဒ်တွေဆိုးရွားလို့ ဝေဖန်ပြစ်တင်မှုတွေခံနေရတဲ့မန်ယူဟာ အခုပွဲကိုတော့ အနိုင်ရအောင် ကြိုးစားပါလိမ့်မယ်။

ခရစ္စတယ်ပဲလေ့စ်နှင့် မန်စီးတီး

ပထမအကျော့ မန်စီးတီးကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့အနိုင်ရအောင် ခက်ခက်ခဲခဲ ကြိုးစားခဲ့ရတဲ့ မန်စီးတီးဟာ အခုအဝေးကွင်းမှာ ရုန်းကန်ရပါလိမ့်မယ်။ နိုင်ပွဲလိုအပ်နေတဲ့ မန်စီးတီးကို ခရစ္စတယ်ပဲလေ့စ်တို့ အနိုင်ယူဖို့ဆိုတာ ခက်ခဲပါလိမ့်မယ်။

လီဗာပူးနှင့် ချယ်လ်ဆီး

ချယ်လ်ဆီးကွင်းမှာ ပထမအကျော့ ဆုံခဲ့စဉ်က ချယ်လ်ဆီးက နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ပွဲရရှိခဲ့ပါတယ်။ ဒီပွဲဟာ လီဗာပူးအတွက် အရေးပါတဲ့ပွဲစဉ်ဖြစ်တာမို့ အိတ်သွန်ဖာမှောက်ကစားရမှာဖြစ်ပြီး အနိုင်ရလဒ်ရရှိဖို့ အရေးကြီးနေတဲ့အတွက် အဓိကကစားသမားတွေ အစုံအလင်နဲ့ ပွဲထွက်ရပါလိမ့်မယ်။ ဒီပွဲမှာ ဆွာရက်ဇ်၊ စကာတယ်၊ စတားလင်၊ ဂျရတ်တို့က လီဗာပူးအတွက် အကောင်းဆုံး စွမ်းဆောင်ကြရမှာသေချာပါတယ်။

အာဆင်နယ်နှင့် နယူးကာဆယ်

အာဆင်နယ်ဟာ နယူးကာဆယ်ကို ဂိုးပြတ်သွင်းယူနိုင်တဲ့ ခြေစွမ်းရှိတာမို့ အခုပွဲမှာ ဂိုးဘယ်လောက်သွင်းယူနိုင်မလဲ ကြည့်ရမှာဖြစ်ပါတယ်။ အာဆင်နယ်ဟာ ကစားရခက်တဲ့ နယူးကာဆယ်ရဲ့ အားနည်းချက်ကို ရှာဖွေတတ်တာမို့ ၄ဂျက်ကျားတွေဟာ အာဆင်နယ်ကွင်းမှာ တောင်ပံခတ်အောင်ပွဲခံဖို့ မလွယ်ပါဘူး။

စတုတ်နှင့် စပါး

ပထမအကျော့ စပါးကွင်းမှာ သုံးဂိုးပြတ်ရှုံးခဲ့တဲ့ စတုတ်ဟာ အခုပွဲအိမ်ကွင်းမှာ အကောင်းဆုံးပြင်ဆင်ပြီး ရင်ဆိုင်ရပါလိမ့်မယ်။ စပါးရဲ့ ဂိုးသွင်း သူရဲကောင်းတွေဖြစ်တဲ့ ဒမ်ဘီလီ၊ လင်နွန်၊ ဆိုဒါဒိုတို့ရဲ့ ခြေစွမ်းပြနိုင်ရင်တော့ စတုတ်အတွက် ပွဲကျပ်ဖြစ်နိုင်ပါတယ်။

ဆောက်သမ်တန်နှင့် အဲဗာတန်

ဆောက်သမ်တန်ကွင်းမှာ အဲဗာတန်တို့ခြေကုန်ထုတ်ရမယ့်ကိန်းပါပဲ။ ဆောက်သမ်တန်ဟာ အဲဗာတန်ကို ကောင်းကောင်း ဒုက္ခပေးတတ်တာမို့ အခုပွဲမှာ အဲဗာတန်တို့ ပေါ့ဆလို့မရပါဘူး။ အဲဗာတန်ဟာ ရပ်တည်မှုကောင်းမွန်ဖို့အတွက် ဒီပွဲကို အနိုင်ရအောင်ကစားပြီး ရလဒ်ကောင်းအောင်အားထုတ်ရပါလိမ့်မယ်။

ဆွမ်ဆီးနှင့် ဗီလာ

ပထမအကျော့ တစ်ဂိုးစီသရေပွဲဖြစ်ထားလို့ အခုပွဲဟာ ကြည့်ကောင်းမယ့်ပွဲပါပဲ။ ဆွမ်ဆီးရဲ့ ဒန်နီဂရေဟမ်၊ လာမက်ချန်တို့က အားထားရသလို ဗီလာမှာလည်း ဝီမန်းအားကိုးရသူ ဖြစ်ပါတယ်။ ဆွမ်ဆီးဟာ မထင်မှတ်တဲ့ ခြေစွမ်းတတ်တာမို့ ဒီပွဲဟာ ရင်ခုန်စရာကောင်းနေပါတယ်။ ။

ယူရိုပါလိဂ်ပွဲစဉ် နှင့် ပရီမီယာလိဂ် ရပ်တည်မှု

သီဟ

ယူရိုပါလိဂ် ဆီမီးဖိုင်နယ် (ပကျော့) — **ဧပြီ ၂၅**

ဆီဗီလာ	-	ဗလင်စီယာ	နံနက် ၁း၃၅
ဘင်ဖီကာ	-	ဂျူဗင်တပ်စ်	နံနက် ၁း၃၅

ဧပြီ ၂၃ ဂိုးရလဒ်များ

ရီးဒင်း	၂-၀	မစ်ဒယ်ဘရော့
ဘော်လ်တန်	၀-၁	လက်စတာ

အင်္ဂလန် ပရီမီယာလိဂ် ရပ်တည်မှုဇယား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	လီဗာပူး	၃၅	၂၅	၅	၅	၈၀
၂	ချယ်လ်ဆီး	၃၅	၂၃	၆	၆	၇၅
၃	မန်စီးတီး	၃၄	၂၃	၅	၆	၇၄
၄	အာဆင်နယ်	၃၅	၂၁	၇	၇	၇၀
၅	အဲဗာတန်	၃၅	၂၀	၉	၆	၆၉
၆	စပါး	၃၅	၁၉	၆	၁၀	၆၃
၇	မန်ယူ	၃၄	၁၇	၆	၁၁	၅၇
၈	ဆောက်သမ်တန်	၃၅	၁၃	၁၀	၁၂	၄၉
၉	နယူးကာဆယ်	၃၅	၁၄	၄	၁၇	၄၆
၁၀	စတုတ်စီးတီး	၃၅	၁၁	၁၁	၁၃	၄၄
၁၁	ပဲလေ့စ်	၃၅	၁၃	၄	၁၈	၄၃
၁၂	ဝက်စ်ဟမ်း	၃၅	၁၀	၇	၁၈	၃၇
၁၃	ဆွမ်ဆီး	၃၅	၉	၉	၁၇	၃၆
၁၄	ဟားလ်စီးတီး	၃၄	၁၀	၆	၁၈	၃၆
၁၅	အက်စ်တွန်ဗီလာ	၃၄	၉	၈	၁၇	၃၅
၁၆	ဝက်စ်ဘရွန်း	၃၄	၆	၁၅	၁၃	၃၃
၁၇	နော့ဝှစ်ချ်	၃၅	၈	၈	၁၉	၃၂
၁၈	ကာဒစ်ဖ်	၃၅	၇	၉	၁၉	၃၀
၁၉	ဖူလ်ဟမ်	၃၅	၉	၃	၂၃	၃၀
၂၀	ဆန်းဒါးလန်း	၃၄	၇	၈	၁၉	၂၉

အင်္ဂလန်ပရီမီယာလိဂ် ဂိုးအများဆုံး ငါးဦး

၁။ ဆွာရက်ဇ်	(လီဗာပူး)	၃၀ဂိုး
၂။ စတာရစ်	(လီဗာပူး)	၂၀ဂိုး
၃။ ယာယာတိုရေး	(မန်စီးတီး)	၁၈ဂိုး
၄။ အဂူရို	(မန်စီးတီး)	၁၆ဂိုး
၅။ ရွန်းနီ	(မန်ယူ)	၁၅ဂိုး

ဥရောပ ထိပ်သီးလိဂ် ဂိုးအများဆုံး ငါးဦး

၁။ ဆွာရက်ဇ်	(လီဗာပူး)	၃၀ဂိုး
၂။ စီရော်နယ်ဒို	(ရီးရဲမက်ဒရစ်)	၂၈ဂိုး
၃။ အီဗရာဟီမိုဗစ်	(ပီအက်စ်ဂျီ)	၂၅ဂိုး
၄။ အိုင်မ်မိုဘိုင်း	(တိုရီနို)	၂၀ဂိုး
၅။ မန်ဇူကစ်	(ဘိုင်ယန်မြူးနစ်)	၁၈ဂိုး

ချယ်လ်ဆီးက ခံစစ်နှင့် အက်သလက်တီကိုအား သရေကစား

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ အဖြစ် အက်သလက်တီကိုနှင့် ချယ်လ်ဆီးတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဂိုးမရှိသရေပွဲဖြစ်သွားခဲ့သည်။ ချယ်လ်ဆီးက လာမည့် သီတင်းပတ် ဒုတိယအကျော့တွင် စတမ်းဖို့ဒ်ဘရစ်၌ အသာစီးဖြင့် ကစားနိုင်ရေး ခံစစ်ကစားသွားခဲ့သည်။ ယင်းပွဲတွင် ချယ်လ်ဆီး ဂိုးသမား ပီတာဆက်ပခုံးဒဏ်ရာရရှိသွားသဖြင့် ရာသီကုန်အထိ အနားယူရမည်ဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် ရာမီလက် ဂိုးသွင်းခွင့် ရသော်လည်း ဂိုးမရဘဲ ဖြစ်ခဲ့ရသည်။ ချယ်လ်ဆီးနောက်ခံလူ ဂွန်တယ်ရီသည်လည်း ခြေထောက်ဒဏ်ရာရခဲ့သဖြင့် ပြည်တွင်းပြိုင်ပွဲများနှင့် ချန်ပီယံလိဂ် ဒုတိယအကျော့နှင့် လွဲချော်နိုင်သည်။ သို့သော်လည်း ချယ်လ်ဆီးက ဒုတိယအကျော့ အိမ်ကွင်းတွင် အက်သလက်တီကိုအသင်းကို အနိုင်ကစားမည့် အနေအထားရှိသည်။

လက်စတာ ပရီမီယာလိဂ် သို့ရောက်ပြီ

လက်စတာစီးတီးအသင်းက ဘော်လ်တန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး ချန်ပီယံရှစ်ဖလားဆွတ်ခူးသွားခဲ့သည်။ လက်စတာစီးတီး၏ တစ်လုံးတည်းသော အနိုင်ဂိုးကို ဒိုင်ယာက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ပရီမီယာရှစ်တွင် အချိန်ကြာမြင့်စွာဦးဆောင်ခဲ့သော လက်စတာစီးတီးအသင်းသည် ၄င်းဖလားဆွတ်ခူးနိုင်ခဲ့မှုနှင့်အတူ လာမည့်လတွင် ပရီမီယာလိဂ်သို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိသွားပြီဖြစ်သည်။

လက်စတာစီးတီးအသင်း ယင်းပွဲအနိုင်ရလိုက်မှုသည် ယခုနှစ်အတွင်း ၁၃ ပွဲမြောက်အဝေးကွင်းအနိုင်ရရှိမှုလည်းဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

မန်ယူနည်းပြသစ်စတင်ရှာဖွေရိုင်ယန်ဂစ်အားယာယီတာဝန်ပေး

မန်ယူက နည်းပြဒေးဗစ်မိုယက်စ်ကို ထုတ်ပယ်လိုက်ပြီးနောက် ရိုင်ယန်ဂစ်ကို ယာယီနည်းပြခန့်အပ်ထားသည်။

မန်ယူက နည်းပြသစ်ရာထူးအတွက် စတင်ရှာဖွေနေပြီ ဖြစ်သည်။ ရိုင်ယန်ဂစ်က အမြဲတမ်းနည်းပြဖြစ်လာရန် စဉ်းစားထားခြင်းမရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အသက် ၄၀ ရှိ ရိုင်ယန်ဂစ်က ၁၀ လကြာတာဝန်ထမ်းဆောင်ပြီး ရာထူးမှ ထုတ်ပယ်ခံရသည့် ဒေးဗစ်မိုယက်စ်နေရာတွင် ယာယီနည်းပြအဖြစ် တာဝန်ယူမည်ဖြစ်သည်။

တေဇဂေါက်သီးရိုက်ပြိုင်ပွဲ

တေဇကျောင်းဆင်းညီအစ်ကိုများ၏ (၂၆)ကြိမ်မြောက်ဂေါက်သီးရိုက်ပြိုင်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တေဇကျောင်းဆင်းအရာရှိများ ပါဝင်ဆင်နွှဲနိုင်ရန်နှင့် ပြိုင်ပွဲမကစားသူများပါ တက်ရောက်ချီးမြှင့်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၇-၄-၂၀၁၄ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၆ နာရီ
နေရာ - တပ်မတော်ဂေါက်ကွင်း၊ မင်္ဂလာဒုံ

ပြိုင်ပွဲကျင်းပရေးကော်မတီ

ဖြိုး
ရာထူးဝင်ခွင့်သင်တန်း
နေ့စား၊ လပေး(ဆရာ/ဆရာမ)
လေယာဉ်မောင်/လေယာဉ်မယ်
DTEC
Assignment ဝယ်ယူနိုင်သည်။
၃၀၊ ၃လွှာ၊ ရတနာလမ်း၊ မြေနီကုန်း၊ ရန်ကုန်။ ဖုန်း-၀၉၅၁ ၃၇၂၄၉

ဝန်ထမ်းအလိုရှိသည်။
(၁) Air-Conကျွမ်းကျင် လစာ ၁၅၀ ၀၀၀ ကျပ် နှင့် %
(၂) Air-Conကျွမ်းကျင် အကူ လစာ ၁၀၀ ၀၀၀ ကျပ်
(၃) Air-Conအလုပ်သင်အကူ လစာ ၆၀ ၀၀၀ ကျပ်
09 5158803, 095198402

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်း

စီးပွားဖြစ်သစ်ခွစိုက်ပျိုးနည်းသင်တန်း (၁/၂၀၁၄)ဖွင့်မည်

နေ့ရက် - ၅-၅-၂၀၁၄ ရက်မှ ၁၆-၅-၂၀၁၄ ရက်အထိ
နေရာ - ပြည်သူ့ဥယျာဉ်အတွင်းရှိ အသင်းခန်းမ
အချိန် - နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ
သင်တန်းကြေး - ၄၀၀၀၀/- (သင်တန်းအထောက်အကူပစ္စည်းဖိုးမပါ)
၄-၅-၂၀၁၄ ရက် နောက်ဆုံးထားစာရင်းပေးသွင်းရန်။

ဖုန်း-၀၁-၃၇၉၃၆၁၊ ၀၉-၂၅၄၁၀၉၅၃၅

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁)၊ လားရှိုးမြို့လက်အောက်ရှိ နမ္မတူ၊ မန်တုံ၊ နမ့်ဆန်၊ ကျောက်မဲ၊ သီပေါ၊ နောင်ချိုမြို့နယ်များမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/ပြည်နယ် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လမ်းခင်းကျောက်မျိုးစုံနှင့် လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် — **အမှတ်(၁) ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်**

၁။ လမ်းခင်းကျောက်မျိုးစုံ -
၂။ ဘိလပ်မြေ -
၃။ သံချောင်း(ရှယ်စုံ) -
၄။ သစ်(အခြား) -
၅။ ၂'Ø ကွန်ကရစ်ပိုက် -
၆။ တင်ဒါပိတ်မည့်ရက်/အချိန် - ၁၁-၅-၂၀၁၄ရက်၊ ၁၆း၃၀ နာရီ
၇။ တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၂-၅-၂၀၁၄ရက်၊ ၀၉း၀၀ နာရီ
၈။ တင်ဒါ/တင်သွင်းစိစစ်ရွေးချယ်မည့်နေရာ - လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁)ရုံး၊ လားရှိုးမြို့၊ ဖုန်း-၀၈၂-၂၂၆၁၉
၉။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ဆေးပညာသတင်းဆန်းများ(၆၂)

ဒေါက်တာ-ကံညွန့်

ယခုဖော်ပြလိုတဲ့ သတင်းကတော့ တရုတ်နိုင်ငံက အငှားကိုယ်ဝန်ဆောင်မှုသတင်းပါ။ တရုတ်နိုင်ငံမှာ ဆယ်စုနှစ်အတော်ကြာ မိသားစုတစ်စု ကလေးတစ်ယောက်သာ ယူခွင့်ပြုထားရာက ၂၀၁၃ နှစ်ကုန်ပိုင်းမှာတော့ ကလေးနှစ်ယောက်ယူခွင့်ပြုခဲ့ပါတယ်။ ဒီလိုခွင့်ပြုလိုက်တာနဲ့အတူ အငှားကိုယ်ဝန်ဆောင်မှုလုပ်ငန်းကလည်း တွင်ကျယ်လာခဲ့ပါတယ်။ ချမ်းသာတဲ့ မိသားစုတွေက တချို့ဆင်းရဲပြီး ကလေးတစ်ယောက်ထက် ပိုမလိုချင်တဲ့ မိခင်တွေကိုငှားပြီး ကလေးမွေးခိုင်းလာခဲ့ပါတယ်။ ဒါကို တရုတ်အာဏာပိုင်တွေကလည်း တရားဝင်ခွင့်ပြုခဲ့ပါတယ်။ ချမ်းသာကြွယ်ဝတဲ့မိသားစုတွေကတော့ ဒီအငှားကိုယ်ဝန်ဆောင်မှုလုပ်ငန်းကို နဂိုကပဲလုပ်လက်စရှိခဲ့တဲ့ အမေရိကန်လိုနိုင်ငံတွေထိ သွားလုပ်နေကြပါတယ်။ ဒီလုပ်ငန်းတွေကို လုပ်နေတဲ့ အေဂျင်စီတွေနဲ့ဆက်သွယ်ပြီး လုပ်ကြရတာပါ။ ဒီအငှားကိုယ်ဝန်ဆောင်မှုလုပ်ငန်းကလည်း အထွေအထူးမဟုတ်ဘဲ မိခင်ဖခင်တွေရဲ့မျိုးကို IVF နည်းနဲ့အပြင်မှာစပ်ယူပြီး ဖြစ်လာမယ့်သန္ဓေသားကို အငှားကိုယ်ဝန်ဆောင်ပေးမယ့် အမျိုးသမီးရဲ့သားအိမ်ထဲကိုထည့်ပေးပြီး ကိုယ်ဝန်ဆောင်စေခဲ့တာဖြစ်ပါတယ်။ ဒီလိုလုပ်ပြီး မွေးလာတဲ့သန္ဓေသားကို မွေးလာပြီး ချက်ချင်းကိုယ့်မျက်စိအောက်မှာ ကောက်ယူလိုက်တာပါပဲ။ ဒီလိုနည်းနဲ့ ကိုယ်ဝန်ဆောင်ပြီး မွေးဖွားလိုက်တဲ့ အမေနဲ့လည်း လုံးဝအဆက်ဖြတ်လိုက်တဲ့ သဘောပါ။

ချမ်းသာကြွယ်ဝတဲ့ တရုတ်မိသားစုအချို့ကတော့ ဒီအလုပ်ကို အမေရိကန်နိုင်ငံမှာ လာလုပ်နေကြပါပြီ။ အများအားဖြင့် ကယ်လီဖိုးနီးယားပြည်နယ်ကို လာကြတာပါ။ ဒီလိုအမေရိကန်နိုင်ငံကို လာလုပ်ရတာကတော့

(၁) တရုတ်မှာ ဆေးပညာက တိုးတက်မှုအများကြီးမရှိသေးတဲ့အတွက် မွေးလာတဲ့ကလေးအတွက် စိတ်ချရအောင်ရယ်

(၂) ကိုယ်လိုချင်တဲ့ကလေးပုံစံကို ခေတ်မီသိပ္ပံနည်းကျမွေးနိုင်အောင် စီစဉ်ပေးနိုင်တာရယ်

(၃) အမေရိကန်မှာမွေးတဲ့ ကလေးတစ်ယောက်ဟာ အမေရိကန်နိုင်ငံသားအဖြစ် ရနိုင်ခွင့်ရှိပြီး အသက် ၂၁ နှစ်ပြည့်ရင် ကလေးရဲ့မိခင် ဖခင်တွေက Green Card ရပိုင်ခွင့်ရှိတာရယ်ကြောင့် ဖြစ်ပါတယ်။

ဒီလိုမွေးလိုက်တဲ့ကလေးကို သူတို့အခေါ် Designer Baby လို့ခေါ်ပါတယ်။ ဒီလိုကလေးတစ်ယောက်မွေးနိုင်ဖို့ ကုန်ကျငွေကတော့ အမေရိကန်ဒေါ်လာတစ်သိန်းနှစ်သောင်းကျော်ရှိတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

Stem Cell အသုံးပြုကုသမှုအောင်မြင်

နောက်ဖော်ပြလိုတဲ့ သတင်းကတော့ Stem Cell နဲ့ပတ်သက်တဲ့သတင်းပါ။ ကလေးပဋိသန္ဓေတည်နေစဉ်မှာ ကလေးကို အာဟာရပေးနေတဲ့ ကလေးအချင်း (Placental Tissue) ကရတဲ့ Stem Cell ကို Pluristem Stem Cell လို့ခေါ်ပါတယ်။ ဒီ Stem Cell ဟာ ကြွက်သားထိခိုက်ဒဏ်ရာရမှု၊ အရိုးခွဲစိတ်ကုသမှု၊ တင်ပါးဆုံရိုးအစားထိုးခွဲစိတ်ကုသမှု (Total Hip Replacement) တို့မှာ အထူးအသုံးဝင်လာလိမ့်မယ်လို့ အစ္စရေးနှင့်ဂျာမနီနိုင်ငံက ဆေးပညာရှင်တွေက ဖော်ပြလိုက်ကြပါတယ်။ သူတို့ရဲ့စမ်းသပ်ကုသမှုတွေမှာ အထူးအောင်မြင်တာကို တွေ့ခဲ့ရတာကြောင့် ဒီကုသမှုကို ပြောင်းလဲကုသဖို့ ဂျာမနီနိုင်ငံက ကျန်းမာရေးဆိုင်ရာအာဏာပိုင်တွေရဲ့ တိုက်တွန်းချက်ကို တင်ပြလိုက်ရပါတယ်။

ဆယ်ကျော်သက်များ အိပ်ရေးဝဝအိပ်ဖို့လို

ယခုဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဆယ်ကျော်သက်အရွယ်တွေမှာ ပိုပြီးအိပ်ရေးဝဝအိပ်ဖို့လိုတယ်ဆိုတဲ့အကြောင်း လေ့လာထားချက်တစ်ခုကို တင်ပြလိုပါတယ်။ ဒီလေ့လာချက်ကိုတော့ အီတလီနိုင်ငံ Bologan University က စိတ်ရောဂါဆိုင်ရာဆေးပညာရှင်တွေက ဥရောပနိုင်ငံ ၁၁ နိုင်ငံက ဆယ်ကျော်သက်ရွယ် လူငယ်ပေါင်း ၁၂၀၀၀ ကျော်ကို လေ့လာတင်ပြခဲ့ကြတာဖြစ်ပါတယ်။ သူတို့လေ့လာချက်အရ ဆယ်ကျော်သက်အရွယ်တွေဟာ တစ်နေ့ကို အနည်းဆုံးရှစ်နာရီအိပ်စက်ရန်လိုအပ်ပြီး ဒီထက်နာရီဝက်ခန့်လျှော့ပြီး အိပ်လိုက်တာနဲ့ရက်ရှည်လများဆိုရင် စိတ်ရောဂါဆိုင်ရာ ပြဿနာတွေ ပေါ်လာနိုင်တယ်လို့ ဆိုပါတယ်။ ဒီပြဿနာတွေထဲမှာ စိတ်မငြိမ်မှု၊ စိုးရိမ်ကြောင့်ကြမှု၊ မေးခွန်းတွေကို မမှန်မကန်ဖြေဆိုမှုတွေနဲ့အတူ ကိုယ့်ကိုယ်ကိုယ်သေကြောင်း ကြံစည်မှုထိပေါ်လာနိုင်တယ်လို့ ဆိုပါတယ်။ လေ့လာချက်အရ ဆယ်ကျော်သက်တွေဟာ နောက်ကျမှအိပ်လေ့ရှိကြပြီး နောက်ကျမှနိုးလေ့ရှိကြတယ်လို့ ဆိုပါတယ်။ အရင်တုန်းကလေ့လာထားချက်တစ်ခုမှာလည်း အိပ်ရေးမဝတဲ့ ဆယ်ကျော်သက်တွေဟာ သွေးတိုးရောဂါစောစီးစွာခံစားရတယ်ဆိုတာတွေ့ရကြောင်း တင်ပြလိုက်ရပါတယ်။

အမေရိကန်လူငယ်နဲ့ ဆေးလိပ်အန္တရာယ်

ယခုဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အမေရိကန်နိုင်ငံမှာ ဆေးလိပ်သောက်သုံးမှုကို ပြတ်ပြတ်သားသားမတားဆီးနိုင်ဘူးဆိုလျှင် အရွယ်မရောက်မီ လူငယ် ၅ ဒသမ ၆ သန်းဟာ ဆေးလိပ်ကြောင့် သေဆုံးရနိုင်ဖွယ်ရှိတယ်လို့ သတိပေးလိုက်ပါတယ်။ ဒီသတိပေးချက်ကိုတော့ အမေရိကန်နိုင်ငံကျန်းမာရေးဌာနရဲ့ Surgeons General(ခွဲစိတ်မှုဆိုင်ရာအကြီးအကဲ) က ထုတ်ပြန်လိုက်တာပါ။ ကုန်ခဲ့တဲ့ နှစ် ၅၀ က ဆေးလိပ်အန္တရာယ်ကို ထောက်ပြပြီး ဆေးလိပ်ပြတ်အောင် လူတွေကို ပညာပေးခဲ့တာဟာ ထိရောက်မှုရှိခဲ့တယ်လို့ ဆိုပါတယ်။ ၁၉၆၅ ခုနှစ်က အမေရိကန်နိုင်ငံမှာ အရွယ်ရောက်သူအားလုံးရဲ့ ၄၃ ရာခိုင်နှုန်းဟာ ဆေးလိပ်သောက်ခဲ့ကြပေမယ့် ယခု ၂၀၁၃ ခုနှစ်မှာတော့ ၁၈ ရာခိုင်နှုန်းခန့်သာ ဆေးလိပ်သောက်တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် တစ်နေ့တစ်နေ့မှာ အရွယ်ရောက်သူလူငယ် ၃၂၀၀ ခန့်ဟာ ဆေးလိပ်ရဲ့အရသာကို စမ်းသပ်သောက်နေကြဆဲပဲလို့ သူ့ရဲ့အစီရင်ခံစာမှာဖော်ပြထားပါတယ်။ US Health and Human Services Secretary Kathleen Sebelius ကလည်း အိမ်ဖြူတော်မှာ ကျန်းမာရေးအတွက် အစီရင်ခံတင်ပြရာမှာ လူငယ်တွေဆေးလိပ်စွဲတာကို တားမြစ်တဲ့လုပ်ဆောင်မှုတွေတိုးမြှင့်လုပ်ဆောင်ဖို့ တိုက်တွန်းထားတာကို တင်ပြလိုက်ရပါတယ်။

မိဘဆေးလိပ်သောက်လျှင် သားသမီးထိခိုက်နိုင်

နောက်ဖော်ပြမယ့် သတင်းတစ်ပုဒ်ကလည်း ဆေးလိပ်နဲ့ပဲ ပတ်သက်ပါတယ်။ အဖေတွေ အမေတွေဆေးလိပ်သောက်ခြင်းဟာ ကလေးတွေမှာ ရင်ကျပ်ပန်းနာနှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ဖို့ အဓိကအကြောင်းတစ်ခုလို့ထောက်ပြထားပါတယ်။ ဒီလေ့လာချက်ကို Ohio ပြည်နယ် Cincinnati က ကလေးဆေးရုံ ဆရာဝန်ကြီးများက ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း ဒီရောဂါမျိုးနဲ့ ဆေးကုသမှုခံယူဖို့ဆေးရုံတင်ရတဲ့ ကလေး ၆၁၉ ယောက်ကို လေ့လာခဲ့ကြတာဖြစ်ပါတယ်။ ဒီလိုဆေးရုံတင်ရတဲ့ ကလေးတွေရဲ့ ၈၀ ရာခိုင်နှုန်းဟာ အမေ၊ အဖေဆေးလိပ်သောက်ကြသူတွေဖြစ်ပြီး အထောက်အထားအရ ကလေးတွေရဲ့တံတွေး Saliva မှာ ပါဝင်နေတဲ့ Nicotine ဓာတ်က သက်သေခံနေတယ်လို့ ဆိုပါတယ်။ ဒီကလေးတွေဟာ ဆေးရုံကို အနည်းဆုံးနှစ်ခါ၊ သုံးခါတက်ကြရသူတွေဖြစ်ပြီး အမေ၊ အဖေတွေကို ဆေးလိပ်ဖြတ်ခိုင်းခြင်း၊ နေအိမ်မှာရှိစဉ် လုံးဝဆေးလိပ်မသောက်ကြဖို့ကို အကြံပြုပြောကြားပြီး ကုသမှုပေးခဲ့ကြရတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

၂၀၃၀ တွင် လူ ၅၅၂ သန်း ဆီးချိုခံစားရမည်

International Diabetes Federation (IDF)ခေါ်တဲ့ နိုင်ငံတကာဆီးချိုပညာရှင်များအဖွဲ့မှ ဆေးသုတေသီက နိုင်ငံပေါင်း ၁၁၀ က စာရင်းဇယားတွေကို လေ့လာပြီး ထုတ်ပြန်ထားရာမှာ ၂၀၁၁ ခုနှစ် စာရင်းဇယားအရ ကမ္ဘာပေါ်မှာ ဆီးချိုဝေဒနာရှင် ၃၆၆ သန်းခန့်ရှိတယ်လို့ ဆိုပါတယ်။ သူတို့ရဲ့ ခန့်မှန်းချက်အရ ၂၀၃၀ ခုနှစ်မှာ လူပေါင်း ၅၅၂ သန်းဆီးချိုဝေဒနာခံစားကြရလိမ့်မယ်လို့ ဆိုပါတယ်။ အများအားဖြင့် ဆီးချိုရောဂါဟာ ဝင်ငွေအလယ်အလတ်နှင့် အနိမ့်ဆုံးနိုင်ငံတွေမှာ အဖြစ်များလာတယ်လို့ ဆိုပါတယ်။ သူတို့ စာရင်းအရ အရှေ့အလယ်ပိုင်းဒေသ၊ မြောက်အာဖရိကဒေသတွေက ထိပ်ဆုံးကဖြစ်နေပြီး ၎င်းတို့နောက်မှာ မြောက်အမေရိက၊ ကရေဗီယံဒေသနှင့် အနောက်ပစိဖိတ်ဒေသက လိုက်နေတယ်လို့ဆိုပါတယ်။

ED ရောဂါနဲ့ တရုတ်တိုင်းရင်းဆေး

ဆီးချိုရောဂါနဲ့ ဆက်စပ်နေတဲ့ ED လို့ခေါ်တဲ့ (Erectil Dysfunction) ပန်းသေပန်းညှိုးရောဂါဟာ OSAS လို့အတိုကောက်ခေါ်တဲ့ Obstructive Sleep Apnoea Syndrome အိပ်တဲ့အခါ အသက်ရှူလမ်းကြောင်း ပိတ်ပြီး ဟောက်တတ်တဲ့ရောဂါရှိသူတွေနဲ့ Abdominal Obesity ခေါ်တဲ့ ဗိုက်ပူတဲ့လူတွေမှာ ပိုဖြစ်တာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒီရောဂါဟာ ယင်းအခြေအနေနှစ်ခုအပြင် TDS လို့ခေါ်တဲ့ Testosteron Deficiency Syndrome , Metabolic Syndrome တို့နှင့်လည်း ဆက်စပ်နေတယ်လို့ဆိုပါတယ်။ ယခုအခါ ဒီ ED ရောဂါကို ကုစားနိုင်ဖို့ တရုတ်တိုင်းရင်းဆေးတစ်ခုပေါ်နေပြီလို့ ဆိုပါတယ်။ ဒီတိုင်းရင်းဆေးကို Yidiyin လို့ခေါ်ပြီး ဒီဆေးကို ဆီးချိုထိန်းဆေးတွေနဲ့ တွဲဖက်သောက်သုံးပါက ED ရောဂါအဆင့်(၅) ရောက်နေသူကိုပင် ကုစားနိုင်ပြီဖြစ်တယ်ဆိုတာ သတင်းကောင်းအဖြစ် တင်ပြလိုက်ရပါတယ်။

အအေးဓာတ်နဲ့ အဝလွန်မှု

ကိုယ့်အိမ်မှာဖြစ်စေ၊ ရုံးမှာဖြစ်စေ အအေးဓာတ်ရှိတဲ့နေရာမှာနေခြင်းဟာ အဝလွန်မှုကို လျှော့ချနိုင်တယ်ဆိုတဲ့ လေ့လာချက်တစ်ခုကိုလည်း တင်ပြပါရစေ။ ဒါကတော့ Netherland နိုင်ငံက ဆေးသုတေသီတစ်စုရဲ့လေ့လာထားချက်ကို အမေရိကန်နိုင်ငံထုတ် Trends in Endocrinology and Metabolism ဂျာနယ်မှာ ဖော်ပြထားတာပါ။ သူတို့က အပူအအေးဟာ ကိုယ်ခန္ဓာပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်စေတယ်ဆိုတာကို ၁၀ နှစ်ကြာလေ့လာခဲ့ကြတာလို့ ဆိုပါတယ်။ သူတို့ရဲ့ ယခုတွေ့ရှိချက်ဟာ ဂျပန်က ယခင်က လေ့လာထားချက်တစ်ခုနဲ့လည်း ကိုက်ညီတယ်လို့ဆိုပါတယ်။ ယင်းလေ့လာချက်မှာ လူတစ်ယောက်တစ်နေ့မှာ ၂ နာရီ 17˚C ရှိတဲ့ အခန်းမှာ သီတင်းခြောက်ပတ်ကြာနေထိုင်ခြင်းဖြင့် သူ့ကိုယ်ခန္ဓာရဲ့ အဆီဓာတ်ကို သိသိသာသာ လျှော့ချနိုင်တယ်လို့ဆိုပါတယ်။ အခု လေ့လာချက်မှာလည်း တစ်နေ့မှာ ခြောက်နာရီ 15˚C ရှိတဲ့အခန်းမှာ ၁၀ ရက်ကြာ နေထိုင်ခြင်းဟာ အဆီဓာတ်ကို သိသိသာသာ လျော့စေတာကို တွေ့ရတယ်လို့ဆိုပါတယ်။ ဒါဟာ အအေးဓာတ်ကြောင့် ကိုယ်ခန္ဓာက အပူထုတ်လုပ်ဖို့ Calorie တွေကို Burn လုပ်ရတာကြောင့် ဖြစ်တယ်လို့ ဆိုပါတယ်။ အဝလွန်သူတွေ အဆီချလိုသူတွေအတွက် အကုန်အကျမများဘဲ ဘေးဥပဒ်မဖြစ်တဲ့ စမ်းသပ်ကြည့်နိုင်တဲ့ နည်းတစ်ခုအဖြစ်တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။

"လူတစ်ယောက် တစ်နေ့မှာ ၂ နာရီ 17˚C ရှိတဲ့အခန်းမှာ သီတင်းခြောက်ပတ် ကြာနေထိုင်ခြင်းဖြင့် သူ့ကိုယ်ခန္ဓာရဲ့ အဆီဓာတ်ကို သိသိသာသာ လျှော့ချနိုင်တယ်"

မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် အားကစားရုံပန္နက်တင်

နေပြည်တော် ဧပြီ ၂၃

မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုလုပ်ငန်းအဖြစ် မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် အပြည်ပြည်ဆိုင်ရာ စားပွဲတင်တင်းနစ်ဒိုင်လူကြီး သင်တန်းအမှတ်စဉ် (၁/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၂ ရက် နံနက်ပိုင်းက နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း သင်တန်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြ Ms.RACHEL DL RAMOS (International Refree, International Blue-Badge Umpire, International Course Conductor) နှင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသား သင်တန်းသူ ၂၄ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏလူငယ်အားကစားလေ့ကျင့်ရေးစခန်းဝင်းအတွင်း၌ ပြုလုပ်သည့် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် အားကစားရုံတည်ဆောက်ရေးပန္နက်တင်မင်္ဂလာ အခမ်းအနားကို တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီးMr.Lee Beak Soon နှင့်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြဟန်တို့က ကျေးဇူးတင်စကားများ ပြောကြားခဲ့ပြီး Booyaung Co.,Ltd. မှ အကြံပေးအရာရှိ Mr. Chang Myung Kwan က ဆောက်လုပ်လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တိုက်ကွမ်ဒိုအားကစားရုံတည်ဆောက်ရေးအတွက် မတည်အလှူရှင် Booyaung Company Limited မှ ဥက္ကဋ္ဌကိုယ်စားအကြံပေးအရာရှိ Mr. Chang Myung Kwan ကအလှူငွေ အမေရိကန်ဒေါ်လာလေးသိန်းကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုးမင်း၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်ခင်၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး Mr.Lee Beak Soon,Booyaung Co.,Ltd. မှ အကြံပေးအရာရှိMr. Chang Myung Kwan နှင့်အဖွဲ့ချုပ်ဥက္ကဋ္ဌဦးမြဟန်တို့က နံနက် ၁၀ နာရီခွဲတွင် သတ်မှတ်နေရာများ၌ မင်္ဂလာပန္နက်တင်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်အောင်မြို့ နေခြည်ဈေးဆိပ်တွင် မီးဘေးအန္တရာယ်ကာကွယ်ရန် မြစ်ရေတင်စက်တပ်ဆင်

မြန်အောင် ဧပြီ ၂၃

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ နေခြည်ဈေးဆိပ်တွင် မီးဘေးအန္တရာယ်ဖြစ်ပွားပါက ရေအလွယ်တကူရရှိနိုင်ရန် မြစ်ရေတင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို ဧပြီ ၂၁ ရက်က နေခြည်ဈေးဆိပ် ဧရာဝတီမြစ်ကမ်းတွင် ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်း ကော်မတီ၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ နေခြည်ဈေးကော်မတီနှင့် ဒေသပိုင်မီးသတ်အဖွဲ့တို့သည် မြန်အောင်မြို့၏ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နေခြည်ဈေးကြီးကို မီးဘေးအန္တရာယ် ကျရောက်ပါက မီးငြိမ်းသတ်ရာတွင် အလွယ်တကူရေရရှိရန်အတွက် ဧရာဝတီမြစ်ဆိပ်မှ မြစ်ရေကိုစုပ်ယူအသုံးပြုနိုင်ရန် ရေတင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို ဧပြီ ၂၁ ရက်က ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ယခုတပ်ဆင်အသုံးပြုသော ရေတင်စက်အမျိုးအစားတစ်ခုကို ဧရာဝတီမြစ်ဆိပ်တွင် လွန်ခဲ့သော တစ်လခန့်က တပ်ဆင်အသုံးပြုလျက်ရှိကြောင်းကိုလည်း မီးဘေးကြိုတင်ကာကွယ်တားဆီးရေးကော်မတီထံမှ သိရသည်။

နေဝင်းဇော်(မြန်အောင်)

ပြည်တွင်းသတင်း

မီဒီယာများသတင်းရယူနိုင်ရေး ဆက်သွယ်မေးမြန်းနိုင်

နေပြည်တော် ဧပြီ ၂၃

ဘက်စုံပညာထူးချွန်စခန်းများကို ငွေဆောင်၊ အင်းလေးနှင့်ပုဂံတို့တွင် ဧပြီ ၂၈ ရက်မှ မေ ၁ ရက်အထိလည်းကောင်း၊ ထူးချွန်ကြက်ခြေနီလူငယ်များအတွက် စခန်းသွင်းလေ့ကျင့်ခြင်း၊ ပြိုင်ပွဲကျင်းပခြင်း၊ ရွေးချယ်ခြင်းနှင့် လေ့လာရေးခရီးစဉ်များကို ရန်ကုန်မြို့အမှတ်(၁)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း(ဘုရင့်နောင်)တွင် ဧပြီ ၂၃ ရက်မှ မေ ၁ ရက်အထိလည်းကောင်း၊ ကင်းထောက်မောင်မယ်များတွေ့ဆုံပွဲကို ပြင်ဦးလွင်စခန်း၌ ဧပြီ ၂၈ ရက်မှ မေ ၂ ရက်အထိလည်းကောင်း ဖွင့်လှစ်ဆောင်ရွက်ကြမည်ဖြစ်ပြီး ၎င်းအဖွဲ့များအနေဖြင့် မေ ၃ ရက်နှင့် ၄ ရက်တို့တွင် နေပြည်တော်စုပေါင်းစခန်း၌ အခြေပြု၍ ထူးချွန်လူငယ်တွေ့ဆုံပွဲတက်ရောက်ခြင်း၊ လေ့လာရေးခရီးလည်ပတ်ခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်သည်။

သတင်းရယူလိုသည့် မီဒီယာများအနေဖြင့် ဘက်စုံပညာထူးချွန်လူငယ်စခန်းများနှင့်ပတ်သက်၍ အမှတ်(၁)အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မြင့် (ငွေဆောင်စခန်းမှူး) ဖုန်း ၀၉-၅၆၆၁၁၄၈၊ အမှတ်(၂)အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးချစ်ဆွေ (အင်းလေးစခန်းမှူး)ဖုန်း ၀၉-၅၂၁၃၅၅၅၊ ဒေါက်တာစိုးမြင့်ထွန်း (ပုဂံစခန်းမှူး) ဖုန်း ၀၉-၂၀၀၃၂၃၆ နှင့် ဦးခင်မောင်မြင့် ဖုန်း ၀၉-၄၄၄၀၀၃၉၄၅ တို့သို့လည်းကောင်း၊ ထူးချွန်ကြက်ခြေနီလူငယ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌပါမောက္ခဒေါက်တာသာလှရွှေ ဖုန်း ၀၉-၈၅၅၃၂၉၂၊ ညွှန်ကြားရေးမှူးဦးမြင့်စိန် ဖုန်း ၀၉-၈၅၅၃၂၇၆ နှင့် အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လှ ဖုန်း ၀၉-၈၅၅၃၂၉၃ တို့သို့လည်းကောင်း၊ ကင်းထောက်လူငယ်စခန်းနှင့် ပတ်သက်၍ အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော် ဖုန်း ၀၉-၈၃၀၅၁၁၁၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင် ဖုန်း ၀၉-၂၀၀၀၀၀၅၊ ညွှန်ကြားရေးမှူး(ငြိမ်း)ဦးတင်လှိုင် ဖုန်း ၀၉-၅၀၀၀၉၆၂ နှင့် ပြင်ဦးလွင် ကင်းထောက်စခန်းကြီးကြပ်မှုကော်မတီအကြံပေး ဦးအေးကြိုင် ဖုန်း ၀၉-၈၅၀၀၄၇၉ တို့သို့လည်းကောင်း၊ နေပြည်တော်စုပေါင်းစခန်း နှင့်ပတ်သက်၍ အမှတ်(၂)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း(စခန်းမှူး) ဖုန်း ၀၉-၈၃၀၆၇၃၃ နှင့် ညွှန်ကြားရေးမှူး ဦးမြင့်ဇော်(ဒုတိယစခန်းမှူး) ဖုန်း ၀၉-၄၃၁၂၄၁၉၄ တို့သို့လည်းကောင်း ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား UNODC မူဝါဒစိစစ်လေ့လာရေးနှင့် ပြည်သူ့ရေးရာ ဒါရိုက်တာ Mr.Jean Luc လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၃

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား UNODC မူဝါဒစိစစ်လေ့လာရေးနှင့်ပြည်သူ့ရေးရာဒါရိုက်တာ Mr. Jean Luc နှင့်အဖွဲ့သည် ယနေ့ညနေ ၄ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂၃

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး (ပထမနေ့)ကို တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၁၃ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်၌ ကတိသစ္စာမပြုရသေးသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက ကတိသစ္စာပြုသည်။

အဆိုတင်သွင်း

ထို့နောက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို အဆိုတင်သွင်းခြင်း၊ ၂၀၁၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးများက ရှင်းလင်းတင်ပြခြင်းနှင့် ၂၀၁၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို အဆိုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

သဘောတူညီချက်ရယူ

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်သို့တင်သွင်းသော အဆိုတစ်ရပ်အား ရုပ်သိမ်းခြင်း၊ အဆို နှစ်ရပ်အား လွှတ်တော်တွင် လက်ခံဆွေးနွေးရန် သဘောတူညီချက်ရယူသည်။

ထို့နောက် ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့)ကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

စာရေးဆရာ၊ သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်၏ ဈာပနအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၃

စာရေးဆရာ၊ သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင်၏ ဈာပနအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ရေဝေးသုသာန်၌ ကျင်းပခဲ့သည်။ မွန်းတည့် ၁၂ နာရီမှစတင်၍ ဆရာကြီးဟံသာဝတီ ဦးဝင်းတင်၏ ရုပ်ကလာပ်အား အခမ်းအနားသို့ လာရောက်ကြသူများက ဂါရဝပြုကြသည်။အဆိုပါ ဈာပနအခမ်းအနားသို့ နိုင်ငံရေးပါတီအသီးသီးမှ ပုဂ္ဂိုလ်များ၊ သံတမန်များ၊ အသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများ၊ ဆရာကြီးအား ချစ်ခင်လေးစားသူများ အများအပြားလိုက်ပါပို့ဆောင် ဂါရဝပြုကြသည်။ **(ယာပုံ)**

ဟံသာဝတီဦးဝင်းတင်မှာ ဧပြီ ၂၁ ရက် နံနက် ၆ နာရီခွဲက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်ခဲ့ခြင်းဖြစ်ပြီး ယနေ့ညနေ ၅ နာရီ မိနစ် ၂၀ တွင် ရေဝေးသုသာန်၌ ဂူသွင်းမြှုပ်နှံပြီးစီးခဲ့သည်။

(သတင်းစဉ်)

အမျိုးသားသက်ငယ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကျင်းပမည်

မန္တလေး ဧပြီ ၂၃

မန္တလေးခရိုင် ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသားသက်ငယ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို မေလတတိယပတ်၌ မန္တလေးမဟာအောင်မြေမြို့နယ် အားကစားကွင်း ယခင်ရွာဟောင်းဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အမျိုးသားသက်ငယ်တန်းပြိုင်ပွဲဝင်များသည် အရပ်လေးပေကိုးလက်မနှင့် ကိုယ်အလေးချိန်ပေါင် ၈၀ ထက်မကျော်သူများသာ ပါဝင်နိုင်၍ ကင်းဘတ်ဖိနပ်ဖြင့် ယှဉ်ပြိုင်ကစားခွင့်ရှိပြီး ပြိုင်ပွဲဝင်ပုံစံများကို မေ ၁၄ ရက် နောက်ဆုံးထားကာ မန္တလေးမြို့ ဗထူးအားကစားခန်းမအနီးရှိ မန္တလေးခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာနရုံး ဖုန်း-၀၂-၆၈၁၄၀ သို့ စာရင်းပေးသွင်းကြရန်နှင့် ပြိုင်ပွဲ ပွဲစဉ်များကို မေ ၁၅ ရက် နံနက် ၁၀ နာရီတွင်ရေးဆွဲမည်ဖြစ်ပြီး ဆုများကိုလည်း ထိုက်ထိုက်တန်တန်ချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ကမ္ဘာ့စာအုပ်များနေ့အထိမ်းအမှတ် ဗြိတိသျှကောင်စီ၌ကျင်းပမည်

ရန်ကုန် ဧပြီ ၂၃

ကမ္ဘာ့စာအုပ်များနေ့အဖြစ် အထိမ်းအမှတ် အစီအစဉ်များကို ရန်ကုန်မြို့ ကမ်းနားလမ်းရှိဗြိတိသျှကောင်စီစာကြည့်တိုက်၌ ဧပြီ ၃၀ ရက်၌ကျင်းပသွားမည်ဟုသိရသည်။ အဆိုပါနေ့တွင်အသက်ငါးနှစ်မှ ၁၁ နှစ်အထိ ကလေးများကို အုပ်စုခွဲ၍ ဆေးရောင်ချယ်ပြိုင်ပွဲ ကျင်းပခြင်း၊ ကလေးများအတွက် စိတ်ဝင်စားဖွယ် ပုံပြင်များဖတ်ပြပေးခြင်းများကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ ထို့အပြင် စာပေချစ်မြတ်နိုးသူများအတွက် စာရေးဆရာဆူဒိုနင်(ခ)အတ္တကျော်၏“သတင်းကို ချင့်ချိန်ပိုင်းခြားလက်ခံနိုင်စွမ်း” ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲကျင်းပသွားမည်ဟုသိရသည်။ **မြတ်စန္ဒီသင်းဇော်**

လေယာဉ်ပျောက် မတွေ့မချင်း ရှာဖွေမှုများ ဆက်လက်လုပ်ဆောင်မည်ဟု ဩစတြေးလျနှင့် မလေးရှားတို့က ကတိပြု

ဘာသာပြန်-ကျော်သဲအိမ်

ပတ်သ် ဧပြီ ၂၃

ရက်သတ္တ ခုနစ်ပတ်နီးပါး ကြာမြင့်ပြီဖြစ်သည့် ပျောက်ဆုံးလေယာဉ်ရှာဖွေရေးတွင် ခိုင်မာသော ရလဒ်တစ်စုံတစ်ရာ မရှိခဲ့ကြသည့်တိုင် ရှာဖွေမှုကို ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ကြောင်း ဩစတြေးလျနှင့် မလေးရှားတို့က ဗုဒ္ဓဟူးနေ့တွင် ကတိပြုခဲ့ကြသည်။

အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်း “ဂျက်”နှင့်အတူ ကပ်ပါလာသည့် ဆိုးရွားသော ရာသီဥတုဒဏ်ကြောင့် လေကြောင်းမှ ရှာဖွေမှုများရပ်ဆိုင်းခဲ့ရသလို လူမဲ့ရေငုပ်သင်္ဘောငယ်၏ ပင်လယ်ကြမ်းပြင်ရှာဖွေမှုလုပ်ငန်းလည်း ပြီးဆုံးတော့မည်ဖြစ်သည်။ သို့သော်လည်း ဩစတြေးလျအာဏာပိုင်များက အနောက်ဩစတြေးလျကမ်းခြေ၌ တွေ့ရှိသော အမျိုးအမည်မသိ အရာဝတ္ထုမှာ ပျောက်ဆုံးလေယာဉ်နှင့် ပတ်သက်ဆက်နွယ်မှုရှိ မရှိ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း သတင်းထောက်များကို ပြောကြားသည်။

ဩစတြေးလျဝန်ကြီးချုပ် တိုနီအက်ဗော့တ်က ရှာဖွေရေးနည်းလမ်းကို ကောင်းစွာပြန်လည်စဉ်းစားရမှာဖြစ်ကြောင်း၊ သို့သော်လည်း လေယာဉ်ပျောက်ဆုံး ရှာဖွေရေးအဖြေမရမချင်း မိမိတို့ ဆက်လက်ရှာဖွေ မှုပြုလုပ်နေမှာဖြစ်ကြောင်း၊ တစ်ခုတည်းသော နည်းလမ်းမှာ တစ်စုံတစ်ရာကို မတွေ့မချင်းဖြစ်နိုင်သည့် နေရာတွင် ရှိသမျှ ဉာဏ်စွမ်းထုတ်ပြီး ဆက်လက်ရှာဖွေမှု ပြုလုပ်ခြင်းပင်ဖြစ်ကြောင်း ထပ်လောင်းပြောကြားသည်။

ပျောက်ဆုံးလေယာဉ် ရှာဖွေရေးတွင် အဓိကအရေးပါလာသည့် Bluefin-21 အမျိုးအစားလူမဲ့ရေငုပ်သင်္ဘောငယ်၏ တောင်အိန္ဒိယသမုဒ္ဒရာ ကြမ်းပြင်အောက်ရှာဖွေရေးမှာလည်း လာမည့်ရက်ပိုင်းအတွင်း ပြီးဆုံးတော့မည်ဖြစ်သည်။

အနောက် ဩစတြေးလျ၏ တောင်ပိုင်းအငူတွင် အမျိုးအမည်မသိ အရာဝတ္ထုတွေ့ရှိသည်မှာလည်း ရက်သတ္တပတ်များအတွင်း ပထမဆုံးအကြိမ်ဖြစ်သလို ဧပြီ ၄ ရက်က အချက်ပြမှုများဟု ယူဆရသည့် အရာများ ထောက်လှမ်းရရှိခဲ့ချိန်မှစပြီး ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ ထို့ကြောင့် ဩစတြေးလျရဲတပ်ဖွဲ့က ထိုအရာဝတ္ထုကို လုံခြုံအောင်ထိန်းသိမ်းထားခဲ့ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြကြောင်း ရှာဖွေရေးအဖွဲ့တွင် ပါဝင်သည့် တာဝန်ရှိ ပုဂ္ဂိုလ်များက ပြောကြားသည်။

မလေးရှားပို့ဆောင်ရေးဝန်ကြီး ဟီရှန်မုဒ္ဒင်ဟူစိန်က လက်ရှိရှာဖွေရေးယာဉ် နယ်နိမိတ်တွင် တစ်စုံတစ်ရာ ရှာဖွေတွေ့ရှိခြင်းမရှိပါက ရှာဖွေရေးအာဏာပိုင်များအနေဖြင့် ပြန်လည်စုဖွဲ့ပြီး ရှေ့လုပ်ငန်းစဉ်ကို ပြန်လည်ချမှတ်ရန်လိုကြောင်း၊ ရှာဖွေမှုကိုမူ အမြဲတစေဆက်လက် လုပ်ဆောင်ရမှာဖြစ်ကြောင်း၊ မလေးရှားအစိုးရအနေဖြင့်လည်း ပင်လယ်နက်အတွင်း စူးစမ်းရှာဖွေမှုတွင် ကျွမ်းကျင်သည့် Patronas ရေနံကုမ္ပဏီထံမှ အကူအညီတောင်းဆိုထားပါကြောင်း ဆိုသည်။ ထို့ပြင် ဟီရှန်မုဒ္ဒင်ဟူစိန်က မလေးရှားလေယာဉ်ပျောက်ဆုံးပြီး နှစ်လနီးပါးအကြာတွင် မလေးရှားအစိုးရအဖွဲ့က လေယာဉ်ပျောက်ဆုံးခြင်းနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် လွတ်လပ်သော နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရေးကို အတည်ပြုလိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။ ယင်းအဖွဲ့သည် ပွင့်လင်းမြင်သာမှုနှင့် ကျွမ်းကျင်မှုရှိရုံမက အများက ကြည်ညိုလေးစားသည့် အဖွဲ့ဖြစ်ကြောင်း၊ ကုလသမဂ္ဂ၏ စည်းမျဉ်းဥပဒေများအတိုင်း ဆောင်ရွက်မည့်စုံစမ်းစစ်ဆေးမှုကို မလေးရှားလေကြောင်းဦးစီးဌာနက ဦးဆောင်သွားမည်ဖြစ်ပြီး ပြည်ပအေဂျင်စီများမှ ကျွမ်းကျင်သူများလည်း ပါဝင်ကြောင်း ဆိုသည်။

ယခုအခါ ရာသီဥတုဆိုးရွားလာသဖြင့် ပျောက်ဆုံးလေယာဉ်ရှာဖွေရေးတွင် လေကြောင်းရှာဖွေမှုကို နှစ်ရက်ဆက်တိုက်ရပ်နားထားလိုက်သော်လည်း သင်္ဘော ၁၂ စင်းနှင့်အတူ ရေကြောင်းရှာဖွေရေးကို ဆက်လက် လုပ်ဆောင်နေကြသည်။

ရိုက်တာ/ဆင်ဟွာ

ပြည်တွင်းသတင်း

နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၃

နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ရေးအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ရေး ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း တက်ရောက်ပြီး နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပမည့် အချိန်၊ နေ့ရက်၊ နေရာနှင့် ဆုချီးမြှင့်မည့်အစီအစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြား၍ ဖျော်ဖြေရေးအစီအစဉ်များအား စိတ်ဝင်စားဖွယ် တင်ဆက်ဖျော်ဖြေရေးနှင့် အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တက်ရောက်လာကြသူများက ဝိုင်းဝန်းစဉ်းစား အကြံပြုဆွေးနွေးကြရန် တိုက်တွန်းမှာကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ရေးအစည်းအဝေးတွင် တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အစည်းအဝေး၌ မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီမှ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာမြင့်သိန်း၊ လူမှုရေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီမှ ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်နှင့် စီးပွားရေးဆိုင်ရာဆုချီးမြှင့်ရေးကော်မတီမှ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းတို့က ကော်မတီအလိုက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့မှု၊ ဆုချီးမြှင့်ရန် ရွေးချယ်ထားရှိမှုများနှင့်ပတ်သက်၍ အသီးသီးရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးများက မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာဆုချီးမြှင့်ရေး၊ လူမှုရေးဆိုင်ရာဆုချီးမြှင့်ရေးနှင့် စီးပွားရေးဆိုင်ရာ ဆုချီးမြှင့်ရေးတို့အပေါ် ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဧည့်ခံဖျော်ဖြေရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြောကြားပြီး လုပ်ငန်းကော်မတီများအလိုက် လုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်ကော်မတီ၊ လုပ်ငန်းကော်မတီနှင့်သက်ဆိုင်ရာ ဝန်ကြီးဌာနများက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် နိုင်ငံ့စွမ်းဆောင်ရည်ဆုရွေးချယ်ရေးကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ဇွဲကပင်ဆံတော်ရှင်တောင်ကေဘယ်လ်ကား မလေးရှားနိုင်ငံမှအင်ဂျင်နီယာများတည်ဆောက်မည်

ဘားအံ မေ ၂၃

ကရင်ပြည်နယ် ဘားအံမြို့၏ အထွတ်အထိပ်ဖြစ်သော မြတ်စွာဘုရား၏ ဆံတော်ရှင်ကိန်းဝပ်စံပယ်တော်မူရာ ဇွဲကပင်တောင်ဘုရားအား ရပ်ဝေး၊ ရပ်နီးမှ ရဟန်းရှင်လူပြည်သူများ လွယ်ကူစွာ တက်ရောက်ဖူးမြော်နိုင်ရန်အတွက် ပီနန်ဆရာတော်၊ ဇွဲကပင်တောင်ဆရာတော်၊ သာသနာ့ဗေဒမဂ်လာ (သုံးထပ်ကျောင်း) ဆရာတော်သုံးပါး ကြီးမှူးဆောင်ရွက်၍ ကေဘယ်လ်ကား တည်ဆောက်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကေဘယ်လ်ကားတည်ဆောက်ရေးကို မလေးရှားနိုင်ငံမှ အင်ဂျင်နီယာများက တည်ဆောက်သွားမည်ဖြစ်ပြီး တပ်ဆင်ပြီးမြောက်နိုင်ရေးအတွက် နာယကဆရာတော်ကြီးများက ဩဝါဒမိန့်ကြားခြင်းနှင့် ညှိနှိုင်းအစည်းအဝေးကို မေ ၂၂ ရက်က ဇွဲကပင်တောင်ခြေကျောင်း၌ ကျင်းပရာ နာယက ဆရာတော်ကြီးများ၊ ကရင်ပြည်နယ် ဝန်ကြီးချုပ်၊ ဇွဲကပင်တောင် ကေဘယ်လ်ကား ဖြစ်မြောက်ရေး ကော်မတီဝင်များ တက်ရောက်သည်။ ဇွဲကပင်တောင် ကေဘယ်လ်ကား ဖြစ်မြောက်ရေး နာယကဆရာတော်ကြီးများ ဖြစ်ကြသော ပီနန်ဆရာတော်၊ ဇွဲကပင်ဆရာတော်၊ သာသနာ့ဗေဒမဂ်လာ (သုံးထပ်ကျောင်း) ဆရာတော်များက ဩဝါဒမိန့်ကြားကာ ကရင်ပြည်နယ် ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

နေမျိုးလွင်

✽ *ရှေ့ဖုံးမှ*

ဘရာဇီးနိုင်ငံမှာက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပဖို့ရှိနေတော့ ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူတွေ ချိန်ဆစဉ်းစားနေကြတယ်။ ဆွေးနွေးဆုံးဖြတ်ပြီးရင်တော့ တိတိကျကျပြောနိုင်မှာပါ။ ကျွန်တော်တို့ အမြဲမပြတ်ဆက်သွယ်မှုတွေပြုလုပ်နေပါတယ်” ဟု ကိုချန်လင်းသူက ပြောသည်။

Miss Universe ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိရာ နှစ်တစ်နှစ်၏နောက်ဆုံးလများဖြစ်သည့် နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် ကျင်းပလေ့ရှိသည်။ ယခု ၂၀၁၄ ခုနှစ်အတွက်လည်း လာမည့်နိုဝင်ဘာနှင့်ဒီဇင်ဘာလများတွင် ဘရာဇီး သို့မဟုတ် အင်္ဂလန်နိုင်ငံတွင် ကျင်းပမည်ဖြစ်သည်။

Miss Universe ၂၀၁၄ အတွက် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ်ရွေးချယ်ရန် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ကျင်းပရန် စီစဉ်ထားသည်။ ပြိုင်ပွဲဝင်အလှမယ်များသည် အသက် ၁၈ နှစ်မှ ၂၆ နှစ်အတွင်းဖြစ်ရမည်ဖြစ်ပြီး ခန္ဓာကိုယ်ဖွဲ့စည်းမှုနှင့် အရပ်အမောင်းများမှာ ယခင်နှစ်က လျှောက်လွှာခေါ်ယူခဲ့သည့် သတ်မှတ်ချက်အတိုင်းပင်ဖြစ်သည်။

“ပြီးခဲ့တဲ့နှစ်က သွားရောက်ယှဉ်ပြိုင်ခဲ့တဲ့ အတွေ့အကြုံနဲ့ သင်ခန်းစာတွေကိုရယူပြီး ဒီနှစ်ပြိုင်ပွဲမှာ အကောင်းဆုံးဖြစ်အောင်တော့ ကျွန်တော်တို့ စနစ်တကျရွေးချယ် လေ့ကျင့်သွားမှာ ဖြစ်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာအမျိုးသမီး အလှမယ်များ၊ နိုင်ငံတကာအလှမယ်များပြိုင်ပွဲများ၌ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် ပံ့ပိုးကူညီမှုများ၊ ယှဉ်ပြိုင်ရွေးချယ်မှုများဖြင့် ကြိုးစားနေကြပြီဖြစ်သည်။ **(မြန်မာ့အလင်း)**

Miss Universe 2013 အတွက် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ရွေးချယ်ပွဲတွင် ရွေးချယ်ခြင်းခံခဲ့ရသည့် အလှမယ်မိုးစက်ဝိုင် ဤသို့ယှဉ်ပြိုင်ခဲ့သည်။

မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နောက် နှစ် ရက် အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ မော်လိုက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ ကလေးဝမြို့၊ကလေးမြို့၊ မုံရွာမြို့၊ အောင်လံမြို့၊တောင်တွင်းကြီးမြို့နှင့် ဂန့်ဂေါမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

✳ *ရှေ့ဖုံးမှ*

အချောထည်များကို အရေအတွက်များများ ထုတ်လုပ်ရန်နှင့် အချောထည်ထုတ်လုပ်ရေးလုပ်ငန်းများတွင် ဒေသခံများကို ပိုမိုခန့်ထားပေးရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဝေကျောက်မျက်နှင့်လက်ဝတ်ရတနာအရောင်းပြခန်းတွင် ကျောက်စိမ်းအချောထည်များ ထုတ်လုပ်နေမှုနှင့် ထုတ်လုပ်သည့် ကျောက်မျက်နှင့် လက်ဝတ်ရတနာများအား ပြသရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် Treasure Gems ကျောက်မျက်ရတနာအရောင်းပြခန်းသို့ရောက်ရှိရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က ရွှေကြာပင်ကျောက်မျက်ရတနာအချောထည်ဈေးဖွင့်လှစ်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌဦးတေဇ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးယုန်းမူနှင့်ဦးလဖိုင်ခွန်ဆာ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဟန်တို့က ကျောက်မျက်အချောထည်ဈေးတွင်လုပ်ငန်းဆောင်ရွက်ရာ၌ ကုန်ကြမ်းရရှိမှုနှင့်ကုန်ချောထုတ်လုပ်ရေးလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာဆောင်ရွက်နေမှု၊ ဈေးကွက်ဖြစ်ထွန်းရေးအတွက် လိုအပ်ချက်များ၊ အခွန်ပေးဆောင်နေရမှု၊ တန်ဖိုးမြှင့်အချောထည်များကို အွန်လိုင်းမှတစ်ဆင့် ရောင်းချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်မည့် အခြေအနေ၊ ကျောက်မျက်ရတနာပြပွဲများပုံမှန်ကျင်းပရေး၊ မန္တလေးမြို့တွင် One Stop Service Center ဖွင့်လှစ်ဆောင်ရွက်နေမှုနှင့်ကျောက်စိမ်းနှင့် ကျောက်မျက်အချောထည်များထုတ်လုပ်တင်ပို့ ရောင်းချနေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေးပြောကြားရာတွင် ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ရောင်းဝယ်ရာ၌ နိုင်ငံတော်၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများအကျိုးရှိစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝသယံဇာတဟူသည် ကုန်ခန်းသွားနိုင်သဖြင့် မြန်မာ့သယံဇာတများကို သားစဉ်မြေးဆက်အထိ ထုတ်လုပ်သုံးစွဲနိုင်အောင် စနစ်တကျတူးဖော်ထုတ်လုပ်ရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းအနေဖြင့် ကျောက်စိမ်းနှင့်ကျောက်မျက်ရတနာများ နှစ်စဉ် ထုတ်ယူသုံးစွဲနိုင်မည့် ပမာဏကိုသိရှိနိုင်ရန်အတွက် အများဆုံးတည်ရှိမှုပမာဏကို ပညာရှင်များဖြင့် တွက်ချက်သွားရန်ဖြစ်ကြောင်း။

ညှိနှိုင်းဆွေးနွေး

ယခင်က ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာများကို အကြမ်းထည်အတိုင်း ရောင်းချခဲ့ရာမှ ယခုအခါ ပြည်တွင်းမှာပင် အချောထည်များထုတ်လုပ်ရောင်းချနိုင်ပြီဖြစ်ကြောင်း၊ ကုန်ကြမ်းအတိုင်း ရောင်းချခြင်းထက် ကုန်ချောထုတ်လုပ်ရောင်းချခြင်းက တန်ဖိုးပိုမိုမြင့်မားစွာ ရောင်းချနိုင်ပြီး ကုန်ကြမ်းအလေအလွင့်မဖြစ်တော့သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းလည်းပေါ်များလာမည်ဖြစ်ကြောင်း၊ ထို့အတူ ကုန်ချောထုတ်လုပ်နိုင်ပြီဖြစ်သည့်အတွက် ပြည်ပတွင်ဈေးကွက်များဖန်တီးပြီး ဈေးကွက်ပိုမို ကျယ်ပြန့်အောင်ဆောင်ရွက်သွားကြစေလိုကြောင်း၊ ကျောက်မျက်ရတနာအချောထည် ဈေးများကို မန္တလေး၊ မြစ်ကြီးနားစသည်တို့တွင်လည်း ဆက်လက်ဖွင့်လှစ်မည်ဖြစ်သည့်အတွက် ယင်းဈေးများဖွင့်လှစ်ပါက တူညီသည့်မူဝါဒထားရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဤအချောထည်ဈေးတွင် ထုတ်လုပ်သည့် ကုန်ချောများမှာ တန်ဖိုးကြီးမားသည့်အတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးကို အထူးဂရုစိုက်ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိနိုင်ငံမှ ထွက်ရှိသည့် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာဈေးကွက်ကို မိမိနိုင်ငံမှာပင် တည်ရှိနေရန်အဓိကထား၍ ကြိုးပမ်းဆောင်ရွက်သွားစေလိုကြောင်း၊ အချောထည်များကို ထုတ်လုပ်ရာတွင်သက်ဆိုင်ရာနိုင်ငံအလိုက်၊ ဈေးကွက်အလိုက် ကြိုက်နှစ်သက်သည့် အမှတ်တရပစ္စည်းများအဖြစ်လည်း ဖန်တီးထုတ်လုပ်ကြရန်ဖြစ်ကြောင်း၊ မကြာမီကာလတွင် အွန်လိုင်းစနစ်ဖွံ့ဖြိုးလာမည်ဖြစ်သည့်အတွက် အွန်လိုင်းမှတစ်ဆင့်လည်း ရောင်းချပေးနိုင်အောင်စီစဉ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့်ပတ်သက်၍သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် လုပ်ငန်းရှင်များတွေ့ဆုံကာ အသေးစိတ် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခြင်းဖြင့် အဖြေရှာကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက ကျောက်မျက်အချောထည်ဈေးကွက်အောင်မြင်ဖြစ်ထွန်းရေးအတွက် ဝိုင်းဝန်းပံ့ပိုးကူညီပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်သမ္မတသည် အရောင်းပြခန်းတွင် ခင်းကျင်းပြသထားသည့် မြန်မာ့ကျောက်စိမ်း၊ ထူးခြားသည့်ကျောက်များနှင့် ပူတာအိုကျောက်များကို လှည့်လည်ကြည့်ရှုခဲ့သည်။

ရွှေကြာပင်ကျောက်မျက်ရတနာအချောထည်ဈေးကို ကျောက်မျက်ရတနာများအား အရိုင်းအတိုင်း ရောင်းချခြင်းအစား တန်ဖိုးမြှင့် Value Added အချောထည်များ၊ လက်ဝတ်ရတနာများပြုလုပ်၍ နိုင်ငံတကာသို့တင်ပို့ရောင်းချနိုင်ရေး၊ နိုင်ငံအတွင်း ကျောက်မျက်ရတနာအချောထည်ဈေးကွက်ပိုမို ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးနှင့် လူသားအရင်းအမြစ်နှင့်နည်းပညာတိုးတက်ဖွံ့ဖြိုးစေရေးတို့အတွက် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဈေးကြီးကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ကျောက်စိမ်းနှင့်ကျောက်မျက်ရတနာလုပ်ငန်းရှင်များက ကျောက်စိမ်းပန်းပုရုပ်တုများ၊ လက်ကောက်နှင့်ပုတီးများစသည့် အချောထည်များထုတ်လုပ်ခြင်းနှင့် ခင်းကျင်းပြသရောင်းချခြင်းတို့ကို ဆောင်ရွက်နေပြီဖြစ်သည်။ ထို့အတူ ယင်းအချောထည်ဈေးတွင် One Stop Service Center နှင့် ကျောက်မျက်ရတနာသင်တန်းကျောင်းတို့ကိုလည်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လယ်တီဝိပဿနာ တရားစခန်းအောင်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၂၃

၁၃၇၅ ခုနှစ် မဟာသင်္ကြန် ရုံးပိတ်ရက်ကာလအတွင်း နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဝန်ထမ်းများနှင့် မိသားစုများ၊ ဒေသခံကျေးရွာများမှ ပြည်သူများ ဝိပဿနာတရားတော်များကို စိတ်အေးချမ်းသာစွာ ကျင့်ကြံအားထုတ်နိုင်ရန်အတွက် အဋ္ဌမအကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်းအောင်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် သတ္တသတ္တာဟ တရားစခန်း၌ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ လယ်တီကမ္မဋ္ဌာနစရိယအဖွဲ့ဥက္ကဋ္ဌ ကလေးဝတောရဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသအမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြသည်။

အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီတွဲဖက်အတွင်းရေးမှူး ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ၊ ဇမ္ဗူသီရိဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့်အဖွဲ့ဝင်များ၊ တရားစခန်းဝင် အမျိုးသား အမျိုးသမီး ယောဂီများ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ မြန်မာနိုင်ငံလုံးဆိုင်ရာ လယ်တီကမ္မဋ္ဌာနစရိယအဖွဲ့ဥက္ကဋ္ဌ ကလေးဝဆရာတော်ထံမှ ဧည့်ပရိသတ်များက အာဇီဝ(တ်)ဋ္ဌမက သီလခံယူဆောက်တည်ကြသည်။

ထို့နောက် လယ်တီကမ္မဋ္ဌာနစရိယအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှူးပြုသော တရားပြဆရာတော် သံဃာတော်များအား ပြည်ထောင်စုဝန်ကြီး၊ ဧည့်ပရိသတ်များနှင့် ယောဂီများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကလေးဝတောရဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ ရေစက်သွန်းချ သာဓုအနုမောဒနာတရားနာကြား၍ အခမ်းအနားကို တရားစခန်း အောင်ပွဲအခမ်းအနားအား အောင်မြင်စွာ ပိတ်သိမ်းခဲ့သည်။

ယခု အဋ္ဌမအကြိမ် သတ္တသတ္တာဟ ခုနစ်ရက်တရားစခန်းတွင် ရန်ကုန်မြို့ရှိ ကလေးဝတောရကျောင်းတိုက်၊ ပျဉ်းမနားမြို့ရှိ လယ်တီစံကျောင်းတိုက်နှင့် တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက်တို့မှ တရားပြဆရာတော်များမှ လယ်တီဝိပဿနာတရားတော်များ ဟောကြားပြသတော်မူကြရာ တရားစခန်းသို့ နေပြည်တော်ရှိဝန်ထမ်းများ၊ မိသားစုဝင်များ၊ ဒေသခံကျေးရွာများမှ ယောဂီ ၂၀၀ ဝင်ရောက်တရားအားထုတ်ခဲ့ကြသည်။

၁၃၇၅ ခုနှစ် မဟာသင်္ကြန် ရုံးပိတ်ရက်ကာလအတွင်း သတ္တသတ္တာဟ ခုနစ်ရက်တရားစခန်းကို သတ္တမအကြိမ်နှင့် အဋ္ဌမအကြိမ်မြောက် တရားစခန်းများ ဖွင့်လှစ်ပေးခဲ့ရာ ယောဂီ ၄၀၀ တို့က စိတ်အေးချမ်းသာစွာဖြင့် ဝိပဿနာတရားတော်များကို ကျင့်ကြံအားထုတ်နိုင်ခဲ့ပြီး ယောဂီများအတွက် လိုအပ်သော နေထိုင် စားသောက်ရေးများကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ဇမ္ဗူသီရိဖောင်ဒေးရှင်းနှင့် သာသနဟိတဓရအသင်းတို့မှ ဦးဆောင်ပြီး စေတနာရှင် အလှူရှင်များ၏လှူဒါန်းမှုများဖြင့် စီစဉ်ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် ယောဂီများ တရားအားထုတ်ရာ သာသနာ့ဗိမာန်တော်၊ ဆွမ်းစားဆောင်များအပြင် လေအေးပေးစက်ပါ နားနေဆောင်များစီစဉ်ပေးထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူသားများကိုအကျိုးပြုနေသော ဧရာဝတီလင်းပိုင်များ မျိုးမသုဉ်းစေရန် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် ကွင်းဆင်းစစ်ဆေး

စစ်ကိုင်း ဧပြီ ၂၃

ဧရာဝတီ လင်းပိုင်တို့ကို ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ပေးရန် ပညာပေးဟောပြောပွဲများကို ဧပြီ ၆ ရက်မှ ၉ ရက်အထိ စစ်ကိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကြည်မိုး၊ ပြင်ဦးလွင်ခရိုင် ငါးလုပ်ငန်းဦးစီး ဌာနမှူး ဦးစိုးနိုင်၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့မှ ဦးကျော်လှသိန်းနှင့် ငါးလုပ်ငန်းဝန်ထမ်း ၁၀ ဦးအဖွဲ့သည် ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးရေယာဉ်ဖြင့် စစ်ကိုင်း၊ မင်းကွန်းနှင့် ကျောက်မြောင်းမြို့အကြား၊ ဧရာဝတီလင်းပိုင် စစ်ဆေးရေး ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် စဉ့်ကူးမြို့နယ် သဲကျွန်းကျေးရွာ ပြည်သူ ၆၅ ဦးအား ငါးသယံဇာတနှင့် ဧရာဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက် ရေးပညာပေးဟောပြောပြီး ငါးသယံဇာတထိန်းသိမ်းစောင့်ရှောက်ရေး ပညာပေးဗလာစာအုပ် ၁၁ ဒါဇင်နှင့် မြေနုကျေးရွာ ပြည်သူ ၈၅ ဦးကို ပညာပေးဟောပြောပြီး ပညာပေးဗလာစာအုပ် ၁၅ ဒါဇင် ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ဧရာဝတီမြစ်အတွင်း ကျက်စားနေထိုင်လျက်ရှိသော ဧရာဝတီလင်းပိုင်များကို စစ်ဆေးရာတွင် ဝက်လက်မြို့နယ် အင်ဒေါင်းရွာအနီး ဧရာဝတီမြစ်ရေပြင်အတွင်း ဧရာဝတီလင်းပိုင် ရှစ်ကောင်၊ ဝက်လက်မြို့နယ် ကင်းဖြူရွာအနီး ဧရာဝတီမြစ်ရေပြင် အတွင်း ဧရာဝတီလင်းပိုင် လေးကောင်၊ စဉ့်ကူးမြို့နယ် ထီးကုန်းကျေးရွာအနီး ဧရာဝတီမြစ်ရေပြင်အတွင်း ဧရာဝတီ လင်းပိုင်လေးကောင် စုစုပေါင်း ၁၆ ကောင် တွေ့ရှိ၍ မှတ်တမ်းတင်ခဲ့ကြသည်။

ဧရာဝတီလင်းပိုင်တို့သည် လူသားများကဲ့သို့ နို့တိုက်သတ္တဝါများဖြစ်ကြသည်။ လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်ကတည်းက ဧရာဝတီမြစ်အတွင်း နေထိုင်ကျက်စားခဲ့ကြပြီး ဧရာဝတီမြစ်ကိုအစွဲပြု၍ ဧရာဝတီလင်းပိုင်ဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။

ဧရာဝတီလင်းပိုင်တို့သည် လက်ပစ်ကွန်ရေလုပ်သားများနှင့် ပူးပေါင်း၍ ငါးဖမ်းဆီးခြင်းသည် နှစ်ပေါင်းကြာရှည်ထိန်းသိမ်းလာသည့် ရိုးရာဓလေ့အဖြစ် ကမ္ဘာမှ အထူးစိတ်ဝင်စားလျက်ရှိပြီး လက်ပစ်ကွန် အသုံးပြုရေလုပ်သားများ၏ နေ့စဉ်လူနေမှုဘဝကို ထောက်ပံ့ပေးလျက်ရှိသည်။ တားမြစ်ထားသော ငါးဖမ်းပိုက်ကြီးများ ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းခြင်းများကြောင့် လင်းပိုင်တို့ ထိခိုက်သေဆုံးခြင်း၊ လင်းပိုင်တို့၏ အစားအစာ ငါးသယံဇာတလျော့နည်းလာခြင်းများ ဖြစ်ပေါ်နေသည်။ ကျေးရွာလူထုစဉ်ဆက်မပြတ် ငါးစားသုံးနိုင်ရေးအတွက် စည်းကမ်းနည်းလမ်းမှန်ကန်သည့် ငါးဖမ်းနည်းစနစ်များကိုအသုံးပြု၍ လူသားအကျိုးသယ်ပိုးလျက်ရှိသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

ဧရာဝတီလင်းပိုင်သားအမိကို တွေ့ရစဉ်။

■ *ကျောဖုံးမှ*

ၵင်းတို့ကို အရည်အသွေးပြည့်ဝသည့် လူငယ်များဖြစ်လာစေရန်၊ မိမိကိုယ်ကို အားကိုးတတ်စေရန်၊ ပြည်ထောင်စုစိတ်ဓာတ်ရှိစေရန်၊ ပြည်သူထဲက ပြည်သူတစ်ဦးဟုသိရှိနားလည်ပြီး ကူညီရိုင်းပင်းတတ်သူဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးသွားရမည်ဖြစ်ပါကြောင်း၊ ယင်းထူးချွန်လူငယ်များအနေဖြင့် သက်ဆိုင်ရာစခန်းအသီးသီးတွင် စခန်းချလေ့ကျင့်ခြင်း၊ ဒေသန္တရဗဟုသုတရှာမှီးခြင်း၊ ပြည်သူများ၏လူမှုစီးပွားလက်တွေ့ဘဝများကို ကွင်းဆင်းလေ့လာခြင်း၊ အတွေ့အကြုံများဖလှယ်ဆွေးနွေးခြင်းနှင့် အပန်းဖြေအနားယူခြင်းတို့ကို သတ်မှတ်ရက်များတွင် စခန်းဝင်ဆောင်ရွက်ကြမှာဖြစ်ပါကြောင်း။

ယခုနှစ်တွင် ဘက်စုံပညာထူးချွန်လူငယ် ၅၂၅ ဦး၊ ထူးချွန်ကြက်ခြေနီလူငယ် ၁၄၆ ဦးနှင့် ကင်းထောက်လူငယ် ၄၉၀ ရွေးချယ်ထားပါကြောင်း၊ ဘက်စုံပညာထူးချွန်လူငယ်များကို ငွေဆောင်၊ အင်းလေးနှင့်ပုဂံတို့တွင်လည်းကောင်း၊ ထူးချွန်ကြက်ခြေနီလူငယ်များကို ရန်ကုန်တွင်လည်းကောင်း၊ ကင်းထောက်လူငယ်များကို ပြင်ဦးလွင်တွင်လည်းကောင်း စခန်းများဖွင့်လှစ်လေ့ကျင့်သွားကြမည်ဖြစ်ပြီး မေ ၂ ရက်တွင် စခန်းအသီးသီး၌ လူငယ်အားလုံး နေပြည်တော်စုပေါင်းစခန်းသို့ လာရောက်ကြမည်ဖြစ်ပါကြောင်း။

ဤလူငယ်မောင်မယ်များတို့သည် စာတွေ့အားဖြင့် ထူးချွန်ကြသူများဖြစ်သော်လည်း လူ့လောကလက်တွေ့နယ်ပယ်တွင် ထူးချွန်သည့်လူတော်လူကောင်းများဖြစ်လာစေရန်၊ အတွေ့အကြုံနှင့်အတူ ရင့်ကျက်မှုများရရှိစေရန်လည်း မြေတောင်မြှောက်ပေးရန် အချိန်အတိုင်းအတာတစ်ခု လိုအပ်နေဦးမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းကရမည့်အတွေ့အကြုံနှင့် ပြည်ပက ရမည့် အတွေ့အကြုံများပေါင်းစပ်ကာ ထက်မြက်သည့်ခေါင်းဆောင်ကောင်းများဖြစ်လာစေရန် သင်ဆရာအမျိုးမျိုးဘက်ကလည်း ပံ့ပိုးပေးသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိနှင့်သက်ဆိုင်ရာ စခန်းအသီးသီးတွင် အရည်အသွေးနှင့်ဆိုင်သည့်စွမ်းရည်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြပြီး ထူးချွန်သူများကို နေပြည်တော်သို့ လာရောက်စေပြီး နိုင်ငံတော်သမ္မတကြီးအား ဂါရဝပြု တွေ့ဆုံဂုဏ်ပြုပေးခြင်းဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ် မေ ၃ ရက်တွင် နေပြည်တော်၌ ကျင်းပမည့် နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားပွဲနှင့်အတူ လူငယ်များတွေ့ဆုံဂုဏ်ပြုပွဲများကို တစ်ရက်တည်းမှာပင် တစ်ပေါင်းတည်း ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းသို့ တစ်ပေါင်းတည်းဆောင်ရွက်ခြင်းသည် အနာဂတ်မျိုးဆက်သစ်လူငယ်များအနေဖြင့် မျက်မှောက်ကာလ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူများကို စံပြုအတုယူပြီး အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့တန်းမှ ဦးဆောင်သည့်ခေါင်းဆောင်အဖြစ် မိမိကိုယ်ကိုမိမိ မျှော်မှန်းပျိုးထောင်လိုသည့် စိတ်ဓာတ်ဖြင့် ခံယူချက်များ ရှိလာစေရေးအတွက် ရည်ရွယ်ပါကြောင်း။

မြန်မာနိုင်ငံတွင် အသက် ၁၅ နှစ်မှ ၁၉ နှစ်အရွယ် လူငယ်ငါးသန်းခွဲခန့်၊ အသက် ၂၀ မှ ၂၄ နှစ်အရွယ် လူငယ် ငါးသန်းခွဲခန့်နှင့် အသက် ၂၅ နှစ်မှ ၂၉ နှစ်အရွယ် လူငယ်ငါးသန်းကျော်ရှိသည့်အတွက် လူငယ် ၁၆ သန်းကျော်ရှိပါကြောင်း၊ ယခု ရောက်ရှိလာကြမည့် ထူးချွန်လူငယ် မောင်မယ်များထဲမှ ဘက်စုံပညာထူးချွန်လူငယ်များအနေဖြင့် ဖွဲ့စည်းလုပ်ရှားမှုများတွင် အတွေ့အကြုံရှိခဲ့ပြီးသားဖြစ်သလို မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့်လည်း လုပ်ရှားဆောင်ရွက်လာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်ရာ အထူးပြုပြင်စရာမလိုလောက်အောင် ကျစ်လျစ်ကြံ့ခိုင်နေပြီဖြစ်ပါကြောင်း၊ အနည်းငယ်ထိန်းကျောင်းပေးသွားရမည့်အဖွဲ့မှာ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ပင်ဖြစ်ပါကြောင်း၊ နှစ်ပေါင်း ၅၀ ခန့်မျှ လုပ်ရှားမှုရပ်တန့်ခဲ့ရပြီး ယခုမှ တစ်ဖန် အားပေးချီးမြှောက်ရသည့်အတွက် အတွေ့အကြုံ ပြန်လည်ရင့်သန်အောင် ကြိုးစားကြရဦးမည်ဖြစ်ပါကြောင်း။

ကြက်ခြေနီအသင်းသားနှင့် ကင်းထောက်လူငယ်များ အမြန်ဖွဲ့စည်းဆောင်ရွက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အားလုံးကို အကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးကို တက်ရောက်လာကြသည့် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးများအနေဖြင့် ယခုကဲ့သို့ ထူးချွန်လူငယ်များကို မြေတောင်မြှောက်ပေးရုံသာမကဘဲ မိမိတို့တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မြန်မာနိုင်ငံ၏အရေးကြီးဆုံး လူ့စွမ်းအားအရင်းအမြစ်အဖြစ် လူငယ်ထုတစ်ရပ်လုံးကို ပျိုးထောင်ရန် လိုအပ်ပါကြောင်း။

ထို့အတွက် နောက်လဆန်းပိုင်းတွင် ကျင်းပမည့် နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုပေးပွဲအခမ်းအနားနှင့်အတူ ပြုလုပ်မည့် ဘက်စုံပညာထူးချွန်လူငယ်များ၊ ကင်းထောက်လူငယ်များ၊ ထူးချွန်ကြက်ခြေနီလူငယ်များ တွေ့ဆုံပွဲအတွက် ကြိုတင်ပြင်ဆင်ရန် လိုအပ်ချက်များ၊ ပြည့်ပြည့်စုံစုံရှိစေရန် လိုအပ်သည့် အကြံဉာဏ်များဆွေးနွေးတင်ပြကြရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဘက်စုံပညာထူးချွန်၊ ထူးချွန်ကြက်ခြေနီနှင့် ကင်းထောက်လူငယ်မောင်မယ်များ တွေ့ဆုံပွဲပြုလုပ်ရေးကိစ္စနှင့်စပ်လျဉ်း၍ စီစဉ်ထားရှိမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ရှင်းလင်းတင်ပြသည်။

ထို့နောက် ကင်းထောက်စခန်းချ တွေ့ဆုံပွဲကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ကလည်းကောင်း၊ ထူးချွန်ကြက်ခြေနီများစခန်းသွင်းလေ့ကျင့်ခြင်းနှင့် စုပေါင်းတွေ့ဆုံခြင်းကိစ္စရပ်များကို မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသာလှရွှေကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ၂၀၁၄ ခုနှစ် မေ ၃ ရက်တွင်ကျင်းပမည့် စုပေါင်းတွေ့ဆုံပွဲနှင့် ဂုဏ်ပြုညစာစားပွဲကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခမ်းအနားသို့ တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားရာတွင် လူငယ်များ၏လှုပ်ရှားမှုကို အသေးစိတ်လေ့လာကြည့်ပါက အိမ်မှစာသင်ခန်း၊ စာသင်ခန်းမှအိမ်သို့သာ လှုပ်ရှားသွားလာလျက်ရှိသည်ကို တွေ့ရပါကြောင်း၊ ထို့အတွက် အသက်သာကြီးလာသော်လည်း လိုအပ်သည့် ဗဟုသုတများနည်းပါးနေပါကြောင်း၊ ပြောင်းလဲလာမည့်ခေတ်ကာလများနှင့်အညီ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် အသိပညာ၊ အတတ်ပညာများ ရရှိစေရန် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်သွားရန် လိုပါကြောင်း၊ ဘက်စုံထူးချွန်၊ ကြက်ခြေနီစသည့် လူငယ်များအပြင် အခြားသောလူငယ်ထုများကိုလည်း သိသင့်သိထိုက်သည်များကို သင်ကြားပေးသွားရန်လိုအပ်ပါကြောင်း၊ ယခုဖိတ်ခေါ်ထားသည့်သုံးဖွဲ့ကို ဖိတ်ခေါ်ရာတွင်လည်း နိုင်ငံတော်အနေဖြင့် နိုင်ငံ့စွမ်းဆောင်ရည်ဆုများကို ပေးအပ်ရာတွင်မည်သို့သော အကြောင်းရင်းကြောင့် ချီးမြှင့်သည်၊ မည်သည့်အတွက်ကြောင့် ချီးမြှင့်သည်စသည်တို့ကို သိရှိပါက အားကျအတုယူလိုက်နာဆောင်ရွက်သွားတတ်စေရန်လည်း ရည်ရွယ်ပါကြောင်း။

လူငယ်များကို စခန်းသွင်းလေ့ကျင့်ရာတွင် သက်သောင့်သက်သာနေတတ်စေရန် ဆောင်ရွက်ပေးခြင်းများကိုသာမက ခက်ခဲသည့်နေရာများတွင်လည်း စခန်းသွင်းလေ့ကျင့်ပေးသွားကြရန်လိုအပ်ပါကြောင်း၊ သို့မှသာ အခက်အခဲအတားအဆီးများကို ရင်ဆိုင်ကျော်လွှားနိုင်စွမ်းရှိသည့် လူငယ်များ အဖြစ်ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ လူငယ်များအနေဖြင့် ကျောင်းပညာရပ်တွင်သာမက ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များတွင်လည်း နားလည်တတ်ကျွမ်းရန်လိုအပ်ပါကြောင်း၊ ထူးချွန်လူငယ်များအနေဖြင့် ကျေးလက်ဒေသများသို့ ရောက်ရှိသည်အထိကွင်းဆင်းလေ့လာပြီး မိမိတို့နိုင်ငံသားများ၏ လူမှုစီးပွား၊ နေထိုင်မှုအခြေအနေများကို နားလည်သဘောပေါက်အောင် လေ့လာသွားကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

မကွေးမြို့တွင် လေကြောင်းလူငယ်သင်တန်းဖွင့်ပွဲကျင်းပ

မကွေး ဧပြီ ၂၃

လေကြောင်းလူငယ် သင်တန်းဖွင့်ပွဲ ၁/၂၀၁၄ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက မကွေးမြို့ အထက(၃) အစည်းအဝေးခန်းမ၌ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် မကွေးလေတပ်စခန်း ဌာနချုပ်မှ ဌာနချုပ်မှူး ဗိုလ်မှူးချုပ် အောင်ဆန်းဝင်းတို့က သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဖွင့်လှစ်လျက်ရှိ

အဆိုပါ သင်တန်းသို့ မကွေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များမှ အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူ ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ကြာ သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်းနှင့် ယခုသင်တန်းသည် မကွေးမြို့တွင် ပထမဦးဆုံး ဖွင့်လှစ်သည့် သင်တန်းဖြစ်ပြီး မြန်မာနိုင်ငံအတွင်း လေတပ်စခန်းနှင့် ရေတပ်စခန်းဌာနချုပ်များတည်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုတို့တွင်လည်း တစ်ပြိုင်တည်း ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

တင်ထွန်းဦး

ရှင်ပြုအလှူပွဲပြုလုပ်စဉ် မီးစက်မှတစ်ဆင့် ကူးစက်လောင်ကျွမ်း နေအိမ် ၂၂ လုံး မီးလောင်ဆုံးရှုံး

နေပြည်တော် ဧပြီ ၂၃

ဧပြီ ၂၂ ရက် ည ၁၀ နာရီ ၁၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် တောပုကျေးရွာနေ ဦးဟန်ညွန့်၏နေအိမ်၌ ရှင်ပြုအလှူပွဲပြုလုပ်နေစဉ် အလှူမဏ္ဍပ်တွင် အသုံးပြုနေသော ဓာတ်ဆီသုံးမီးစက်မှ မီးစတင်လောင်ကျွမ်းခဲ့ပြီး အလှူမဏ္ဍပ်မှတစ်ဆင့်အနီးဝန်းကျင်ရှိ နေအိမ်များသို့ ကူးစက်လောင်ကျွမ်းခဲ့ရာ မြင်းခြံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၁၁ နာရီခွဲတွင် မီးညွန့်ကျိုးပြီး ဧပြီ ၂၃ ရက် နံနက် ၄ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။

မီးကူးစက် လောင်ကျွမ်းမှုကြောင့် ၎င်းရွာနေ မောင်ဖိုးသား (ခြောက်နှစ်)တွင် ခန္ဓာကိုယ်တစ်ခုလုံး မီးဟပ်ခံရသည့် ဒဏ်ရာရရှိခဲ့သဖြင့် မန္တလေးဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ပြီး သွပ်မိုး/ထရံကာ/ပျဉ်ခင်း နှစ်ထပ်နေအိမ် ၁၉ လုံး၊ မြေစိုက်/ထရံကာ/သွပ်မိုး နေအိမ်သုံးလုံး စုစုပေါင်းနေအိမ် ၂၂ လုံးဆုံးရှုံးခဲ့ကာ မီးဘေးသင့်အိမ်ထောင်စု ၂၃ စုမှ လူဦးရေ အမျိုးသား ၅၂ ဦး၊ အမျိုးသမီး ၄၇ ဦး စုစုပေါင်း ၉၉ ဦးအား ကျေးရွာဘုန်းကြီးကျောင်းများနှင့် အခြေခံပညာမူလတန်းကျောင်းတို့တွင် ယာယီနေရာချထားပေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဦးဟန်ညွန့်ကို ဆီမီးခုံနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ပြည်တွင်းသတင်း

လူရည်ချွန်စခန်းဝင်မည့် ဘက်စုံထူးချွန်(လူရည်ချွန်)ကျောင်းသား ကျောင်းသူများ ပြည်နယ်ဝန်ကြီးချုပ်ထံ လမ်းညွှန်မှုခံယူ

မော်လမြိုင် ဧပြီ ၂၃

မွန်ပြည်နယ်မှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ဘက်စုံထူးချွန်(လူရည်ချွန်)အဖြစ် ရွေးချယ်ခံရသည့် ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်ဆရာ ဆရာမများ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်ထံ လမ်းညွှန်မှုခံယူသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။ ဘက်စုံထူးချွန်(လူရည်ချွန်)များကို အစိုးရသစ်လက်ထက်တွင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်ကစတင်ရွေးချယ်ပြီး အပန်းဖြေစခန်းများသို့ စေလွှတ် အပန်းဖြေလေ့လာစေခဲ့ရာ မွန်ပြည်နယ်မှ ယခုနှစ်အပါအဝင် နှစ်ကြိမ်စေလွှတ်ခဲ့ပြီး ယခုနှစ်တွင်လည်း ယခင်နှစ်ကဲ့သို့ပင် ကျောင်းသား ကျောင်းသူ ၁၈ဦးကို ရွေးချယ်စေလွှတ်ခဲ့သည်ဟု သိရသည်။

“ထူးချွန်ကျောင်းသား ကျောင်းသူတွေကို မွန်ပြည်နယ် ၁၀ မြို့နယ်မှာရှိတဲ့ ကျောင်းများက အဆင့်ဆင့်ရွေးချယ်ပြီးတော့မှ နောက်ဆုံး ၁၈ဦးကို ရွေးချယ်ခဲ့တာပါ။ ဒီနှစ်မှာ လူရည်ချွန်စခန်းဝင်မယ့် ကျောင်းသားကျောင်းသူတွေအနေနဲ့ ပုဂံ၊ အင်းလေး၊ ငွေဆောင်နဲ့ နေပြည်တော် အပန်းဖြေစခန်းတွေကို နိုင်ငံတော်အစီအစဉ်နဲ့ ပို့ဆောင်ပေးသွားမှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးက ထူးချွန်ထက်မြက်တဲ့ ကျောင်းသား ကျောင်းသူတွေ တွေ့ဆုံပြီး ဒေသန္တရ ဗဟုသုတ၊ တိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှုစတာတွေကို ဖလှယ်ခွင့်ရရှိကြတဲ့အတွက် တကယ်အကျိုးရှိပါတယ်” ဟု ကြီးကြပ်အဖြစ် လိုက်ပါမည့် ဆရာမဒေါ်ချိုချိုလွင်က ပြောကြားသည်။

ထူးချွန်ကျောင်းသား ကျောင်းသူ ၁၈ဦးတွင် ကျောင်းသား ကိုးဦးနှင့် ကျောင်းသူ ကိုးဦးပါဝင်ပြီး မော်လမြိုင်မြို့နယ်မှ လေးဦး၊ မုဒုံမြို့နယ်မှ သုံးဦး၊ ချောင်းဆုံမြို့နယ်မှ သုံးဦး၊ သံဖြူဇရပ်မြို့နယ်မှ နှစ်ဦး၊ သထုံမြို့နယ်မှ သုံးဦး၊ ဘီးလင်းမြို့နယ်မှ နှစ်ဦးနှင့် ကျိုက်ထိုမြို့နယ်မှ တစ်ဦးပါဝင်ကြောင်း၊ လေ့လာရေးသွားရောက်မည့် လူရည်ချွန် ကျောင်းသား ကျောင်းသူများကို မွန်ပြည်နယ်အစိုးရက ဂုဏ်ပြုငွေကျပ် ၂၁ သိန်း ၆ သောင်းကျော် ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

❋ *ကျောဖုံးမှ*

“နေပူခံပြီး အလုပ်လုပ်ကြတာ အမျိုးသားတွေများပြီး အရက်သောက်များတာလည်း အမျိုးသားတွေဖြစ်တဲ့အတွက် ဒီရောဂါကိုအဖြစ်များကြတာဖြစ်ပါတယ်။ အခုဆေးရုံတက်တဲ့ ၁၈ ဦးမှာလည်း အမျိုးသား ၁၆ ဦး၊ အမျိုးသမီးနှစ်ဦး ဖြစ်ပါတယ်။ ၈၃ နှစ်နဲ့ ၇၅ နှစ်ရှိတဲ့ သက်ကြီးရွယ်အိုနှစ်ဦး ပါဝင်ပါတယ်။ ရှေ့ပြေးရောဂါလက္ခဏာတွေကတော့ ခန္ဓာကိုယ်ပူနေပြီး အဖျားတိုင်းကြည့်တဲ့အခါ ၁၀၂ ကနေ ၁၀၄ အထိရောက်ရှိပြီး သတိလစ်နေတတ်ပါတယ်။ ခန္ဓာကိုယ်အရေပြားနီနေပြီး ချွေးထွက်ခြင်းမရှိပါက ရောဂါဖြစ်မယ့်လက္ခဏာတွေပဲ ဖြစ်ပါတယ်” ဟု ၎င်းက ဆိုသည်။

ထိုသို့ဖြစ်ပေါ်နေပါက နီးစပ်ရာဆေးရုံသို့ချက်ချင်းစမ်းသပ်ကုသမှုခံယူရန်နှင့် လူနာအား ရေခဲဆွတ်ထားသည့် အဝတ်ဖြင့်ရေပတ်တိုက်ပေးခြင်း၊ ရေချိုးခြင်းစသည့် ကုသမှုတို့ဖြင့် လျင်မြန်စွာဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်းကပြောသည်။ မန္တလေးဆေးရုံကြီးမှ ကြိုတင်ပြင်ဆင်ထားရှိမှုများအနေဖြင့် အရေးပေါ်လူနာကုသဆောင်တွင် ၎င်းလူနာများကုသပေးရန်အတွက် ဝန်ထမ်း ၁၀၀ ကျော်တာဝန်ချထားခြင်း၊ ဆေးဝါးများ အလုံအလောက် ဖြည့်တင်းထားရှိခြင်း၊ လူနာများကို ကုသပြီး သက်သာလာပါက လေဝင်လေထွက်ကောင်း၍ သက်သာချောင်ချိစွာနေထိုင်နိုင်မည့် အခန်းများကို စီစဉ်ထားရှိပေးခြင်း၊ ရေခဲများအလုံအလောက်ဖြစ်စေရေးအတွက် စီစဉ်ထားခြင်း၊ ဆေးရုံကြီးနှင့် ပြင်ပလူမှုကူညီရေးအသင်းများမှ လူနာတင်ယာဉ်များကိုလည်း စီစဉ်ထားခြင်းများကို ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်သူများ အနေဖြင့်လည်း လူနာများအတွက် ရေခဲများ၊ ရေသန့်နှင့် အာဟာရများလှူဒါန်းပေးခြင်းဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရန် လိုအပ်လျက်ရှိသည်။ ဧပြီ ၂၃ရက် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှထုတ်ပြန်ချက်အရ မန္တလေးမြို့၏ အမြင့်ဆုံးအပူချိန်မှာ ၄၂ဒီဂရီစင်တီဂရိတ် (၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်) အထိ ရှိနေကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

❍ *ကျောဖုံးမှ*

၎င်းတို့သုံးဦးမှာ အဆိုပါပင်လယ်ဓားပြမှုနှင့် ပတ်သက်ဖွယ်ရှိကြောင်း မလေးရှားရေကြောင်းလုံခြုံရေးအေဂျင်စီက ပြောကြားသည်။ နာဂီဝါမာရူးရေနံတင်သင်္ဘောတွင် အင်ဒိုနီးရှား၊ ထိုင်း၊ အိန္ဒိယလူမျိုး သင်္ဘောသားများအပြင် မြန်မာသင်္ဘောသားများလည်းပါရှိရာ အဆိုပါကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသင်းမှ တာဝန်ရှိသူတစ်ဦးက မိမိတို့အသင်းအနေဖြင့် မြန်မာသင်္ဘောသားများ၏ ကျန်းမာရေးအခြေအနေနှင့်အခြားလိုအပ်ချက်များ ရှိ မရှိစုံစမ်းပြီး အကူအညီပေးသွားမည်ဖြစ်ကြောင်း၊ သတင်းအရ မြန်မာနိုင်ငံသို့ ခုတ်မောင်းလာသည့် သင်္ဘောဟုသိထားရသည့်အတွက် ဆိပ်ကမ်းသို့ ရောက်လာသည့်အခါ လိုအပ်သည့်အကူအညီများတောင်းခံလာပါက ကူညီမည်ဖြစ်ကြောင်းပြောကြားသည်။

မြန်မာနိုင်ငံ၏ပြည်တွင်းဈေးကွက်အတွက် လိုအပ်သည့်စက်သုံးဆီများကို စွမ်းအင်ဝန်ကြီးဌာန၏တရားဝင်ခွင့်ပြုချက်ဖြင့်တင်သွင်းရာတွင် တင်သွင်းမှုအများဆုံးမှာ ဒီဇယ်ဆီဖြစ်ကြောင်း၊ နှစ်စဉ်သင်္ဘောစင်းရေ ၃၀ မှ ၄၀ ခန့်အထိတင်သွင်းပြီး နိုင်ငံအတွင်းဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချသူများအသင်းမှတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

“အများဆုံးတင်သွင်းတဲ့နိုင်ငံတွေက စင်ကာပူ၊ မလေးရှားနဲ့အင်ဒိုနီးရှားနိုင်ငံတွေဖြစ်ပါတယ်။ ရန်ကုန်ဆိပ်ကမ်းအရောက် တင်ဒါစနစ်နဲ့တိုက်ရိုက်တင်သွင်းတာဖြစ်ပါတယ်” ဟု မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချသူများအသင်းမှ ဦးစိုးမိုးအောင်က ပြောကြားသည်။

စက်သုံးဆီတင်သွင်းသည့်သင်္ဘောများမှာ ပုံမှန်ဝင်ရောက်နေခြင်းဖြစ်ကြောင်း၊ ပုဂ္ဂလိကအတွက်တင်သွင်းသည့်ဆီသင်္ဘောများတရားဝင် ဝင်ရောက်မှုကို စနစ်တကျစိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ဆီတင်သွင်းမှုများကို သတင်းရလျှင်ရချင်းအရေးယူမှုများပြုလုပ်နေကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ တရားမဝင်တင်သွင်းသည့်ဆီတင်သင်္ဘောများ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအချို့နှင့် တနင်္သာရီတိုင်းဒေသကြီးဆိပ်ကမ်းမြို့အချို့သို့ဝင်ရောက်ရောင်းချမှုများရှိတတ်သဖြင့် တိုင်းဒေသကြီးအစိုးရ၊ ဆိပ်ကမ်းအာဏာပိုင်နှင့်အကောက်ခွန်မှ တာဝန်ရှိသူများက စိစစ်အရေးယူမှုများရှိခဲ့ပြီး ယခုနှစ်အတွင်းတရားမဝင်စက်သုံးဆီတင်သွင်းမှုလျော့ကျလာသည်ဟုဆိုသည်။

“ဒီဇယ်ဆီဈေးက ပုံမှန်အတိုင်းပါပဲ။ မြန်မာနိုင်ငံကိုဝင်မယ့်ဒီဇယ်တင်သင်္ဘောပင်လယ်ဓားပြတိုက်ခံရတယ်လို့ ကြားပေမယ့် ဈေးကထူးပြီးတက်မလာပါဘူး။ ပြည်တွင်းဈေးကွက်ကိုလည်း မထိခိုက်နိုင်ပါဘူး။ ဒါပေမယ့် ဒီရက်ပိုင်းမှာ အပူချိန်မြင့်တက်လာလို့ ကားတွေဆီပိုသုံးကြတယ်လို့ထင်ပါတယ်။ ဝယ်လိုအားမြင့်တက်နေပါတယ်” ဟု ရန်ကုန်မြို့တာမွေမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်မှ မန်နေဂျာတစ်ဦးက ပြောကြားသည်။

ခင်ရတနာ

လျှပ်စစ်ဓာတ်အားရရှိရေး ဆက်သွယ်နိုင်ရန် ပြည်သူလူထုအား အသိပေးတင်ပြခြင်း

နေပြည်တော် ဒက္ခိဏသီရိခရိုင်အတွင်း လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အကြောင်းအမျိုးမျိုးကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုရှိပါက ဆောလျင်စွာ ဓာတ်အားပြန်ပေးနိုင်ရေးအတွက် အောက်ပါခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများ၏ တယ်လီဖုန်းများသို့ ဆက်သွယ်အကြောင်းကြားနိုင်ပါကြောင်း မေတ္တာရပ်ခံအသိပေးတင်ပြအပ်ပါသည်။

စဉ်	ခရိုင်/မြို့နယ်	တာဝန်ခံ	ဖုန်းနံပါတ်
၁	ဒက္ခိဏခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံး	ခရိုင်လျှပ်စစ်အင်ဂျင်နီယာ	၀၉-၄၉၂၀၂၈၉၂
၂	ဇမ္ဗူသီရိမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး	မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉-၄၉၂၀၂၈၈၃
၃	ဒက္ခိဏသီရိမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး	မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉-၄၉၂၀၂၈၉၅
၄	ပျဉ်းမနားမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး	မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉-၄၉၂၀၂၈၉၄
၅	လယ်ဝေးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး	မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉-၄၉၂၀၂၈၇၆
၆	အေလာမြို့ လျှပ်စစ်အင်ဂျင်နီယာရုံး	မြို့လျှပ်စစ်အင်ဂျင်နီယာ	၀၆၇-၆၀၂၉၉
၇	သာဝတ္ထိမြို့ လျှပ်စစ်အင်ဂျင်နီယာရုံး	မြို့လျှပ်စစ်အင်ဂျင်နီယာ	၀၆၇-၆၅၂၂၇



အခွန်ထမ်းပြည်သူများသို့ ကျေးဇူးတင်ရှိပါကြောင်း

- လက်ရှိအစိုးရသစ်လက်ထက်တွင် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်အရပ်ရပ် ကောက်ခံရရှိမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
  - ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ကျပ်ဘီလီယံ ၁၅၃၈ ဒသမ ၇၆၆
  - ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကျပ်ဘီလီယံ ၂၇၁၀ ဒသမ ၉၀၆
  - ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျပ်ဘီလီယံ ၃၅၈၂ ဒသမ ၃၆၀
- ထိုသို့ အခွန်ငွေတိုးတက်ကောက်ခံရရှိခဲ့ခြင်းကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု အရှိန်မြှင့်တင်ရေးအတွက် ပိုမိုဆောင်ရွက်နိုင်ခဲ့ရာ ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍတို့တွင် တစ်နှစ်ထက်တစ်နှစ် အောက်ပါအတိုင်း ပိုမိုသုံးစွဲနိုင်ခဲ့ပါသည်-
  - ပညာရေးကဏ္ဍအတွက်
    - ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ကျပ်ဘီလီယံ ၃၁၀ ဒသမ ၄၀၁
    - ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကျပ်ဘီလီယံ ၇၆၄ ဒသမ ၇၉၃
    - ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျပ်ဘီလီယံ ၉၀၉ ဒသမ ၄၅၉
  - ကျန်းမာရေးကဏ္ဍအတွက်
    - ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ကျပ်ဘီလီယံ ၉၂ ဒသမ ၀၀၅
    - ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကျပ်ဘီလီယံ ၄၀၀ ဒသမ ၇၁၉
    - ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျပ်ဘီလီယံ ၅၂၈ ဒသမ ၅၇၃
- ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် အဓိကကျသူများဖြစ်သည့် အခွန်တာဝန်ကျေပွန်သူ အခွန်ထမ်း ပြည်သူများအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် နိုင်ငံနှင့်ပြည်သူများ၏ လိုအပ်ချက်များကို ဆက်လက်မြှင့်တင်ဖြည့်ဆည်းနိုင်ရန်အတွက် အခွန်ကောက်ခံမှုလုပ်ငန်းများကို ဝိုင်းဝန်းအကူအညီပေးကြပါရန် ပန်ကြားအပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ၂၀၁၄ ဒုတိယပွဲစဉ် (ရန်ကုန်)တွင် ကျင်းပမည်

ရန်ကုန် ဧပြီ ၂၃

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံအဆင့်မြင့် ဂေါက်သီးပညာရှင်များအသင်း (Myanmar PGA)တို့က ကြီးမှူး၍ မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲကို ကျင်းပလျက်ရှိရာ ယူနိုက်တက်အမရဘဏ်မှ အဓိက ကူညီပံ့ပိုးမည်ဖြစ်သော မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ်ကို မေ ၆ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)တွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးအားကစားမောင်မယ်များသည် ဧပြီ ၂၅ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေး ငွေကျပ်၂၀၀၀၀ နှင့်အတူ မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း ဥက္ကလာလမ်းနှင့် လေဆိပ်လမ်းထောင့် မရမ်းကုန်းမြို့နယ် ဖုန်း ၀၉-၅၁၇၇၉၅၆၊ ၀၉-၇၃၀၈၀၁၁၂၊ ၀၉-၄၂၀၀၁၇၈၃၅၊ ၀၉-၂၀၃၇၆၇၁ တို့နှင့် ပြိုင်ပွဲကျင်းပမည့် ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)တို့တွင် အမည်စာရင်း ပေးသွင်းရမည်ဖြစ်သည်။ အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲတွင် လူဦးရေကန့်သတ်ထားသောကြောင့် ပြိုင်ပွဲဝင်အမည်စာရင်းများကို အချိန်မီပေးသွင်းကြရန်နှင့် သတ်မှတ်လူဦးရေထက် ကျော်လွန်ပါက ၂၀၁၄ ခုနှစ် ဧပြီ ၃၀ ရက်တွင် လက်ရည်စစ်ပြိုင်ပွဲကျင်းပပြီး ပါဝင်ယှဉ်ပြိုင်ခွင့်ကို စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ရောဝတီဘဏ်၊ ယူနိုက်တက်အမရဘဏ်၊ မြဝတီဘဏ်၊ အာရှစီမံလန်းမှုဖွံ့ဖြိုးရေးဘဏ်နှင့် အင်းဝဘဏ်တို့က အဓိကကူညီပံ့ပိုးသော ၂၀၁၄ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲများကို ၂၀၁၄ ခုနှစ် မတ်လမှ နိုဝင်ဘာလအထိ နေပြည်တော်၊ ရန်ကုန်၊ ပြင်ဦးလွင်၊ မန္တလေး၊ ပုဂံ၊ နေပြည်တော်မြို့များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပရော်ဖက်ရှင်နယ်အဆင့်၊ အပျော်တမ်း အမျိုးသား (Handicap 0-12) အဆင့်ရှိသူများနှင့်အမျိုးသမီး(Handicap 0-24) ပြိုင်ပွဲများဟူ၍ ပါဝင်ပြီး စိန့်အင်ဒရူးဂေါက်စည်းမျဉ်းနှင့် ဒေသန္တရစည်းမျဉ်းအတိုင်း ကျင်းပမည်ဖြစ်ပြီး ဆုများကို ထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **စိုးညွန့်**

ပြည်တွင်းသတင်းနှင့်ဓာတ်ပုံ

ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်တွင် ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်ရေးအတွက် ယာဉ်အသွားအလာများသော ကုသိနာလမ်းနှင့် မြို့မလမ်းထောင့်တို့တွင် ဧပြီ ၂၁ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ပခုက္ကူမြို့ အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ်မှူး ရဲအုပ်စိုးမြင့်ထွေးနှင့် အဖွဲ့ဝင်များက ကြီးကြပ်စစ်ဆေးဆောင်ရွက်လျက်ရှိစဉ်။

အိမွန်ဆွေ(ရေစကြို)

ပုသိမ်ကြီးမြို့၌ လူနာတင်ယာဉ်လှူဒါန်း

ပုသိမ်ကြီး ဧပြီ ၂၃

၁၃၇၆ ခုနှစ် မြန်မာနှစ်သစ်ကူးအခါကာလတွင် ကုသိုလ်ဒါနပြုလုပ်ခြင်းများ ဆောင်ရွက်ကြရာ ပုသိမ်ကြီးမြို့ အောင်မင်္ဂလာ (၁)ရပ်ကွက်နေ ဦးဆန်းညွန့်ဝေ- ဒေါ်မြမြအေး သားမောင်ရဲမင်းထွန်း(ခ)ဖိုးဝ မိသားစုမှ ဧပြီ ၁၇ ရက် နံနက် ၈ နာရီက ဆင်ပွတ်ကြီးကျေးရွာ သုခကာရီကျန်းမာရေးစောင့်ရှောက်ရေး အသင်းအတွက် လူနာတင်ယာဉ် တစ်စီးလှူဒါန်းပွဲကို နေအိမ်၌ကျင်းပရာ **(ဝဲပုံ)**ကျေးရွာအုပ်ချုပ်ရေးမှူး ဦးငွေနှင့် အဖွဲ့ဝင်များက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

"ဆင်ပွတ်ကြီး ကျေးရွာသည် ပုသိမ်ကြီးမြို့၏ အရှေ့မြောက်ဘက် ငါးမိုင်ခန့်အကွာတွင် တည်ရှိပြီး ယာမြေလုပ်ငန်းလုပ်ကိုင်သူများ နေထိုင်ကြသည်။ အရေးပေါ် ကျန်းမာရေးကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် လှူဒါန်းရခြင်းဖြစ်ကြောင်း အလှူရှင် ဒေါ်မြမြအေးက ပြောသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

ဘီဘီစီ မြန်မာတီဗီအစီအစဉ် လာပြီ။

ည ၈ : ၄၅ (တနင်္လာကနေ သောကြာအထိ) MNTV လိုင်းမှာ ရှိနေမယ်။

ရေဒီယို၊ မိုဘိုင်းဖုန်း နဲ့ အွန်လိုင်းတွေကသာမက
ဘီဘီစီ မြန်မာတီဗီအစီအစဉ်ကိုပါ ကြည့်ရှုနိုင်ကြပါပြီ။

ကမ္ဘာအနှံ့မှာရှိတဲ့ ဘီဘီစီသတင်းထောက်တွေဆီက နောက်ဆုံးရ သတင်းတွေ၊
နည်းပညာသစ်တွေ၊ အားကစားနဲ့ ဖျော်ဖြေရေး စတဲ့ သတင်းတွေကို တင်ဆက်ပေးနေပါတယ်။

mn tv

BBC မြန်မာပိုင်းအစီအစဉ်

LIVE THE STORY

bbcburmese.com

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

သင်္ကြန်အပိတ် အဖွင့် ရွှေဈေးနှင့်အလားအလာ

သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ဘော်ဂါသွေး

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းရုံး၏ အခေါက်အပိုင်းရွှေ(မီးလင်းရွှေ) အရောင်းအဝယ်ဈေးကွက်ကို ဧပြီ ၁၂ ရက်မှ ဧပြီ ၂၀ ရက်အထိ ရပ်နားခဲ့သည်။

သင်္ကြန်မတိုင်မီအရောင်းအဝယ်



နောက်ဆုံးရက်ဖြစ်သည့် ဧပြီ ၁၁ ရက် (သောကြာနေ့) နံနက်ခင်း၌ မြန်မာ့ရွှေဈေး တစ်ကျပ်သားလျှင် ငွေကျပ် ၆၇၃၆၀၀ ဈေးရှိ၍ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၁၃၁၈ရှိခဲ့သည်။ ယင်းနေ့၌ ဈေးကွက်ပိတ်ချိန် စောခဲ့သည်။ မွန်းလွဲ ၂ နာရီတွင် အသင်းရုံး ရွှေဈေးကွက်ပိတ်သိမ်းခဲ့သည်။ ဈေးပိတ်သိမ်း၍ မြန်မာ့ရွှေဈေး တစ်ကျပ်သားလျှင် ငွေကျပ် ၆၇၄၂၀၀ ဖြင့် ဈေးပိတ်သိမ်းခဲ့သော်လည်း ကမ္ဘာ့ရွှေဈေးမှာ နံနက်ခင်းဖွင့်ဈေး အမေရိကန်ဒေါ်လာ ၁၃၁၈ ရှိခဲ့သည်။

သင်္ကြန်အပြီး ဧပြီ ၂၁ ရက် (တနင်္လာနေ့)တွင် အသင်းရုံး အခေါက်ရွှေဈေးကွက်ပြန်လည်လှုပ်ရှားလာခဲ့သည်။ မြန်မာ့ရွှေဈေးအနေဖြင့် တစ်ကျပ်သားလျှင် ငွေကျပ် ၆၆၁၀၀၀ဖြင့်စဖွင့်ခဲ့ပြီး ကမ္ဘာ့ရွှေဈေးအနေဖြင့်တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၈၅ ရှိခဲ့သည်။ ယင်းနေ့တစ်နေ့လုံး ကမ္ဘာ့ဈေးအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့သည်။ သို့သော်လည်း မြန်မာ့ရွှေဈေးကွက်၌ တစ်ကျပ်သားလျှင် ငွေကျပ် ၃၀၀ လျှော့၍ ငွေကျပ် ၆၆၀၇၀၀ဖြင့် ဈေးသိမ်းခဲ့သည်။

သင်္ကြန်မတိုင်မီ တစ်ရက်နှင့် သင်္ကြန်အပြီး မြန်မာ့ရွှေဈေးကွက် ပြန်လည်ဖွင့်ချိန်အတောအတွင်း ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၁၃၀၀၀ ခန့်ကွာခြားလျော့နည်းခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

ဧပြီလ၏ ကုန်ဆုံးခဲ့သောရက်များအတွင်း မြန်မာ့ရွှေဈေးနှုန်းကို ပြန်လည်သုံးသပ်ကြည့်ပါက ဧပြီ ၁ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၆၆၀၀၀၀ဖြင့် စတင်ဖွင့်ခဲ့ပြီး ညနေ ဈေးကွက်ပိတ်သိမ်းချိန်၌ ငွေကျပ် ၆၅၉၀၀၀ရှိခဲ့၍ လဆန်းတစ်ရက်ကပင် စတင်၍ အကျဘက်သို့ပိတ်နေခဲ့သည်။ ၎င်းကအတွင်း ဈေးအမြင့်ဆုံးဖြစ်ခဲ့သောရက်မှာ ဧပြီ ၁၀ ရက်ကဖြစ်သည်။ ယင်းနေ့တွင် မြန်မာ့ရွှေဈေးမှာ အခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၆၇၄၀၀၀ရှိနေခဲ့သည်။

ရွှေဆိုင်များ၏ အရောင်းအဝယ်နှင့် ပတ်သက်၍ ဗိုလ်ချုပ်ဈေးကွက်၌ လုပ်ရှားနေသော ဦးသာသန်း(ရွှေထည်အပ်လက်ခံသူ)က "အခုသင်္ကြန်အပြီး ဒီရက်တွေမှာ ပြန်ရောင်းကြတဲ့ သူတွေများတယ်။ သင်္ကြန်မတိုင်မီက ဝယ်အားလေးတက်ခဲ့တယ်"ဟု ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်းအလုပ်အမှုဆောင်တစ်ဦးဖြစ်သည့် ဦးအေးချို(စမ်းချောင်း)က "ဝယ်လိုအားထက် ပြန်ရောင်းလိုတဲ့သူတွေ များနေတယ်။ ကမ္ဘာ့ရွှေဈေးက တန့်နေတယ်။ ဒီအတိုင်းဆက်သွားမယ်ဆို မြန်မာ့ရွှေဈေးက ဆက်ကျလာနိုင်တဲ့ အလားအလာရှိမယ်။ အကယ်၍သာ ကမ္ဘာ့ရွှေဈေးက တန့်နေရာကနေ ကျလာဦးမယ်ဆို ရွှေအရောင်းအဝယ်ဈေးကွက်က အခုထက်ပိုအေးလာနိုင်တယ်"ဟု သုံးသပ်ပြောကြားခဲ့ပါသည်။

ဧပြီ ၂၂ ရက် နံနက်ရွှေဈေးအဖွင့်၌ မြန်မာ့ရွှေဈေးမှာ အခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၆၆၀၅၀၀ ရှိနေခဲ့ပြီး ကမ္ဘာ့ရွှေဈေးကွက်၌ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၈၇ ရှိခဲ့သည်။ ညနေ ၅ နာရီ အရောင်းအဝယ် ဈေးကွက်ပိတ်သိမ်းချိန်၌ မြန်မာ့အခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၆၆၃၀၀၀ရှိခဲ့ပြီး ကမ္ဘာ့ရွှေဈေးအားဖြင့် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၉၀ ရှိနေခဲ့သည်။

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၃-၄-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)			
ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၆၂၀၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၂၁၁၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၆၁၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newdayစက်သုံးဆီအရောင်းဆိုင်)		
ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၄၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၁၁၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးနိုင်များ)		
၁။ ငါးကြင်း	တစ်ပိဿာ	ကျပ် ၃၂၀၀-၄၀၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	ကျပ် ၃၀၀၀-၃၂၀၀
၃။ ငါးရံ့	တစ်ပိဿာ	ကျပ် ၇၀၀၀-၉၀၀၀
၄။ ငါးဖယ်	တစ်ပိဿာ	ကျပ် ၆၀၀၀-၁၂၀၀၀
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	ကျပ် ၈၀၀၀-၁၀၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	ကျပ် ၁၅၀၀၀-၂၀၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	ကျပ် ၉၀၀၀-၁၄၀၀၀
၈။ ကြက်	တစ်ပိဿာ	ကျပ် ၇၅၀၀-၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၈၀၀၀
၁၀။ အမဲ	တစ်ပိဿာ	ကျပ် ၇၅၀၀-၉၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	ကျပ် ၁၃၀၀၀-၁၅၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)		
အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၆၀-၉၆၄
ဥရောပ	တစ်ယူရို	ကျပ် ၁၃၃၅-၁၃၄၀
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၇၅-၇၈၀
ထိုင်း	တစ်ဘတ်	ကျပ် ၃၁.၂-၃၁.၇
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၅.၆-၁၅.၇
တရုတ်	တစ်ယွမ်	ကျပ် ၁၅၇-၁၆၅
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၂၉၅-၃၀၄

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း		
မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၆၅၀၀
ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၉၅၀၀
ပေါ်ဆန်း(အသစ်)	တစ်အိတ်	၂၅၀၀၀-၂၉၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၆၀၀
ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၃၀၀-၄၅၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၀၀-၁၅၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၂၇၅-၁၃၀၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၀၀-၅၆၀
ငရုတ်ရှည်(ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၄၅၀-၂၅၀၀
ငရုတ်ပွ(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၀၀၀-၄၈၀၀
သကြား	တစ်ပိဿာ	၈၆၀-၉၀၀

ကုန်စည်ဈေးနှုန်းဖြစ်ပြီးအချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ စုစည်းသည်။ | ခင်ဆိုင် ဓာတ်ပုံ/ပြင်ဆင်သည်။

စည်းကမ်းမဲ့ရပ်နားထားသည့်ယာဉ်များကို ရှင်းလင်းအရေးယူလျက်ရှိ

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်မြို့အတွင်း ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေးအတွက် ယာဉ်သွားလမ်းမပေါ်တွင် စည်းကမ်းမဲ့အချိန်ကြာမြင့်စွာ ရပ်တန့်ထားသည့် မော်တော်ယာဉ်များကို မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့မှ ရှင်းလင်းအရေးယူလျက်ရှိရာ စည်းကမ်းမဲ့ ယာဉ်ရပ်နားမှုများ တဖြည်းဖြည်း လျော့နည်းလာသည်ကို တွေ့မြင်ရသည်။

ပုံတွင်မြင်တွေ့ရသည့် မြင်ကွင်းမှာ ဧပြီ ၂၃ ရက်က ရန်ကုန်မြို့ကျောက်တံတားမြို့နယ် အမှတ်(၉)ရပ်ကွက် ဗိုလ်အောင်ကျော်လမ်းရှိ မြန်မာတိုင်း(မ်)ဂျာနယ် အဆောက်အအုံရှေ့တွင် ယာဉ်ရပ်နားခငွေကျပ် ၂၀၀ ပေးဆောင်ပြီး ယာဉ်သွားလမ်းမပေါ်ရပ်တန့်ထားသည့် 8D/. . . ဂျစ်ကားကို ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းတို့က အရေးယူဖယ်ရှားရန်အတွက် ဆောင်ရွက်နေသည်ကို တွေ့မြင်ရသည်။

ယာဉ်သွားလမ်းမပေါ်တွင် ယာဉ်နှစ်ထပ်ရပ်တန့်ထားသည့် စည်းကမ်းမဲ့အဆိုပါဂျစ်ကားကို YCDC ယာဉ်ရပ်နားခ ကောက်ခံရေးအဖွဲ့မှ ယာဉ်ရပ်နားခအခွန်ကောက်ခံထားခြင်းသည် ထိုယာဉ်ကို တရားဝင်ယာဉ်ရပ်နားခြင်းကို ခွင့်ပြုသည့်သဘောဖြစ်သည့်အတွက် အရေးယူဆောင်ရွက်ရမည့်အဖွဲ့အတွက်အခက်အခဲဖြစ်စေကြောင်း မျက်မြင်တွေ့ရှိသူအချို့က ပြောကြားသည်။

အောင်သူရ

အသိပေးနှိုးဆော်လွှာ

၁။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မြင်းမှူးကျေးရွာအုပ်စု၊ ဆင်ရွာကွင်းတွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ပထမဆုံး **ဝေဠုဝန** ကျောက်စိမ်းစေတီတော်မြတ်ကြီးတွင် အောက်ဖော်ပြပါ သာသနိကအဆောက်အအုံများအတွက် သဒ္ဓါကြည်လင်ပါရမီရှင် ဗုဒ္ဓဘာသာဝင်သူတော်စင်များအနေဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း လှူဒါန်းနိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(က)	ဓမ္မာရုံကြီး၏ ခန့်မှန်းကုန်ကျငွေ	ကျပ်သိန်းပေါင်း ၃၃၆၀
(ခ)	မုခ်ဦးကြီးလေးခု၏ ခန့်မှန်းကုန်ကျငွေ	ကျပ်သိန်းပေါင်း ၁၁၀၀
(ဂ)	တံခွန်တိုင်ခန့်မှန်းကုန်ကျငွေ	ကျပ်သိန်းပေါင်း ၂၀၀
(ဃ)	မဟာရံတံတိုင်းတည်ဆောက်ခြင်း၏ ခန့်မှန်းကုန်ကျငွေ	ကျပ်သိန်းပေါင်း ၆၀၀
(င)	ရှင်ဥပဂုတ္တကျောင်းဆောင်တည်ဆောက်ခြင်း၏ခန့်မှန်းကုန်ကျငွေ	ကျပ်သိန်းပေါင်း ၃၂၅
(စ)	ရှင်သီဝလိကျောင်းဆောင်တည်ဆောက်ခြင်း၏ခန့်မှန်းကုန်ကျငွေ	ကျပ်သိန်းပေါင်း ၇၅
(ဆ)	အများသုံးသန့်စင်ခန်းနှင့်ရေပေးဝေမှုလုပ်ငန်းများခန့်မှန်းကုန်ကျငွေ	ကျပ်သိန်းပေါင်း ၁၇၅
(ဇ)	ပြင်ပလျှပ်စစ်သွယ်တန်းခြင်း၏ခန့်မှန်းကုန်ကျငွေ	ကျပ်သိန်းပေါင်း ၉၅၂
(ဈ)	အတွင်းလျှပ်စစ်သွယ်တန်းခြင်း၏ခန့်မှန်းကုန်ကျငွေ	ကျပ်သိန်းပေါင်း ၅၅၀၀
(ည)	မြေထိန်းနံရံတည်ဆောက်မှု၏ခန့်မှန်းကုန်ကျငွေ	ကျပ်သိန်းပေါင်း ၁၃၄၀
(ဋ)	စေတီတော်အဝင်လမ်းမကြီး ပေ ၁၀၀အကျယ်၏ခန့်မှန်းကုန်ကျငွေ	ကျပ်သိန်းပေါင်း ၆၉၀၀
(ဌ)	ကားပါကင်တည်ဆောက်မှု၏ခန့်မှန်းကုန်ကျငွေ	ကျပ်သိန်းပေါင်း ၂၂၅၀
(ဍ)	မြေဖို့ခြင်းလုပ်ငန်းခန့်မှန်းကုန်ကျငွေ	ကျပ်သိန်းပေါင်း ၆၅၃၄
(ဎ)	ဥယျာဉ်တော်တည်ဆောက်ခြင်း၏ခန့်မှန်းကုန်ကျငွေ	ကျပ်သိန်းပေါင်း ၅၀၀

ဆက်သွယ်လှူဒါန်းနိုင်သောနေရာများ

(က)	ဒုရုံးအဖွဲ့မှူး၊ သာသနာရေးဝန်ကြီးဌာန၊ နေပြည်တော်	ဖုန်း-၀၆၇-၄၀၆၀၁၂
(ခ)	မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သစ်တောနှင့်သတ္တုဝန်ကြီးဌာန	ဖုန်း-၀၂-၂၄၉၆၃
(ဂ)	ညွှန်ကြားရေးမှူး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန (မန္တလေး)ဌာနခွဲ	ဖုန်း-၀၂-၆၁၁၁၃
(ဃ)	ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး	ဖုန်း-၀၂-၃၆၃၁၂
(င)	ဦးသိန်းဝင်း၊ အင်ဂျင်နီယာမှူးကြီး၊ ကျောက်စိမ်းစေတီနှင့် ကျောက်စိမ်းဓမ္မာရုံတည်ဆောက်ရေးကော်မတီ	ဖုန်း-၀၉-၅၀၃၅၅၇၉
(စ)	ဦးနေမျိုးအောင်၊ အတွင်းရေးမှူး၊ ကျောက်စိမ်းစေတီနှင့် ကျောက်စိမ်းဓမ္မာရုံတည်ဆောက်ရေးကော်မတီ	ဖုန်း-၀၉-၄၄၄၀၁၉၄၀၃
(ဆ)	ကျောက်စိမ်းစေတီတည်ဆောက်ရေး(ရုံးချုပ်)	ဖုန်း-၀၂-၆၃၅၆၆၊ ၀၂-၃၂၉၈၁
(ဇ)	ကျောက်စိမ်းစေတီတည်ဆောက်ရေး(ရုံး)	ဖုန်း-၀၉-၆၄၆၃၆၇၉၊ ၀၉-၂၅၄၃၃၀၅၉၅၊ ၀၉-၃၀၁၃၇၆

ပြည်ပဆန်ဈေးကွက်နိမ့်ကျခဲ့မှုကြောင့် ဆန်တင်ပို့မှု လျော့နည်းခဲ့ရ

ရန်ကုန် မေ ၂၃

ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း ကမ္ဘာ့ဆန်ဈေးနှုန်း ကျဆင်းခဲ့သဖြင့် မြန်မာနိုင်ငံမှ ဆန်တင်ပို့မှု ကျဆင်းသွားခဲ့ရကြောင်း မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဧပြီလအထိ မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန် တန်ချိန် ၁၁၁၈၅၀၀ သာ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်ဘဏ္ဍာနှစ်နဲ့ နှိုင်းဆမယ်ဆိုရင် ၂၅၉၀၀၀ တန်ချိန် လျော့နည်းပြီး ပို့ခဲ့ပါတယ်။ ဒီလို ဘာဖြစ်လို့လျော့ပြီး ပို့ရသလဲဆိုရင် ကမ္ဘာ့ဆန်ဈေးနှုန်းနဲ့ ပြည်တွင်းပေါက်ဈေးက မကိုက်လို့ ဖြစ်ပါတယ်။ ပြည်တွင်းဈေးကမြင့်ပြီး ကမ္ဘာ့ဆန်ဈေးက နိမ့်နေတယ်။ ဒီအတွက် အရှုံးခံပြီး တင်ပို့လို့မရပါဘူး။ ဒါကြောင့် ပုံမှန်တင်ပို့ဖို့ လျာထားခဲ့သော်လည်း ဈေးမကိုက်တဲ့အတွက် တင်ပို့နိုင်မှု လျော့ကျသွားတာဖြစ်တယ်" ဟု အမှုဆောင်အရာရှိ ဦးချစ်ကိုကိုက ပြောသည်။

"ထိုင်းကလည်း တန်ချိန် ၁၂ သန်းလောက် ဈေးလျှော့ရောင်းတယ်။ ဗီယက်နမ်နဲ့ အိန္ဒိယကလည်း လိုက်ပြီး ဈေးလျှော့ရောင်းတယ်။ ဒါကြောင့် ကမ္ဘာ့ဆန်ဈေးက အပြိုင်ကျသွားတဲ့အတွက် မြန်မာနိုင်ငံက ဆန်တင်ပို့နိုင်တဲ့ပမာဏ လျော့ကျသွားခဲ့ပါတယ်" ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

မဲခေါင်မြစ်ဝကျွန်းပေါ် ဆန်ရောင်းနိုင်ငံဖြစ်သည့် ဗီယက်နမ်ကလည်း တရုတ်ဆန်ဈေးကွက်ကို ထိုးဖောက်ကြောင်း၊ တရုတ်ငွေကြေး ယွမ်ဈေးနှုန်းမှာလည်း တန်ဖိုးကျလာသည့်အတွက် ဆန်ဈေးကျခဲ့ကြောင်း သိရသည်။ လက်ရှိ ကမ္ဘာ့ဆန်ဈေးကွက်တွင် တင်ပို့မှုအများဆုံး ဆန်အမျိုးအစားများပင်လျှင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀ မှ ၃၆၀ ဝန်းကျင် ဈေးပေါက်နေသည်။

မြန်မာ့ဆန်ဈေးမှာ ပြည်ပပေါက်ဈေးထက် မြင့်တက်လျက်ရှိသည်။ ပြည်ပဈေးကွက်ဆန်ပေါက်ဈေးနိမ့်ပြီး ပြည်တွင်းဆန်ဈေးမြင့်တက်နေမှုကြောင့် ဆန်တင်ပို့မှုလျော့ကျလာသည်။ **မြင့်မောင်စိုး**

ဓာတ်ပုံ-သဏ္ဍ

အမြန်လမ်းတွင် ခရီးသည်တင်ကား မီးလောင်မှုဖြစ်ပွား

ပဲခူး မေ ၂၃

ရန်ကုန်-မန္တလေးအမြန်လမ်းမ မိုင်တိုင် အမှတ်၂၈/၇ တွင် ရန်ကုန်မှ ချောက်သို့သွားသော ယာဉ်မောင်း ဝင်းကို ရှာပင်ရွာ ချောက်မြို့နယ်နေသူ မောင်းနှင်သည့် ၅ဂ/. . . ခရီးသည်တင်ယာဉ်မှာ ကားဘရိတ်ရှူးများ ငြိရာမှ အပူလွန်ကဲပြီး မေ ၂၂ ရက် ည ၇ နာရီခွဲခန့်က မီးစတင်လောင်ကျွမ်းခဲ့သည်။**(အပေါ်ပုံ)**

မီးလောင်မှု ဖြစ်ပွားသည့်နေရာသို့ ပဲခူးမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအေးမြင့် ဦးဆောင်သည့် အုပ်ချုပ်မှုယာဉ်တစ်စီး၊ မီးသတ်ယာဉ် လေးစီး၊ မီးသတ်တပ်ဖွဲ့ဝင် ၂၂ ဦးတို့က မီးငြိမ်းသတ်ခဲ့ကြသဖြင့် ည ၈ နာရီ မိနစ် ၂၀ က မီးငြိမ်းသွားခဲ့သည်။

အဆိုပါ ယာဉ်ပေါ်တွင် ခရီးသည် သံဃာတော်လေးပါး၊ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး၂၁ ဦး စုစုပေါင်း ၄၂ ဦးတို့ လိုက်ပါလာပြီး ယာဉ်တစ်စီးလုံး မီးလောင်ကျွမ်းခဲ့သော်လည်း ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

အရေးယူ

မီးလောင်မှုနှင့် ပတ်သက်၍ ယာဉ်မောင်း ဝင်းကိုအား ဘောနတ်ကြီး အမြန်လမ်းရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

သန့်စင်(ပဲခူး)

ဓာတ်မြေသြဇာဘူးခွံအိတ်များ ထပ်တင်ထားသော အမြင့်ပေါ်မှ ပြုတ်ကျသေဆုံး

ရန်ကုန် မေ ၂၃

လှိုင်သာယာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် ဦးဖိုးလှိုင်လမ်း ရွှေနဂါး ဓာတ်မြေသြဇာစက်ရုံရှိ ဆောက်လက်စအဆောက်အအုံအတွင်း၌ ပါကင်အိတ်များပေါ်မှ လူတစ်ဦး ပြုတ်ကျသေဆုံးကြောင်း သတင်းအရ မေ ၂၁ ရက် ညနေ ၄ နာရီက သွားရောက်စစ်ဆေးခဲ့ကြရာ သေဆုံးသူမှာ အဆိုပါစက်ရုံမှ အထွေထွေလုပ်သား မျိုးမင်းအောင်(ခ)ဝင်းထိုက်(၁၈ နှစ်) ၂၀ ရပ်ကွက် လှိုင်သာယာမြို့နယ် နေသူဖြစ်ပြီး ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရကြောင်းသိရသည်။

ထို့နောက် ဖြစ်စဉ်ကို စုံစမ်းခဲ့ကြရာ သေဆုံးသူသည် အဆိုပါစက်ရုံအတွင်း ဆောက်လက်စအဆောက်အအုံအပေါ်ထပ်၌ ရှက်ဖျန်းဓာတ်မြေသြဇာဘူးခွံများထည့်၍ ထပ်ထားသော အမြင့် ၁၇ ပေ ခန့်ရှိ ပါကင်အိတ်များပေါ်သို့ တက်ရာမှ ခြေချော်ပြုတ်ကျပြီး ဒဏ်ရာများရရှိသေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းသေဆုံးမှုနှင့် ပတ်သက်၍ လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး ဆောင်ရွက်

မကွေးတိုင်းဒေသကြီး ပေါက်မြို့ နိဗ္ဗာန်ဈေးကြီးတောင်ဘက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံးရှေ့ ခရီးသည်တင်ယာဉ်ရပ်နားဂိတ်တွင် ယာဉ်ကြောပိတ်ဆို့မှုများ ဆက်တိုက်ဖြစ်ပွားလျက်ရှိရာ မေ ၂၂ ရက်က ယာဉ်ကြောပိတ်ဆို့မှုများမရှိစေရေး၊ ယာဉ်စည်းကမ်းလိုက်နာစေရေးအတွက် တာဝန်ရှိသူများက စစ်ဆေးအရေးယူလျက်ရှိသဖြင့် မော်တော်ယာဉ်များယာဉ်ကြောပိတ်ဆို့မှု ကင်းဝေးလာနေပြီဖြစ်ကြောင်း သိရသည်။ **အောင်(မန်းတက္ကသိုလ်)**

မွေးနေ့မင်္ဂလာဆုမွန်တောင်းလွှာ

၂၄-၄-၂၀၁၄ရက်တွင် ကျရောက်သော သားကြီး မောင်ထင်လင်းထူးသန်း (သားဝကြီး) Level VII M.L.A International School ၏ (၁၃)နှစ်မြောက် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်း ၁၂၀ ကျော်တိုင်အောင် ချစ်သော ဖေကြီး၊ မေကြီး၊ ညီလေးတို့နှင့်အတူ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် ပညာတတ်၊ လူရည်ချွန်၊ လူရည်မွန်လေးဖြစ်ကာ ဘဝတစ်လျှောက်လုံးတွင် အောင်မြင်မှုများစွာ၊ ပျော်ရွှင်မှုများစွာတို့နှင့်အတူ ဖြတ်သန်းနိုင်ပါစေကြောင်း။

ချစ်ဖေကြီး - ဦးမြင့်ဇော်သန်း
2/E, P.I.L Co., Ltd.(Singapore)

ချစ်မေကြီး - ဒေါ်ဝေဝေလှိုင်စိုး
J.A.T (ငြိမ်း)

ချစ်ညီလေး - မောင်ထင်လွင်ထူးသန်း
Level III M.L.A International School

KBZ Industries Ltd.,

ကျောက်မီးသွေးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ KBZ Industries Ltd., တောင်ကြီး (ပင်းပက်ဒေသ)ရှိ တစ်ရက် တန်၁၀၀၀ကျကမ္ဘာ့ဇဘိလပ်မြေစက်ရုံအတွက် ကျောက်မီးသွေးများအား စက်ရုံအရောက်နေ့စဉ် တန် ၁၀၀ စဉ်ဆက်မပြတ် ထုတ်လုပ်ပေးသွင်းရေးလုပ်ငန်း အပ်နှံဆောင်ရွက်လိုပါသည်။

၂။ ၂၂-၄-၂၀၁၄ ရက်မှစ၍ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်မေးမြန်း စုံစမ်းနိုင်ပါသည်-

KBZ Industries Ltd
အမှတ် ၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊
Strand Condo (၃)ထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၇၃၆၄၇၊ ၀၁-၃၇၃၆၄၈

(၃၁)နှစ်ပြည့်မင်္ဂလာဆုတောင်း

ဖေဖေ ဦးစိန်ဝင်း (ဗိုလ်မှူး-ငြိမ်း)-မေမေ ဒေါ်ချိုဇင်ယု LL.Bတို့၏ ၂၄-၄-၂၀၁၄ ရက်တွင်ကျရောက်သော မင်္ဂလာရက်မြတ်မှသည် နောင်လာမည့်နှစ်များစွာတိုင်အောင် ရန်ဖြစ်လိုက်၊ ပြန်ချစ်လိုက်နှင့် မတည့်အတူနေ ဘဝများထဲမှ သံသရာဝဋ်ဆင်းရဲများ ကင်းလွတ်ရာနိဗ္ဗာန်ကို အေးချမ်းစွာမျက်မှောက်ပြုနိုင်ရန်နှင့် တရားထူးတရားမြတ်များအားထုတ်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပေးလျက်။

ချစ်သားသမီးများ
သမီးကြီး - အေးသက်မော်(တာမွေမြို့နယ်-တရားရုံး)
သားငယ် - ကျော်ပြည့်ဟိန်း (ကောင်းဇော်ဟိန်းကုမ္ပဏီ)

နှစ် (၂၀)ပြည့် မင်္ဂလာဆုတောင်း

ဦးကျော်စိုးနှင့် ဒေါ်ခင်အေးအေးသန်း @ ခရမ်းတို့၏ ၂၄-၄-၂၀၁၄ ရက်တွင် ကျရောက်သော နှစ် (၂၀) ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပြီး လောကီ၊ လောကုတ္တရာအကျိုးများ ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကျော်ကျော်စတိုး(ညောင်တုန်း)မှ ဝန်ထမ်းများ
သူရိန်စတိုး (လှိုင်သာယာ)မှ ဝန်ထမ်းများ
သူရိန်စတိုး (အလုံ)မှ ဝန်ထမ်းများ
သူရိန်စတိုး(ရွှေလင်ပန်း)မှ ဝန်ထမ်းများ

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေကွက်အမှတ် ၆၆၄(က)၊ [ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၈)ရပ်ကွက်၊ အောင်သပြေ ၂လမ်း၊ အမှတ် ၆၆၄(က)]ဟုခေါ်တွင်သော မြေကွက်နှင့်ယင်းမြေကွက်ဖြင့် ဆက်နွှယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးဝင်းမင်းနိုင် ၁၂/ကမတ(နိုင်)၀၅၁၃၅၈ ထံမှ ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန် သဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း (စဉ်-၆၀၈၂)
B.A, H.G.P, C.B.L, D.B.L, D.M.L
ဥပဒေအကျိုးဆောင်
အမှတ် ၁၀/၁၂၊ ပထမထပ် (အေ-၅)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅

ပုဂ္ဂလိကဆေးရုံ(နယ်)တွင် အလုပ်လုပ်လိုသူ

ဆရာဝန် (MO) ၂ ဦး
ဓာတ်မှန်ကျွမ်းကျင် ၁ ဦး
လျှောက်ထားနိုင်ပါသည်။
(ညှိနှိုင်းလစာ)

ဆက်သွယ်ရန်
ဖုန်း- ၀၉-၄၂၀၇၂၀၉၂၀၊
၀၉-၂၅၀၄၂၂၃၆၃

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် (၁၃၄၉/က)၊ မြေကွက်တည်နေရာအမှတ် (၁၃၄၉/က)၊ ရတနာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ (ဦးစိုးအောင်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစိုးအောင် ကွယ်လွန်သဖြင့် ဒေါ်ထွေးလှ ၁၂/ဥကတ(နိုင်)၀၆၈၁၄၅ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၄-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၄ပါ ကန့်ကွက်နိုင်ပါကြောင်း ခေါင်းစဉ်းဖြင့် ကြော်ငြာအစား ဦးတိုးဇံနှင့် အများသိစေရန်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

ပျောက်ဆုံး

ကျွန်တော်ဦးလှမိုး ၁၂/ကတန(နိုင်) ၀၅၇၂၉၈ ၏ CDC-၃၄၅၃၄ သည် SSA လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၃၁၂၈၆၀

ကြော်ငြာ


C B BANK
မြန်မာ့နှစ်သစ်ကူး ဆုမွန်ကောင်း
မြန်မာ့နှစ်သစ်ကူး အခါသမယတွင်
မြန်မာပြည်သူပြည်သားများအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ
ရှိကြပါစေကြောင်း CB Bank မိသားစုမှ ဆုတောင်းမေတ္တာ
ပို့သအပ်ပါသည်။
CB Bank မိသားစု
အမှတ်– (၃၃၄/၃၃၆)၊ ကမ်းနားလမ်းနှင့်(၂၃)လမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
Tel: (95-1) 371 848, 372 646, 372 655, 373 425, 373 426
Fax: (95-1) 371 851, 377 027, 389 594, 249 473, 378 067
Call Center : 1874
E-mail: contact@cbbankmm.com
Website: www.cbbankmm.com
https://www.facebook.com/CBBankmyanmar

အတိတ်ကောင်း၊ နိမိတ်ကောင်း ပုဂံမြို့ရှိ "မင်းအိုချမ်းသာ" ဆုတောင်းပြည့်ဘုရား

သမိုင်းအဆက်ဆက်တွင် ပုဂံခေတ်သည်အမျိုးဘာသာ၊ သာသနာနှင့် အနုပညာလက်ရာများအံ့မခန်း ဖွံ့ဖြိုးစည်ပင်ခဲ့သည်။ ပုဂံရှေးဟောင်းအဆောက်အအုံများ၏ ဗိသုကာလက်ရာပန်းတမော့၊ ပန်းတော့လက်ရာနှင့် နံရံဆေးရေးပန်းချီများမှာ အနုပညာ လက်ရာမြောက်လှ၍ အရှေ့တောင်အာရှနှင့် အာရှတိုက်တွင်သာမက ကမ္ဘာမှာပင် ပုဂံဒေသသည် ရှေးဟောင်းအဆောက်အအုံများ တစ်စုတစ်ဝေးတည်းနှင့် ပေါများကြွယ်ဝဆုံးအဖြစ် ယနေ့တိုင်စံထားခံရသည်။ ထူးခြားသောရှေးဟောင်းအမွေအနှစ်စေတီပုထိုး၊ ဂူများစွာရှိသော ဒေသဟုလည်း သိရသည်။

ပုဂံမြို့ ရှေးဟောင်းအမွေအနှစ်စေတီပုထိုး အဆောက်အအုံများ ရှိသကဲ့သို့ အသွားအလာ နည်းသောနေရာများတွင်လည်း မှေးမှိန်နေသော စေတီပုထိုးအဆောက်အအုံများရှိနေကြောင်း သိရသည်။ အာနန္ဒာဘုရားကြီး၏ အနောက်မြောက်ဘက် ပုဂံလမ်း၏ဘေးတွင် ကျန်စစ်မင်းကြီး ပုဂံနန်းသက်(၂၈ နှစ်) သက်တော် ၇၂ နှစ်သို့ ရောက် သောအချိန်ကာလ သီဟိုဠ်မင်းမှ ဘုရားနှင့်သရီရဓာတ်တော်ကိုးဆူကို ရတနာကြုတ်နှင့် ထည့်၍ အဆက်အသပို့ စေလွှတ်တော်မူခဲ့သည်။ ထိုအချိန်မင်းကြီးမှာ ကောင်းစွာ ကျန်းမာတော်မူခြင်းမရှိသည့်အတွက် "မိမိအသက်ရှည် နေထိုင်လိုသော ဆန္ဒဖြင့် ၄င်းသရီရဓာတ်တော်တို့အား ဌာပနာ၍ သက္ကရာဇ် ၄၇၄ ခုနှစ်တွင် "ငါလည်း အိုမင်းမစွမ်းရှိချေပြီ ရောဂါဥပါဒ်ကင်း၍ အသက်ရှည်ပြီးလျှင် ဘုရားနှင့် သာသနာတော်စည်ပင်ပြန့်ပွားပါစေသောစိတ်ဆန္ဒဖြင့် "မင်းအိုချမ်းသာ"ဟု သမုတ်တော်မူသည်။

ပုဂံရှိ မင်းအိုချမ်းသာဘုရားအား တွေ့ရစဉ်။

ယခုအချိန်တွင်လည်း ၄င်းစေတီတော်အား နိုင်ငံတော်မှ ဘုရားအမှတ် ၁၉၂၄ ဟုသတ်မှတ်ပြီး မင်းအိုချမ်းသာကျောင်းဆရာတော်ဦးကေလာသ ကြီးမှူး၍ ၇ ရက်သားသမီးများကောင်းမှုဖြင့် ၂၅-၃-၂၀၁၃ တွင် မင်းအိုချမ်းသာ ဘုရားရွှေထီးတော်သစ်ကြီးအား တင်လှူပူဇော်ခဲ့ကြသည်။

မင်းအိုချမ်းသာစေတီတော်အား ဘုရားဖူးအသက်အရွယ်ကြီးသူများနှင့် ကျန်းမာရေးအားနည်းသူများ ဘုရား ဒါယကာမင်းကြီး၏ ဆန္ဒနှင့် ထပ်တူထပ်မျှရစေရန် လာရောက်ဖူးမြော်ဆုတောင်းလေ့ရှိကြသည်။

ပုဂံမြို့ ဒေသခံတစ်ဦးက "ကျွန်မတို့ပုဂံတန်ခိုးကြီးဘုရားများစွာ ရှိတဲ့ထဲမှ ယခုမင်းအိုချမ်းသာ ဘုရားဟာ အလွန် ဆုတောင်းပြည့်တဲ့ဘုရားတစ်ဆူပါ။ ပုဂံမြို့ကို လာရောက်ဘုရားဖူးကြတဲ့ ဧည့်သည်တော်တော်များများလည်း သိရှိလို့လာရောက်ဖူးမြော်ဆုတောင်းကြပါတယ်။ ဒေသခံနေမကောင်းဖြစ်တဲ့ သက်ကြီးရွယ်အိုများဟာလည်း နေမကောင်းရက်ရှည်ဖြစ်လာလျှင် သားသမီး၊ မြေးမြစ်များအား လိုက်လံပို့ဆောင်စေပါတယ်။ ဘုရားအား ဖူးမြော်ဆုတောင်းလိုက်ရလျှင် ဖြစ်နေသောရောဂါများ ပျောက်သွားလောက်အောင် စိတ်ကို ကြည်နူးစေတယ်"ဟု

> **သက်ကြီးရွယ်အိုများ နေမကောင်း ဖြစ်လာလျှင် သားသမီး မြေး၊ မြစ်များအား လိုက်လံပို့ဆောင်စေ . . .**

ပြောပြသည်။ မင်းအိုချမ်းသာဘုရားဝင်းအတွင်း မင်းအိုချမ်းသာ ကျောင်းဆရာတော် ဦးကေလာသ သီတင်းသုံး နေထိုင်ပြီး အလှူရှင်များ နှစ်စဉ် ပုဂံသို့ လာရောက်ဘုရားဖူးကြသော ဧည့်သည်များ လာရောက်ရာတွင် တည်းခိုနိုင်ရန်အတွက်(ရွှေပေါက်ကံ) အမည်ရှိ ခံ့ညားသော ဓမ္မာရုံကို ဆောက်လုပ်ထားကြောင်း သိရသည်။

၄င်းဓမ္မာရုံကိုလည်း ရန်ကုန်မြို့ မြောက်ဥက္ကလာပ မြို့နယ်ရှိ ရွှေပေါက်ကံမြို့သစ်မှ မြို့မိ မြို့ဖ အလှူရှင်များနှင့် ၇ ရက် သားသမီးများ မတည်ဆောက်လုပ် လှူဒါန်းထားကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ရှေးဟောင်းအမွေအနှစ်များရှိရာ ပုဂံမြို့သို့လာရောက်ဘုရားဖူးကြသော ပြည်သူများအနေနှင့်"အတိတ်ကောင်း၊ နိမိတ်ကောင်း မင်းအိုချမ်းသာ ဆုတောင်းပြည့်ဘုရား" အား လာရောက် ဖူးမြော်ဆုတောင်းသင့်ပါကြောင်း ။

——— ကိုမျိုး(ရွှေပေါက်ကံ)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ကျောင်းဆရာ ဆရာမများ အရည်အချင်းမြှင့်တင်ရေး အထူးသင်တန်းဖွင့်

မိတ္ထီလာ မေ ၂၃

နိုင်ငံ့ဝန်ထမ်းဆရာ ဆရာမများ အနေဖြင့် နိုင်ငံတော်မှ လိုအပ်သည့်အချိန်၌ အခါအားလျော်စွာဖွင့်လှစ်သည့် အရည်အချင်းမြှင့်သင်တန်းများသို့ တက်ရောက်သင်ယူရန်လိုအပ်ကြောင်း၊ အတွေ့အကြုံတစ်ခုတည်းဖြင့် ကာလရှည်တာဝန်ထမ်းဆောင်ခြင်းထက် ပိုမိုပြည့်စုံသည့်အတွေ့အကြုံ အရည်အချင်းများဖြင့် တာဝန်ထမ်းဆောင်နိုင်ရန်လိုအပ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးဆီသို့ လျှောက်လှမ်းနေချိန်တွင် အခြေခံအကျဆုံးပညာရေးကဏ္ဍအား ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လျက် ရှိရာ မူလတန်းကျောင်း အဆင့်များကို အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း၊ နေ့စားလပေးဘွဲ့ရမူလတန်းပြကျောင်းဆရာများခေါ်ယူခန့်အပ်တာဝန်ပေးခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်နေပြည်သူများ၏ သား သမီးများ ပညာသင်ကြားရေး အခွင့်အလမ်းများ ပိုမိုရရှိလာစေရေးအတွက် နေ့စားလပေးဘွဲ့ရမူလတန်းကျောင်းဆရာ ဆရာမများကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ခေါ်ယူခန့်အပ်ခဲ့ပြီး ယခုအခါ ထိုသူများ အရည်အချင်း မြှင့်ပေးရေးအတွက် အထူးသင်တန်းဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း စသည်ဖြင့် မေ ၂၂ ရက် နံနက် ၈ နာရီက မိတ္ထီလာ ပညာရေးကောလိပ် ပညာရတနာခန်းမ၌ ကျင်းပသည့် ခရိုင်အခြေပြုမူလတန်းဆရာအတတ်ပညာ အထူးသင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပညာရေးကောလိပ် ကျောင်းအုပ်ဆရာကြီး ဦးဗိုလ်မြင့်က ပြောကြားကြောင်း သိရသည်။

သင်တန်းသို့ ခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ဝမ်းတွင်း၊ သာစည်မြို့နယ်များမှ နေ့စားလပေးဘွဲ့ရမူလတန်းပြကျောင်း ဆရာ ဆရာမ၊ သင်တန်းသား သင်တန်းသူ ၂၁၀ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကာ ဘာသာရပ် ၁၃ မျိုးအား ဝါရင့်ဆရာ ဆရာမကြီး ၁၃ ဦးနှင့် ပညာရေးကောလိပ်မှ ဆရာ ဆရာမများ ပူးပေါင်းပို့ချပေးမည်ဖြစ်သည်။

ချမ်းသာ(မိတ္ထီလာ)

ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော်မှု ကွင်းဆင်းကြည့်ရှု

ဟိုပန် မေ ၂၃

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က ချမှတ်ပေးသည့် ငွေကျပ်သိန်း ၁၀၀၀ မှ ခွဲဝေရန်ပုံငွေဖြင့် မော်ဟွေ့-နောင်ဟော့လမ်း ပြုံးခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုရန် 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြု ကော်မတီဝင်များ၊ ဌာနဆိုင်ရာများလိုက်ပါ၍ မေ ၁၈ ရက် နံနက် ၉ နာရီခွဲက မော်ဟွေ့ ကျေးရွာအုပ်စု နောင်ဟော့ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ရောက်ရှိပြီး ကျေးရွာပြည်သူများနှင့် ရင်းနှီးစွာ တွေ့ဆုံသည်။

မော်ဟွေ့၊နောင်ဟော့လမ်းဖောက်လုပ်ပေးခြင်းဖြင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည်တို့ကို များစွာ အကျိုးပြုပါကြောင်းနှင့်နောင်နှစ်များ၌ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်၍ လမ်းအသုံးပြုသူပြည်သူများ လမ်းကို ရေရှည်အသုံးပြုနိုင်ရန် ထိန်းသိမ်းရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ဘူတာနှင့် အင်းစိန်မီးရထားဘောလုံးကွင်းအနီး ဘူတာရုံလမ်းရှိ မြေနေရာအကျယ်အဝန်း ၁ဒသမ ၀၄ဧကပေါ်တွင် ယခင်တိုင်းအမှတ်(၆)ရုံးဟောင်း နှစ်ထပ်အဆောက်အအုံတစ်ခုလုံးကို ရုံးခန်းများ၊ သင်တန်းကျောင်းများဖွင့်လှစ်ရန်အတွက် နှစ်ရှည် ငှားရမ်းလုပ်ကိုင်လိုသည့်

မြန်မာနိုင်ငံသားများအား ဖိတ်ခေါ်ခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ဘူတာနှင့် အင်းစိန်မီးရထားဘောလုံးကွင်းအနီး ဘူတာရုံလမ်းတွင်တည်ရှိသော မြန်မာ့မီးရထားပိုင် ယခင် တိုင်းအမှတ်(၆)ရုံးဟောင်း အကျယ်အဝန်း (ပေ ၁၈၀×ပေ ၃၀)နှစ်ထပ်၊ ပေ (၁၀၀×၃၀) နှစ်ထပ်အဆောက်အအုံနှင့် မြေလွတ် (အလျား ၂၂၆ပေ×အနံ ၂၀၀ပေ)ကို နှစ်ရှည်ငှားရမ်း၍ ရုံးခန်းများ၊ သင်တန်းကျောင်းများဖွင့်လှစ်ဆောင်ရွက်လိုသည့် မြန်မာနိုင်ငံသားများအား ဖိတ်ခေါ်၍ တင်ဒါစနစ်ဖြင့်ရွေးချယ်ပါမည်။
၂။ အဆိုပါတင်ဒါအတွက် စည်းကမ်းချက်များ၊ လုပ်ထုံးလုပ်နည်းများအပြည့်အစုံကို ဖော်ပြထားသည့် လျှောက်လွှာပုံစံများကို (ပုံစံတစ်စုံလျှင် ကျပ် ၁၀၀၀၀/-)နှုန်းဖြင့် ၂၄-၄-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း မန်နေဂျာ (စီးပွားရေး/တိုင်းရုံး)၊ တိုင်းအမှတ်(၇)၊ ရန်ကုန်ဘူတာကြီး၊ ပထမထပ်၌ ဝယ်ယူနိုင်ပါသည်။
၃။ တင်ဒါပုံစံတွင် ဖော်ပြရမည့်အချက်အလက်များကို ပြည့်စုံစွာဖော်ပြ၍ အဆိုပါတင်ဒါပုံစံကို နေပြည်တော်ဘူတာကြီးရှိ အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ/စီမံ)ရုံး၊ ဖုန်း-၀၆၇-၇၇၀၀၅ သို့ ၈-၅-၂၀၁၄ရက် နောက်ဆုံးထား၍ ပေးပို့သွားရန်ဖြစ်ပါသည်။
၄။ တင်ဒါဖွင့်လှစ်မည့်နေရာမှာ အထွေထွေမန်နေဂျာ (အောက်မြန်မာပြည်)ရုံး၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့် ရန်ကုန်မြို့ဖြစ်ပြီး တင်ဒါဖွင့်လှစ်မည့် နေ့ရက်နှင့်အချိန်ကို တင်ဒါတင်သွင်းသူများသို့ အကြောင်းကြားပါမည်။
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၆၇-၇၇၀၄၈၊ ၇၇၀၈၃၊ ၇၇၁၂၃၊ အထွေထွေမန်နေဂျာ (အောက်မြန်မာပြည်)ရုံး၊ ဖုန်း- ၀၁-၂၀၂၄၁၉၊ မန်နေဂျာ (စီးပွားရေး/တိုင်း)၊ တိုင်းအမှတ် (၇)ရုံး ဖုန်း-၀၁-၃၉၃၄၂၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

မြန်မာ့မီးရထားပိုင်မြေများအား နှစ်ရှည်ငှားရမ်းလုပ်ကိုင်လိုသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများသို့

အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားအနေဖြင့် အထောက်အကူဖြစ်စေရေး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါ မြန်မာ့မီးရထားပိုင်မြေနေရာများတွင် လုပ်ငန်းလုပ်ကိုင်လိုသည့် ပြည်တွင်း(ပုဂ္ဂိုလ်) အဖွဲ့အစည်း၊ ကုမ္ပဏီများသို့ တင်ဒါအဆိုပြုတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်-
(က) ဖြူးဘူတာအနီး၊ စည်ပင်ပန်းခြံ အလျား ၃၃၀ပေ× အနံပေ ၉၀=၂၉၇၀၀ စတုရန်းပေ၊ ခန့်မှန်း ၀ ဒသမ ၆၈၂ ဧက၊
(ခ) ဖြူးဘူတာအနီး အလျား ၃၈ ပေ×အနံ ပေ၃၀= ၁၁၄၀ စတုရန်းပေ၊ ခန့်မှန်း ၀ ဒသမ ၀၂၆ ဧက၊
၂။ အဆိုပါတင်ဒါအတွက် စည်းကမ်းချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ အချက်အလက်များ ဖော်ပြထားသည့် လျှောက်လွှာအဆိုပြုပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀ ဖြင့် ၂၈-၄-၂၀၁၄ ရက်မှ ၂၃-၅-၂၀၁၄ ရက်အထိ မန်နေဂျာ (သွားလာရေး/တိုင်း) တိုင်းအမှတ်(၆)ရန်ကုန်ရုံး၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။ အထက်ဖော်ပြပါ မြေနေရာများကို နှစ်ရှည်ငှားရမ်းသွားမည်ဖြစ်ပြီး ဆောင်ရွက်လိုသည့် လုပ်ငန်းအမျိုးအစားအလိုက်ဖော်ပြလျက် တင်ဒါအဆိုပြုလွှာများကို ၃၀-၅-၂၀၁၄ရက် နောက်ဆုံးထား၍ တင်ဒါယှဉ်ပြိုင်ကြေးနှင့်အတူ ပေးပို့သွားရန် ဖြစ်ပါသည်။ နောက်ကျပေးပို့လာသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။
၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၁-၂၉၉၇၇၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

မြန်မာ့မီးရထားပိုင်မြေများအား နှစ်ရှည် ငှားရမ်းလုပ်ကိုင်လိုသည့် နိုင်ငံသားလုပ်ငန်းရှင်/ကုမ္ပဏီများသို့ စိတ်ပါဝင်စားမှုဖော်ပြချက်၊ Expression of Interest (EOI) အဆိုပြုလွှာပေးပို့တင်ပြရန် ဖိတ်ခေါ်ခြင်း

၁။ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုစေရန် ရထားပြေးဆွဲခြင်းလုပ်ငန်းများနှင့်လွတ်ကင်းပြီး အနာဂတ်စီမံကိန်းလျာထားချက်များတွင် မပါရှိသော အောက်ဖော်ပြပါ မြန်မာ့မီးရထားပိုင်မြေကွက်(၃)ကွက်ကို စီးပွားရေးအရ အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် BOT စနစ်ဖြင့် နှစ်ရှည်ငှားရမ်းလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ရာ ပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများသို့ စိတ်ပါဝင်စားမှုဖော်ပြချက် Expression of Interest(EOI) အဆိုပြုလွှာများ ပေးပို့တင်ပြရန် ဖိတ်ခေါ်အပ်ပါသည်-
(က) ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်းနှင့် ဝါးတန်း(၁)လမ်းထောင့်ရှိ မြေကွက်(၁၁၇ ပေ× ၅၀ ပေ)၊ **နှစ်(၃၀) လုပ်ကိုင်ခွင့်ပြုပါမည်။**
(ခ) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ သမိုင်းဘူတာရှေ့၊ ဗဟိုလမ်းမဘေးရှိမြေကွက် (၄၁၆ ပေ×ပေ၄၀)၊ **နှစ်(၃၀)လုပ်ကိုင်ခွင့်ပြုပါမည်။**
(ဂ) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တောင်-မြောက်လမ်းဆုံအနီး၊ တိုးကြောင်ကလေးဘူတာယာဒ်ဝင်း၊ အမှတ်(၂) လမ်းမကြီးဘေးရှိမြေကွက် (ပေ၃၀၀×ပေ၁၅၀)၊ **(၁၅)နှစ် လုပ်ကိုင်ခွင့်ပြုပါမည်။**
၂။ အထက်ပါမြန်မာ့မီးရထားပိုင်မြေနေရာအား BOT စနစ်ဖြင့် နှစ်ရှည်ငှားရမ်းလုပ်ကိုင်လိုသော ပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများမှ စိတ်ပါဝင်စားမှုဖော်ပြချက်၊ Expression of Interest(EOI) (ဆောင်ရွက်လိုသောလုပ်ငန်းဖော်ပြရပါမည်။) အဆိုပြုလွှာများကို ၇-၅-၂၀၁၄ ရက်(ရုံးချိန်အတွင်း) နောက်ဆုံးထား၍ မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၇)ရုံး၊ ရန်ကုန်ဘူတာကြီး(ပထမထပ်)သို့ ပေးပို့သွားရန်ဖြစ်ပါကြောင်းနှင့် နောက်ကျပေးပို့လာသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။
၃။ ပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများမှ ပေးပို့လာသည့်(EOI)အဆိုပြုလွှာများအပေါ် အခြေခံ၍ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ မြေကွက်(၁)ကွက်ချင်းအလိုက် ဆောင်ရွက်သင့်သည့် လုပ်ငန်းအမျိုးအစားရွေးချယ်သတ်မှတ်ပြီး ဒုတိယအဆင့် Open Tender ထပ်မံခေါ်ယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။
၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၁-၃၉၃၄၂၈၊ ၀၁-၇၀၄၇၉၁၊ ၀၉-၄၉၂၁၃၁၃၀ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ပေါင်းတည်မြို့၊ ၁၀ လမ်း၊ ၀ ဒသမ ၁ ဧက
မြေကွက်၊ ပျဉ်ထောင်အိမ်ပါ အမြန်ရောင်းပါမည်။
ဆက်သွယ်ရန်-၀၁-၆၄၃၉၂၉၊ ၀၉-၂၅၄၂၇၀၂၆၉

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ပြီးစီးမှု ကွင်းဆင်းစစ်ဆေးကြည့်ရှု

ဟိုပန် ဧပြီ ၂၃

ပြည်ထောင်စုလွှတ်တော်ခွင့်ပြုငွေကျပ် သိန်း ၁၀၀၀ ဖြင့် 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုကို စစ်ဆေးကြည့်ရှုရန် 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆိုင်ပေါင်းနပ် ဦးစီးအဖွဲ့၊ အလုပ်အမှုဆောင်ကော်မတီဝင် ဦးစိုင်းလှဖေ(ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်) နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်တို့သည် ဧပြီ ၂၀ ရက် နံနက် ၈ နာရီက ပန်လုံမြို့နယ်ခွဲမှ မုန်းကွန်ကျေးရွာ ဟိုပန်မြို့နယ် ပန်မော့၊ ပန်ကောက်၊ မိန်းပန်းရှမ်း၊ မိန်းပန်း 'ဝ'၊ မန်ကောင်း၊ ပန်လော့၊ နောင်မို၊ နောင်အွန်စသည့် ရပ်ကွက်၊ ကျေးရွာတို့၌ကွင်းဆင်းစစ်ဆေးကြည့်ရှုကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပုဗ္ဗသီရိမြို့နယ်တွင် ကျေးရွာချင်းဆက် မြေသားလမ်းခင်းခြင်းနှင့် ကွန်ကရစ်တံတားတည်ဆောက်

နေပြည်တော် ဧပြီ ၂၃

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရွာတော် (တောင်)ရွာနှင့် ဆက်စပ်လျက်ရှိသော ကျေးရွာများသို့ ပြည်သူများအဆင်ပြေစွာ သွားလာနိုင်ရေး၊ ကုန်ထုတ်ရာတွင် လွယ်ကူလျင်မြန်စေရေး၊ ကျေးရွာဖွံ့ဖြိုးရေးတို့အတွက် ရွာတော်(တောင်)ရွာမှ ချောင်းစောက်ကျေးရွာ၊ စက်ကုန်းကျေးရွာ၊ ကြံဖိုစုကျေးရွာများသို့ ကျေးရွာချင်းဆက်လမ်းကို မြေသားလမ်းအကျယ် ၁၈ ပေနှင့် အရှည် တစ်မိုင်ခွဲခန့် ခင်းကျင်းလျက်ရှိပြီး အဆိုပါလမ်းပေါ်တွင် ကွန်ကရစ်တံတားအလျား ပေ ၃၀၊ အနံ ပေ ၂၀ တံတားတစ်စင်းကို တည်ဆောက်လျက်ရှိသည်။

မြေသားလမ်းအတွက် ငွေကျပ် သိန်း ၅၀ ကို ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျခံသုံးစွဲပေးလျက်ရှိပြီး ကွန်ကရစ်တံတားအတွက် အလှူငွေကို ရွာတော် (တောင်)ကျေးရွာရှိ ဦးကြာမြ၊ ဒေါ်ချိုမိသားစုမှ ပေးအပ်လှူဒါန်းကာ လမ်းဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် ကျေးရွာပြည်သူများက ဧပြီ ၂၄ ရက်မှစ၍ လုပ်အားဒါနများဖြင့် တည်ဆောက်လျက်ရှိရာ ဧပြီလကုန်တွင် ပြီးစီးနိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

အဆိုပါ လမ်းနှင့် တံတားတည်ဆောက်ပြီးစီးသွားပါက ရွာတော် (တောင်)ကျေးရွာ၊ ချောင်းစောက်ကျေးရွာ၊ စက်ကုန်း ကျေးရွာ၊ ကြံဖိုစုကျေးရွာများသို့ ရာသီမရွေး အများပြည်သူ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ဂန့်ဂေါမြို့ ဒက္ခိဏာရာမကျောင်းတိုက်၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်လျက်ရှိရာ ယဉ်ကျေးလိမ္မာသင်တန်းသား သာမဏေများနှင့် သီလရှင် ၂၀၀ ကျော်တို့ ဧပြီ ၂၀ ရက်က ဂန့်ဂေါမြို့ ဗိုလ်ချုပ်လမ်းတစ်လျှောက် မြို့မရပ်ကွက်၊ စည်ပင်သာရပ်ကွက်၊ မြောက်ကုန်းရပ်ကွက်တို့တွင် ပူဇော်ခံလှည့်လည်ကြရာ ရပ်ကွက်နေပြည်သူများက လှူဖွယ်ပစ္စည်းများကို လောင်းလှူကြစဉ်။ (၁၀၁)

ရေကြည်မြို့နယ်၌ မော်တော်ယာဉ်သုံးစီး ယာဉ်တိုက်မှု ဖြစ်ပွား

ရေကြည် ဧပြီ ၂၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ဇရပ်ဝိုင်းကျေးရွာအနီး၌ ဧပြီ ၁၉ ရက် မွန်းလွဲ ၁ နာရီခွဲက မော်တော်ယာဉ်သုံးစီး ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ယင်းဖြစ်စဉ်မှာ တာဝန်မှူး ဒုရဲအုပ်ဝင်းနိုင်ဦး တာဝန်ထမ်းဆောင်နေစဉ် ဇရပ်ဝိုင်းကျေးရွာအနီး ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ရေကြည်-ကျုံပျော်ကားလမ်း မိုင်တိုင်အမှတ်(၄၀/၇) နှင့် (၄၁/၀)အကြား ကျုံပျော်ဘက်မှ ရေကြည်ဘက်သို့ ယာဉ်မောင်း ဦးခင်မြင့်မောင်းနှင်လာသည့် (ရန်ကုန်-ကျုံပျော်) ခေတ်မီခရီးသည်တင်ယာဉ်ကို ရေကြည်မြို့ဘက်မှ ကျုံပျော်မြို့ဘက်သို့ ယာဉ်မောင်း ဦးနိုင်လင်းမောင်းနှင်လာသည့် (အထောင်-ရန်ကုန်) ပြုံးပန်းတရာ ခရီးသည်တင်ယာဉ်မှ ကားချင်းရှောင်ပေးစဉ်နောက်မှ လိုက်ပါမောင်းနှင်လာသည့် ဦးလှည္ဟန့်မောင်းနှင်သည့် (အထောင်-ရန်ကုန်)ရှိုင်ရယ်ခရီးသည်တင်ယာဉ်သည် ပြုံးပန်းတရာ ခရီးသည်တင်ယာဉ်၏ နောက်ဘက်ကို ဘရိတ်ပေါက်ကာ ဝင်ရောက်တိုက်မိပြီး တစ်ဖက်ယာဉ်ကြောရှိ ခေတ်မီယာဉ်၏ ဝဲဘက်ရှေ့ခြမ်းကို ဝင်ရောက်တိုက်မိသဖြင့် ခေတ်မီယာဉ်ပေါ်ပါ စပယ်ယာ ခြေသလုံးကျိုးဒဏ်ရာနှင့် အခြားခရီးသည် သုံးဦးတို့တွင် ပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့သဖြင့် ယာဉ်ကိုမဆင်မခြင်မောင်းပြီး ရှေ့ယာဉ်နှင့် တစ်ဖက်ယာဉ်ကြောကို တိုက်မိသူ ရှိုင်ရယ်ယာဉ်မောင်း ဦးလှည္ဟန့်အား ရေကြည်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(၁၈၁)**

မူလတန်းဆရာအတတ်ပညာသင်တန်းဖွင့်

မြို့သစ် ဧပြီ ၂၃

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ်တွင် မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာ အထူးသင်တန်းဖွင့်ပွဲ အခမ်းအနားကိုဧပြီ ၂၂ ရက် နံနက် ၉ နာရီက မြို့သစ်မြို့နယ် အထက ကျောင်းခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်သူနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းဇော်တို့က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်အုန်းမြကသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

နှင်းဝေဦး(iprd)

အင်းတော်မြို့နယ် မော်လူးချောင်းတွင် ကလေးငယ်တစ်ဦး ရေနစ် သေဆုံး

ကသာ ဧပြီ ၂၃

အင်းတော်မြို့နယ် မော်လူးကျေးရွာအနီး မော်လူးချောင်းတွင် ကလေးငယ်တစ်ဦး ရေနစ်သေဆုံးကြောင်း သတင်းအရ မော်လူးနယ်မြေရဲစခန်းမှူး ရဲအုပ်အေးမင်းသိန်းနှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ဧပြီ ၂၁ ရက် နံနက် ၇ နာရီခွဲခန့်က မော်လူးကျေးရွာ ရပ်ကွက်(၂) နေ မောင်ဝေဇင်ထွန်း (ခုနစ်နှစ်)မှာ မော်လူးချောင်းအတွင်း ရေဆင်းချိုးခဲ့ရာမှ ပက်လက်အနေအထားဖြင့် ရေနစ်သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မောင်ဝေဇင်ထွန်း သေဆုံးခြင်းမှာ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်မဟုတ် စစ်ဆေးသိရှိနိုင်ရန် မော်လူးနယ်မြေရဲစခန်းမှူး ရဲအုပ်အေးမင်းသိန်းက အမှုဖွင့်ခဲ့ကြောင်း သိရသည်။

ဦးရဲ(ကသာ)

ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

မွေးနေ့ဆုတောင်း

သားသားလေး လွင်နောင်မြင့်ဝေ(Buddy)၏ ၂၄-၄-၂၀၁၄ရက်တွင် ကျရောက်သော (၁၂)နှစ်ပြည့်မွေးနေ့မှသည် အသက်ရာကျော်တိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာစွာဖြင့် သာသနာအကျိုး၊ နိုင်ငံအကျိုး၊ မိသားစုအကျိုးတို့ကို ထမ်းဆောင်နိုင်သော သားကောင်းရတနာဖြစ်စေရန် ဆုတောင်းလျက်-

ချစ်ဘိုးဘိုး - ဦးမြင့်ဝေ(ဥက္ကဋ္ဌ) **Wa Minn Group of Companies**
ချစ်ဖေဖေ - ဦးခွန်နောင်မြင့်ဝေ **(Managing Director)**
Wa Minn Group of Companies
ချစ်မေမေ - ဒေါ်အဏ္ဏဝါလင်းဦး
ချစ်လေးလေး - ဦးနောင်ခွန်မြင့်ဝေ-ချစ်အန်တီအိ
ချစ်ကိုကိုကြီး - ထိပ်ခွန်နောင်မြင့်ဝေ
ချစ်ညီလေး - ခွန်သူရမြင့်ဝေ(ခ)ရွှေအိုး

(၃၁)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဒေါက်တာဦးငွေးကြွယ်(အရိုး၊ အကြော၊ အဆစ်၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး)-ချစ်မေမေ ဒေါ်တင်ယုထွေး(ထူးထူး) (အထက်တန်းပြ၊ အထက ၂၀၊ မန္တလေး)တို့၏ ၂၄-၄-၂၀၁၄ရက်တွင် ကျရောက်သော (၃၁)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် မိသားစုနှင့်အတူ ကိုယ်၊ စိတ်၊ နှလုံး၊ ကျန်းမာ၊ ချမ်းသာစွာဖြင့် ပျော်ရွှင်ချမ်းမြေ့သာယာသောမိသားစုဘဝကိုပိုင်ဆိုင်၍ လောကီ၊လောကုတ္တရာအကျိုး ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သားကြီး - **သော်သူရိန်ငွေး**
A.G.T.I(E.C) B.Sc(Maths)
သော်သော် ဆေးနှင့်ဆေးပစ္စည်းဆိုင်
Techvilla Mobile (Sale and Service)
- **မဖြိုးဒါလီသက်တင်(B.A Myanmar)**

ချစ်သားငယ် - **ကျော်ဝေယံငွေး**
(နောက်ဆုံးနှစ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း)

ချစ်မြေး - **ဖူးပြည့်ရတီသော်(ဖူးဖူး)**
- **''တင်'' မောင်နှမတစ်စု၊ ရန်ကုန်မြို့**

ပါမောက္ခဦးခင်မောင်ဝင်း(အသည်း)
၏
ကျန်းမာရေးပညာပေးဟောပြောပွဲ
ရက်ရွှေ့ဆိုင်းကြောင်း အသိပေးခြင်း

၂၅-၄-၂၀၁၄ ရက် (သောကြာနေ့)တွင် UMFCCI ခန်းမ၌ ကျင်းပပြုလုပ်ရန် စီစဉ်ထားသည့် ပါမောက္ခဦးခင်မောင်ဝင်း၏ ကျန်းမာရေးပညာပေးဟောပြောပွဲကို ပူပြင်းသည့် ရာသီဥတုအခြေအနေကြောင့် ဖွန်လသို့ ပြောင်းရွှေ့လိုက်ပါသည်။
ကျင်းပမည့်နေ့ရက်ကို ထပ်မံအသိပေးကြေညာသွားမည်ဖြစ်ပါသည်။

တိုက်ခန်းရောင်းမည်

PENTHOUSE 9th FL(48'× 73') sq.ft(3504') M.B-1, B.R-1, DINING R-1, KITCHEN (ကြွေပြား, ပါကေး AC-2,LIFT)
တာမွေမြို့နယ်
ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၆၀၇၇၈၊ ၀၉-၅၀၈၉၉၄၅

Htike Sin Co., Ltd
အမှတ်(၃)၊ ရတနာမွန်(၄)လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၅၃၁၄၀၀ ၊ ၀၁-၅၃၁၄၉၈
ဓမ္မစေတီလမ်းနှင့်လင့်လမ်းထောင့်ရှိ Golden Link ကွန်ဒိုမီနီယံ တည်ဆောက်ခြင်းလုပ်ငန်းမှ မြေကြီးများကို ရွှေသံလွင်စက်မှုဇုံသို့ သယ်ယူရန်အတွက် မြေကြီးသယ်ယူခြင်း ကားများ စိတ်ပါဝင်စားသူများ စုံစမ်းပါရန်။

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လမ်းတံတားလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ကလော ဧပြီ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့နယ် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးသောင်းညွန့်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းဗိုလ်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအတွင်းရေးမှူး ဦးစိုးမင်းတို့အဖွဲ့သည် ဧပြီ ၂၁ရက်တွင် ကျောက်ချောခင်းလမ်းအဖြစ် ဆောင်ရွက်မည့် ကလောနန်းသဲ-တောင်လား-တောင်ကွဲ-နန်းတိုင်းကျေးရွာအုပ်စုချင်းဆက်လမ်း ၁၅ မိုင် ၄ ဖာလုံအား ကွင်းဆင်းကြည့်ရှုပြီး ၎င်းလမ်းတစ်လျှောက်ရှိ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ဒေသခံများနှင့် ကျောက်ချောလမ်းဆောင်ရွက်မည့်အစီအစဉ်များ၊ ကျေးရွာပြည်သူများမှ ပူးပေါင်းဆောင်ရွက်ရမည့် အခြေအနေများ၊ ဌာနဆိုင်ရာများမှ ဆောင်ရွက်ပေးမည့် အခြေအနေများ၊ လုပ်ငန်းစတင်နိုင်မည့်အခြေအနေများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ လမ်းကို ကျောက်ချောလမ်းအဖြစ်ဆောင်ရွက်ပြီးစီးပါက ကလောမြို့သို့အနီးဆုံးလမ်းဖြင့် လွယ်ကူစွာသွားလာနိုင်မည်ဖြစ်၍ ကုန်စည်စီးဆင်းမှုလွယ်ကူချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။ **သန္တ(ကလော)**

သိန်း၂၀ ကျော်တန်ဖိုးရှိ တမလန်းသစ်များပိုင်ရှင်မဲ့တွေ့ရှိ

ကသာ ဧပြီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ဂဟဲရွာဟောင်းနှင့်ဂဟဲကျေးရွာ ပတ်ဝန်းကျင်များမှ ခိုးထုတ်သယ်ဆောင်နေသော တရားမဝင် တမလန်းသစ်လုံး၊ တုံးများကို ပူးပေါင်းအဖွဲ့မှ ပိုင်ရှင်မဲ့တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကသာခရိုင်ရဲတပ်ဖွဲ့မှူး၏ တရားမဝင် သစ်မှောင်ခိုများဖမ်းဆီးရေးညွှန်ကြားချက်အရ အနောက်မြောက်တိုင်းစစ်ဌာနချုပ် စဗဟ(၂)မှ ဗိုလ်မှူးတင်ထွန်းဝင်းနှင့် တပ်စိတ်(၁) စိတ်၊ အင်းတော်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူး ရဲမင်းဦးနှင့် တပ်ဖွဲ့ဝင်ငါးဦး၊ အင်းတော်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးမိုးကျော်ဟိန်းပါ သစ်တောဝန်ထမ်း ငါးဦးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားမဝင်သစ်များကို ကား၊ ထော်လာဂျီများဖြင့် ခိုးယူသယ်ဆောင်ရောင်းဝယ်နေကြောင်း သတင်းအရ ဧပြီ ၂၀ ရက်က အင်းတော်မြို့နယ် ရွာဟောင်းကျေးရွာနှင့် ဂဟဲကျေးရွာ ပတ်ဝန်းကျင်များသို့ သွားရောက်ခဲ့ပြီး စုံစမ်းရှာဖွေစစ်ဆေးခဲ့ကြသည်။ ထိုသို့ ရှာဖွေခဲ့ရာတွင် တမလန်းသစ်လုံး ၇ ဒသမ ၂၀၂ တန်၊ ရွာဟောင်းကျေးရွာ၏ အနောက် တော-ငါ်ဘက် တစ်မိုင်ခန့်အကွာ လမ်းမပေါ်၌ ရပ်ထားသော ယာဉ်အမှတ် ၁၅/-- လေးဘီးထော်လာဂျီယာဉ်ပေါ်မှ တမလန်းသစ်လုံး ၀ ဒသမ ၇၀၁၂ တန်၊ ဂဟဲကျေးရွာ၏ အရှေ့မြောက်ဘက် တစ်မိုင်ခန့်အကွာ တောအတွင်းတွင် တမလန်း သစ်လုံး ၀ ဒသမ ၇၁၉၄ တန် စုစုပေါင်းတန် ၈ ဒသမ ၆၂၂၆ တန်၊ ကာလတန်ဖိုး ၂၁၅၅၆၅၀ တို့ကို ပိုင်ရှင်မဲ့တွေ့ရှိသိမ်းဆည်းခဲ့ကြောင်း သိရ သည်။ ပိုင်ရှင်မဲ့တွေ့ရှိသော တမလန်းသစ်လုံးများနှင့် ထော်လာဂျီတို့ကို သစ်တောဦးစီးဌာနသို့ အပ်နှံခဲ့ပြီး သစ်ပိုင်ရှင်နှင့် ယာဉ်ပိုင်ရှင်တို့ကို သစ်တောဥပဒေအရ အရေးယူနိုင်ရေးအတွက် စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **ဦးရဲ(ကသာ)**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌ နေ့စားလပေးဆရာ ဆရာမများကို ဆရာအတတ်ပညာသိရှိနားလည်ပြီးလက်တွေ့သင်ကြားရာတွင် အထောက်အကူဖြစ်စေရန် မြို့နယ်အခြေပြု မူလတန်းဆရာ အတတ်ပညာအထူးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၂ ရက်က အထကခန်းမ၌ကျင်းပစဉ်။ အောင်စောဦး

ချင်းပြည်နယ်အတွင်းရှိ ပညာရည်ထူးချွန်သူ၃၀ကို ပညာသင်စရိတ်ထောက်ပံ့ပေးမည်

တီးတိန် ဧပြီ ၂၃

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ချင်းပြည်နယ်တစ်ဝန်းလုံးရှိ စတုတ္ထတန်းနှင့်အဋ္ဌမတန်း ကျောင်းသားကျောင်းသူများအတွင်း ပညာရည်ထူးချွန်သူ ၃၀ တို့ကို ပညာသင်စရိတ် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ် ကိုးမြို့နယ်မှ ကျောင်းသားကျောင်းသူများသည် အင်္ဂလိပ်စာဘာသာရပ်နှင့်ပြင်ပ အထွေထွေဗဟုသုတများကို မိမိတို့ မြို့နယ်အလိုက် ယှဉ်ပြိုင်စေပြီး အခြေခံပညာအလယ်တန်းကျောင်းသား ကျောင်းသူ ၁၁ ဦး၊ အခြေခံပညာမူလတန်းကျောင်းသား ကျောင်းသူ ၁၉ ဦး စုစုပေါင်း ၃၀ တို့ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အရွေးချယ်ခံ ကျောင်းသားများအတွက် စတုတ္ထတန်းကျောင်းသားတစ်ဦးကို တစ်လလျှင် ငွေကျပ်နှစ်သောင်းစီ၊ အဋ္ဌမတန်းကျောင်းသားတစ်ဦးကို တစ်လလျှင် ငွေကျပ် သုံးသောင်းစီဖြင့် ၂၀၁၄ ခုနှစ် ဇွန်မှ ၂၀၁၅ ခုနှစ် မတ်လအထိ လစဉ်ထောက်ပံ့ပေးသွားမည်ဟု သိရသည်။

ပညာရည် ထူးချွန်သူများကို မြို့နယ်အလိုက် ကျောင်းအသီးသီးမှအဆင့်ဆင့်ရွေးချယ်ပြီး အရည်အချင်းပြည့်မီဆုံးကို ပြန်လည်စိစစ်ရွေးချယ်ခြင်း ဖြစ်ကြောင်း၊ ယခုလက်ရှိ နိုင်ငံတော်အစိုးရလက်ထက် ပညာရေးစနစ်သစ်များအဆင့်လိုက် ပြုပြင်ပြောင်းလဲနေပြီး ပညာရေးဝန်ထမ်းနှင့် စာသင်ကျောင်းတိုးချဲ့မှုများကို တိုးတက်မှုရှိလာပြီဖြစ်ကြောင်း တီးတိန်မြို့ပေါ်မှ ကျောင်းဆရာတစ်ဦးက ဆိုသည်။

ချင်းပြည်နယ်ပညာရေးဌာန၏ ယခင် ၂၀၁၃ ခုနှစ်စာရင်းအရ ချင်းပြည်နယ်တွင် အထက်တန်းကျောင်း ၃၀၊ အထက်တန်းခွဲ ကျောင်း ၃၀၊ အလယ်တန်း ၃၅၂ ကျောင်း၊ အလယ်တန်းခွဲ ၃၄ ကျောင်း၊ မူလတန်း လွန် ၃၅၂ ကျောင်း၊ မူလတန်း ၆၇၇ ကျောင်း၊ မူလတန်းခွဲ ရှစ်ကျောင်း၊ တွဲဖက်မူလတန်း ၃၈ ကျောင်းရှိပြီး စုစုပေါင်းကျောင်းသား ကျောင်းသူ ၁၂၂၃ ဦးရှိကြောင်း သိရသည်။ **နေစု (ချင်းရိုးမ)**

ပခုက္ကူ – မြိုင် ကားလမ်းဘေး လူငယ်တစ်ဦး သေဆုံးမှုဖြစ်

မြိုင် ဧပြီ ၂၃

မကွေးတိုင်းဒေသကြီး ပခုက္ကူ-မြိုင်မော်တော်ကားလမ်းဘေးတွင် ဧပြီ ၂၁ ရက် ည ၈ နာရီခန့်က အမျိုးသားတစ်ဦး ဂျင်ဇင်း ၁၁၀ ဆိုင်ကယ်နှင့်အတူ သေဆုံးမှုဖြစ်ပွားသည်။

အဆိုပါ သေဆုံးမှုဖြစ်စဉ်မှာ မြိုင်မြို့မှ အထွက် (၃)မိုင်ခန့် အကွာ ဂေါက်ကွင်းအနီး မြိုင်-ပခုက္ကူသွား မော်တော်ကားလမ်း မိုင်တိုင်အမှတ် ၂၄/၂နှင့် ၂၄/၃ မိုင်တိုင်အကြားတွင် ဂျင်ဇင်း (၁၁၀)ဆိုင်ကယ်တစ်စီးနှင့် သေဆုံးသူ လူငယ်တစ်ဦး တွေ့ရှိပြီး မြိုင်မြို့မရဲစခန်း တာဝန်မှူး ဒုရဲအုပ်ထွန်းကိုကိုမှ အခင်းဖြစ်ပွားနေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ပခုက္ကူမြို့ အမှတ်(၂)ရပ်ကွက်နေ ကျော်သာထွန်း (၂၀နှစ်) ဖြစ်ပြီး မြိုင်မြို့မှ ဌာနဆိုင်ရာ ဝန်ထမ်းတစ်ဦးဖြစ်ကြောင်း သိရသည်။ သေဆုံးမှုနှင့် စပ်လျဉ်း၍ မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိန်မြိုင်(မြိုင်)**

အပူပိုင်းဒေသ စိမ်းစိုဖို့ သစ်တောသစ်ပင်တွေ စိုက်ကြစို့

မိုးဦး၊ လေဦးကာလ သတိပေးချက်

နေပြည်တော် ဧပြီ ၂၃

(က) မြန်မာနိုင်ငံအရပ်ရပ်တွင် အနောက်တောင်မုတ်သုံရာသီ မကျရောက်မီ မိုးဦး၊ လေဦးကာလအတွင်း နေ့အပူချိန်များ မြင့်တက်လာရာမှ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်ပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများ တိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပါသည်။

(ခ) သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မုတ်သုံရာသီမကျရောက်မီ မိုးဦး၊ လေဦးကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များအား အထူးဂရုပြုနေထိုင်သွားကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

ဦးသန့်ဇော် PQI အသိအမှတ်ပြုစင်တာ
B.Sc.IC.Q.DA, DMP, MBA, ACCA (Pro)
LCCI I ,II ,III & MYOB
10-May- 2014 အတန်းသစ်များ/ သင်တန်းကြေး အရစ်ကျ
I&II Sec (A): Mon to Wed 3:30 - 5:30 pm (သုံးလပြတ်)
Sec (B): Mon - Tue 6:00 - 7:45 pm
Sec (C): Sat - Sun 9:00 - 11:00 am
ORION Business School ...

ဝါရင့် ဆရာ/ဆရာမကြီးများသင်မည်။
စီးပွားရေးတက္ကသိုလ်/ညနေပိုင်းမဟာဘွဲ့
EMBA/EMPA ဝင်ခွင့်
GMAT, Reasoning & English
10-May-2014 သင်တန်းစမည်။ (ရုံးချိန်လွတ်)
▪ ဝင်ခွင့်အတွေ့အကြုံများစွာရှိထားပါသည် ▪
အမှတ်-၂၆၇၊ ပ-ထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း (အုံ့စင်တာအနီး)။
09 73154401, 09 5115997

မြေကွက် ရောင်းမည်
လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်ရှေ့၊ (၂၂)ရပ်ကွက်၊ ပိတောက်လမ်းသွယ်၊ ခြံအမှတ် ၆၀၀၊ ၆၀၁။
ဖုန်း-၀၉-၂၅၀၁၃၆၇၃၆၊ ၃၀၁၆၈၉၆၉

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၃)ရပ်ကွက်၊ အမှတ် ၈၂၈၊ ဧရိယာပေ(၄၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒုအရာခံဗိုလ်သော်ဇင် ကပ-၂၁၀၉၃၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၀ ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းမင်းလွင် LL.B
စဉ်-၂၇၂၁၄
အထက်တန်းရှေ့နေ
အမှတ် ၅၄၂၊ May Shopping အပေါ်ထပ်၊ အခန်းအမှတ် A-2၊ ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၇၄၅၈၃၃

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် ၈၅၅/က၊ မြေအကျယ်အဝန်း ၁၂၀၀ စတုရန်းပေရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ် ၈၅၅/က၊ ဇာဂ ၁၆ လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သည့် နေအိမ်တို့ကို အမည်ပေါက် ပိုင်ရှင် ဒေါ်ကြည်ကြည်တင်ထံမှ ဆက်စပ်စာချုပ်များဖြင့်ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်သူ ဒေါ်သန်းသန်းအေး ၇/ပတန(နိုင်)၀၀၃၇၄၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကတိစာချုပ်ချုပ်ဆိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်နေအိမ်တို့၏ ပိုင်ရေးဆိုင်ခွင့်၊ လွှဲပြောင်းရောင်းချခွင့်များနှင့်စပ်လျဉ်း၍ ကန့်ကွက်အရေးဆိုလိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်ထွန်း B.A(Law), LL.B(Advocate)
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၆၅၃)
အမှတ် ၅၀၊ မလွကုန်းလမ်း၊ ကျောက်/ရှေ့ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၂၀၂၃၈၂၂

(၁၃.၃.၂၀၁၄) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ဦးထွန်းဝေ၏ ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဒေါ်ဖြူသွယ်ယု၏ အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်းကြေညာအား ပြန်လည်ရှင်းလင်းသတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ ကြံခင်းလမ်း၊ အမှတ် (၂၉) နေ ကျွန်ုပ်၏ မိတ်ဆွေ ဦးဝင်းကြွယ်၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း သတိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ ဇလွန်လမ်း၊ အမှတ် (၂၉၊ ၃၁)၊ နေအိမ်ကို ကန်ထရိုက်တိုက်ဆောက်လုပ်ရန်အတွက် ကျွန်ုပ်မိတ်ဆွေနှင့် ဒေါ်မြရီ၊ ဦးထွန်းဝေတို့ (၈.၂.၂၀၁၁) ရက်နေ့တွင် စာချုပ်ချုပ်ဆိုခဲ့ပြီး၊ ကျွန်ုပ်မိတ်ဆွေအား ဒေါ်မြရီနှင့် ဦးထွန်းဝေတို့က ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ပေးခဲ့ပါသည်။ ဒေါ်မြရီမှကွယ်လွန်မီနှင့် ကွယ်လွန်ပြီးသည့်နောက် ၎င်း၏ သားသမီးများကငင်း၊ ဦးထွန်းဝေနှင့် ၎င်း၏သမီးကငင်း၊ ကျွန်ုပ်၏မိတ်ဆွေထံမှ လက်မှတ်ရေးထိုး၍ ငွေကြေး အမြောက်အမြား အလီလီရယူခဲ့ပြီး ဖြစ်ပါသည်။ ဒေါ်မြရီနှင့် ဦးထွန်းဝေတို့တွင် ကန်ထရိုက်တိုက်ဆောက်နိုင်သည့် မည်သည့်မြေပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားများ မရှိသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ငွေကြေးစိုက်ထုတ်ကာ သက်ဆိုင်ရာဌာနများတွင် လိုက်လံဆောင်ရွက်နေစဉ်နှင့် မြေပုံမြေရာဇဝင်ကူးယူရာတွင် ၎င်းတို့မှ လိုက်လံ ကန့်ကွက်နေသဖြင့်လုပ်ငန်းကြန့်ကြာနေရခြင်းဖြစ်ပါသည်။ သို့အတွက် အထွေထွေကိုယ်စားလှယ်လွှဲစာကို ဥပဒေအရ တစ်ဖက်သတ်ရုပ်သိမ်းမရပါ။ မူရင်းကျွန်ုပ်မိတ်ဆွေထံတွင် ရှိပါသည်။ သို့ဖြစ်၍ ကျွန်ုပ်မိတ်ဆွေနှင့် ကန်ထရိုက်တိုက် ဆောက်လုပ်ရန် စာချုပ်ချုပ်ဆိုထားသော အဆိုပါအိမ်မြေအား အခြားသူတစ်ဦးဦးနှင့် ကန်ထရိုက်တိုက် ဆောက်လုပ်ရန် စာချုပ်ချုပ်ဆိုခြင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်း၊ အဆိုပါအိမ်အား ဖြိုဖျက်ခြင်း စသည့် တနည်းနည်းလွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် လိုက်နာခြင်းမရှိပါက ရာဇဝတ်ကြောင်းအရ၄င်း၊ တရားမကြောင်းအရ၄င်း အရေးယူတရားစွဲဆိုသွားမည် ဖြစ်ကြောင်း၊ ကွယ်လွန်သူ ဒေါ်မြရီ၏သားသမီးများ၊ ဦးထွန်းဝေနှင့် သမီးများနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းသတိပေးကြေညာအပ်ပါသည်။

ဦးဝင်းကြွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်စိုးဝင်း (LL.B)
အထက်တန်းရှေ့နေ (စဉ်-၃၉၆၇၄)
အမှတ်(၁၀/၁၂)၊ အခန်း(၀၀၄-အေ)၊
မြေညီထပ်၊ (၁၅)လမ်းအောက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ပွင့်သောပန်းများလန်းပါစေ

သက်နိုင်(ပြင်ဦးလွင်)

အောင်မြင်မှုကို လူတိုင်းလူတိုင်း တောင့်တအလိုရှိကြသည်။ အောင်မြင်မှုရရှိလာလျှင်လည်း ဝမ်းသာဂုဏ်ယူမဆုံးနှင့် ပျော်တပြုံးပြုံးဖြစ်ကြသည်မှာ လောက၏ဓမ္မတာပင်ဖြစ်သည်။ အသက်အရွယ်ကြီးသူဖြစ်စေ၊ ငယ်သူဖြစ်စေ၊ လုပ်ကိုင်နေကြရသော စီးပွားရေးလုပ်ငန်းများ ကြီးမားသည် ဖြစ်စေ၊ သေးငယ်သည်ဖြစ်စေ အချိန်တိုင်း၊ နေရာတိုင်းတွင် အောင်မြင်ကျော်ကြားလိုကြသည်။ ထို့အပြင် အသိအမှတ်ပြုခြင်းကိုလည်း ခံယူလိုတတ်ကြပါသည်။

တစ်ခါက ကိုယ်တိုင်တွေ့ကြုံခဲ့ရသောအဖြစ်အပျက်တစ်ခုတွင် နဝမတန်းစာမေးပွဲဖြေဆိုပြီးသော ကျောင်းသားတစ်ယောက်ကိုမိဘများက တက္ကသိုလ်ဝင်တန်း ၁၀ တန်း စာသင်ရန် ဘော်ဒါဆောင်တစ်ခုသို့ နွေရာသီကတည်းက ပို့လွှတ်အပ်နှံခဲ့သည်။ အောင်စာရင်းထွက်သောအခါတွင်လည်း သွားရောက်ကြည့်ရှုရန် ပျက်ကွက်ခဲ့ကြသည်။ ကျောင်းဖွင့်၍ ထိုဘော်ဒါဆောင်မှကျောင်းပြောင်းလက်မှတ်တောင်းယူသောအခါ ကျောင်းသားမိဘများ မျက်လုံးပြူးမျက်ဆံပြူး ဖြစ်ကြရတော့သည်။ အဘယ်ကြောင့်ဆိုသော် ကျောင်းသို့ ကျောင်းပြောင်းလက်မှတ် သွားရောက်ထုတ်ယူသည့်အခါ ထိုကျောင်းသားမှာ နဝမတန်းစာမေးပွဲကျရှုံးနေသောကြောင့် ဖြစ်လေသည်။

ထိုဖြစ်စဉ်တွင် အဓိက အမှန်ကတယ်နစ်နာသူများမှာ ကျောင်းသားနှင့်ကျောင်းသားမိဘများပင်ဖြစ်လေသည်။ ကျောင်းသားသည် ဘော်ဒါဆောင်တွင် တခြားကျောင်းသား ကျောင်းသူများနှင့် ၁၀ တန်းစာကိုသုံးလကျော်အတူတကွသင်ယူထားပြီးပြီ။ ယခုကဲ့သို့သော စာမေးပွဲကျရှုံးနေကြောင်း သိရသောအခါ နဝမတန်းတွင် ဆက်လက်ပညာသင်ကြားရန် မည်သူမှပြောဆိုဖျောင်းဖျ၍မရတော့ပေ။ ပညာတစ်ပိုင်းတစ်စနှင့်ပင် ကျောင်းထွက်သွားခဲ့သည်။ အစကတည်းကကျရှုံးကြောင်းသိရှိခဲ့ရလျှင် အခြေအနေတစ်မျိုးပြောင်း၍ဆက်လက်ပညာသင်ကြားနိုင်သေးသည်။ ယခုဖြင့်ကျောင်းသားမှာ ရှက်ခြင်း၊ ကြောက်ခြင်းတို့နှင့် ကျောင်းစာသင်ယူခြင်းကို နှုတ်ဆက်ကျောခိုင်းသွားခဲ့လေပြီ။

ကျောင်းစစ်စာမေးပွဲအောင်စာရင်းထွက်သောနေ့တစ်နေ့တွင် မိတ်ဆွေတစ်ဦး၏အိမ်သို့ အလုပ်ကိစ္စတစ်ခုနှင့် ရောက်ရှိသွားခဲ့သည်။ မိတ်ဆွေနှင့်စကားပြောနေစဉ် ပဉ္စမတန်းဖြေဆိုအောင်မြင်သော ကျောင်းသူလေးတစ်ဦး အပြေးဝင်လာပြီး ဝမ်းသာအားရဖြင့်အနီးရှိ အဒေါ်ဖြစ်သူအား "တီတီ သမီးစာမေးပွဲအောင်တယ်"ဟု ဂုဏ်ယူဝံ့ကြွားစွာ ပြောရှာသည်။ ထိုအခါ အဒေါ်ဖြစ်သူမှ "အဲဒါ ငါကဘာလုပ်ရမှာတုံး"ဟူသော စကားကြောင့် ကလေးမှာ ဘာလုပ်ဘာကိုင်၍ ဆက်ပြောရမှန်းမသိ ကြောင်အမ်းအမ်းဖြစ်သွားရသည်။

အမှန်မှာ ကလေးသည် မိမိ၏ အောင်မြင်မှုအတွက် အသိအမှတ်ပြုခံလိုခြင်းပင်ဖြစ်သည်။ တစ်စုံတစ်ယောက်က "သမီးက လိမ္မာလိုက်တာ၊ တော်လိုက်တာ"ဟု ချီးကျူးပြောဆိုလိုက်လျှင် ထိုကလေးသည် သည်ထက်မက အောင်မြင်မှုများကို အရောက်လှမ်း၍ ဆွတ်ခူးရန် ခဲယဉ်းတော့မည်မဟုတ်ပေ။ ယခု ကလေးစိတ်ထဲတွင် "ငါအောင်မြင်အောင်ကြိုးစားလည်း အလကားပါပဲ" ဟု ထင်မှတ်သွားလျှင် ထိုကလေး၏ ဘဝသာမက တိုင်းပြည်၏ အနာဂတ်ပါ နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်ပေသည်။

မိမိသည် ဆိုင်ကယ်ပြုပြင်ရေး ဆိုင်တစ်ဆိုင်နှင့် ရင်းနှီးနေသည်။ ထိုဆိုင်တွင် ပိုင်ရှင်ဝပ်ရှော့ဆရာနှင့်အတူ အလုပ်သင်လူငယ်ငါးယောက်လည်း ရှိလေသည်။ ဆိုင်သို့ ဆိုင်ကယ်ပြုပြင်ရန်လာရောက်လျှင် ဝပ်ရှော့ဆရာသည် အလုပ်သင်လေးများကို ကြည့်ခိုင်းသည်။ "ဘာဖြစ်တာလဲ"မေးသည်။ ပြီးမှ သူကိုယ်တိုင် စစ်ဆေးကြည့်ရှုသည်။ ပြုပြင်ရန်လည်း လူငယ်လေးတို့ကိုသာ ပြင်ခိုင်းသည်။ ပြုပြင်ပြီးလျှင်လည်း ထပ်မံစစ်ဆေးပေးသည်။ တစ်ခါတစ်ရံ မိမိကကိုယ်တိုင် ဘာလို့လုပ်မပေးတာလဲ၊ လူငယ်များနှင့် စိတ်ချရမည်လားဟု ဝပ်ရှော့ဆရာကိုမေးသောအခါ စိတ်ချရပါကြောင်းနှင့် ထိုသို့မလုပ်ပါက ထိုကလေးများသည် ဆိုင်ကယ်ပြုပြင်ရေးပညာကို တော်တော်နှင့်တတ်မည်မဟုတ်ကြောင်း ရှင်းလင်းပြောဆိုသည်။ အမှန်တကယ်လည်း ထိုလူငယ်လေးများ ပြုပြင်ပေးလိုက်သော ဆိုင်ကယ်များ ကောင်းမွန်ခဲ့ပေသည်။

ထို့ပြင် ဝက်ရှော့ဆရာ၏ ထူးခြားချက်တစ်ခုမှာ ကလေးတစ်ဦး ဆိုင်ကယ်ပြုပြင်ပြီးတိုင်း သေချာစွာပြန်လည်စစ်ဆေး၍ "မင်းတော်တော်ရလာပြီပဲ"၊ "တော်တော်တက်လာပြီ" စသည်ဖြင့် အမြဲချီးကျူးစကားပြောဆိုပေးသည်။ တစ်ခါတစ်ရံပြုပြင်ရာတွင် အဆင်မပြေမှု၊ ချွတ်ယွင်းမှုများရှိခဲ့လျှင်လည်း ထိုကလေးကို ဘယ်သောအခါမှ အပြစ်မပြောပေ။ "မင်းလုပ်တာကောင်းတယ်။ ဒါပေမယ့် ဒါလေးကိုဒီလိုလုပ်လိုက်ရင် ပိုကောင်းမယ်" ဟု ပြောဆိုပြီး သူကိုယ်တိုင် ပြန်လည်ပြုပြင်သင်ကြားပြသပေးသည်။ နောက်ဆုံးတွင် ထိုကလေးများသည် ဆိုင်ကယ်ပညာကို ငယ်ငယ်ရွယ်ရွယ်နှင့် ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်သွားခဲ့သည်။

> **ငယ်ရွယ်သောကလေးများသည် အတွေးအခေါ် အမြော်အမြင်များ အားနည်းနေသေးသည်ဖြစ်ရာ တတ်သိကျွမ်းကျင်သည့်မိဘအုပ်ထိန်းသူများနှင့် ဆရာ၊ ဆရာမများမှ ပဲ့ပြင်ထိန်းကျောင်း သွန်သင်ဆုံးမ ပြသမှုသာလျှင်.....**

ဆိုလိုသည်မှာ ငယ်ရွယ်သောကလေးများသည် အသိပညာ၊ အတတ်ပညာနှင့် ဗဟုသုတပိုင်းဆိုင်ရာများ၊ အကြောင်းအကျိုး၊ အကောင်းအဆိုး၊ အမှားအမှန်ကို သေချာဝေဖန်ပိုင်းခြားသိမြင်နိုင်သော အတွေးအခေါ် အမြော်အမြင်များ အားနည်းနေသေးသည်ဖြစ်ရာ တတ်သိကျွမ်းကျင်သည့် မိဘအုပ်ထိန်းသူများနှင့် ဆရာ၊ ဆရာမများက ပဲ့ပြင်ထိန်းကျောင်း သွန်သင်ဆုံးမပြသမှုသာလျှင် လမ်းမှန်ပေါ်သို့ အလွယ်တကူ အောင်မြင်စွာ ရောက်ရှိနိုင်မည်ဖြစ်ပေသည်။

ထို့ကြောင့် ငယ်ရွယ်သောကလေးများပင် ဖြစ်လင့်ကစား ထိုကလေးများကို အမှုမဲ့အမှတ်မဲ့ ပြောဆိုပြစ်တင်မည့်အစား သေချာစွာ လေ့လာသုံးသပ်၍ ပြုပြင်ထိန်းကျောင်းပေးလျှင် ၎င်းတို့၏ ဘဝရှေ့ရေး တိုးတက်ကောင်းမွန်အောင်မြင်လာမည်သာမက မိမိတို့၏ အမိနိုင်ငံတော်ကြီးအတွက် အနာဂတ်အင်အားများ ဖြစ်လာမည်မှာ ဧကန်မလွဲပင်ဖြစ်ပါကြောင်း။

မန္တလေး၌ သက်ကြီးပူဇော်ပွဲကျင်းပ

မန္တလေး ဧပြီ ၂၃

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ အသက်(၉၀ နှစ်)အထက် သက်ကြီးဘိုးဘွား ၆၄ ဦးတို့အားသက်ကြီးပူဇော်ပွဲကို နိမ္မာနမုခဗိမာန်၌ ဧပြီ ၂၀ ရက် နံနက်ပိုင်းက ကျင်းပရာ တက်ရောက်လာကြသော မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်ရှိန်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်အဖွဲ့ဝင်များ၊ အသင်းဝင်များ၊ ကြက်ခြေနီများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများက ကန်တော့ခံဘိုးဘွားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀ စီနှင့် ငွေကျပ် ၁၄၀၀၀ တန်ဖိုးရှိ အိမ်သုံးဆေးဝါးပစ္စည်းများ၊ အဝတ်အထည်များ ကန်တော့ပစ္စည်းတို့ဖြင့် ပေးအပ်ကန်တော့ကြပြီး ကန်တော့ခံများကိုယ်စား အဘိုးအဘွားတစ်ဦးစီတို့က ဆုတောင်းမေတ္တာပို့သခဲ့ကြကြောင်းနှင့် အခမ်းအနားအပြီးတွင် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက အဘိုးအဘွားတို့အား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ခြေသည်းလက်သည်းများ ညှပ်ပေး၍ တစ်ကိုယ်ရေသန့်ရှင်းမှုတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

စဉ့်ကူးမြို့၌ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းဆင်း

ကျောင်းသားလူငယ်လူရွယ်များကို စာရိတ္တပညာမြင့်မားစေရန်နှင့် ဗုဒ္ဓစာပေအသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စဉ့်ကူးမြို့(၁)ရပ်ကွက် ရွှေရပ်တော်မြတ်စွာဘုရား ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော ဒုတိယအကြိမ် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်းဆင်းလက်မှတ်နှင့် ထူးချွန်ဆုပေးအပ်ချီးမြှင့်ပွဲကို ဧပြီ ၂၁ ရက် နံနက် ၈နာရီခွဲက ရွှေရပ်တော်မြတ်စွာဘုရားရင်ပြင်တော်ပေါ်၌ကျင်းပရာမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမေသိန်းရီနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ အခမ်းအနားကို သင်တန်းသား သင်တန်းသူများက ဓမ္မတေးကဗျာဖြင့် ရွတ်ဆိုဖွင့်လှစ်ကြပြီး သင်တန်းအုပ်ချုပ်သူနည်းပြဆရာ ဦးတင်အုန်းက သင်တန်းဆင်းအမှာစကားနှင့် ဖွင့်လှစ်ရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းမေသိန်းရီနှင့် တာဝန်ရှိသူများက သင်တန်းတွင် အကြီးတန်း၊ အလတ်တန်းနှင့်အငယ်တန်းတို့တွင် ပထမ၊ ဒုတိယနှင့် တတိယရရှိသူများ၊ နှစ်သိမ့်ဆုရရှိသူများနှင့် သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်းဂုဏ်ပြုလက်မှတ်နှင့် ထူးချွန်ဆုများကိုပေးအပ်ခဲ့သည်။ **(၄၃၃)**

☆ STYLE ☆
Design & Tailoring Training Centre
Dozo Fashion Technical School
ကျောင်းဆင်း Myanmar Young Designer ဆုရ
မမေလွင်ဇေယျာ
ကိုယ်တိုင်ခေတ်မီဂျပန်စင်တီမီတာနည်းဖြင့်စနစ်တကျ သင်ကြားပေးပါမည်၊ ညပိုင်းသင်တန်းရှိသည်။
သင်တန်းဖွင့်ရက် (3.5.2014)
သင်တန်းနေရာ-တိုက်(55)၊သီတာလမ်း၊ကျောက်မြောင်း၊ရန်ကုန်မြို့။
09 73037491, 09 5096251

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ အင်းစိန်လမ်းမကြီး၊ အမှတ်(၂)၊ အခန်း ၈/အေနေ ဒေါ်ရင်အော် (Mah Yin Aw) ၁၃/လရန(ပြု)၀၀၀၅၃၀၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

ကွယ်လွန်သူ ဦးဝင်းမောင် အမည်ပေါက် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းစိန်လမ်းမကြီး အမှတ်(၂)၊ အခန်း ၇/အေ၊ ၈/အေ၊ ဝဲ/ယာ အခန်းသုံးခန်းအား ဦးဝင်းမောင်၏အမည်မှ ဒေါ်ရင်အော် (Mah Yin Aw) အမည်သို့ ပြောင်းလဲမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအမည်ပြောင်းလဲခြင်းအား ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိုးမိုးခိုင် ဒေါ်သဉ္ဇာရဲမြင့်
စဥ်-၄၈၂၆/၈၉ စဥ်-၈၆၅၈/၁၂
ဒေါ်ရင်အော်(Mah Yin Aw)၏တရားလွှတ်တော်ရှေ့နေများ
Golden Phoenix Law Firm Group
ဖုန်း-၀၉-၄၂၀၀၀၇၀၈၁၊ ၀၉-၅၀၃၂၆၂၆

သင့်သွေးဖြင့် အသက်ကယ်ပါ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁ဃ/၆၂၀၃ Honda C90 Custom CMV ယာဉ်လက်ဝယ်ရှိသူ ဒေါ်အုံးခင် ၁၃/နဆန(နိုင်)၀၁၃၅၇၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)

တောင်သာ-ဇဂျမ်း ကျေးလက်လမ်း မကြာမီပြီးစီးတော့မည်

တောင်သာမြို့နယ်သည် ပူပြင်းခြောက်သွေ့သော အလယ်ပိုင်းမိုးနည်းရပ်ဝန်းတွင်တည်ရှိ၍ မြို့နယ်အတွင်း ကျေးရွာများမှ ဒေသခံပြည်သူများ အနေဖြင့် မြေပဲ၊ နှမ်း၊ ပြောင်း၊ ပဲစင်းငုံ၊ ကြက်သွန်များကို အဓိကစိုက်ပျိုးပြီး စီးပွားရေးအရ အဆင်ပြေသည်ဟု ဆိုနိုင်သော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲစွာ သွားလာနေရသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသေးသည်။

နိုင်ငံတော်မှ မြို့ပြနှင့်ကျေးလက်ဒေသဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်စေရန် စက်ရေတွင်းများ တူးဖော်ခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်းများ တိုးချဲ့ခြင်း၊ မြေသားကန်များ ပြန်လည်တူးဖော်ပေးခြင်း၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အစီအမံများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိသည်။

တောင်သာမြို့နယ်၌ ကျေးလက်လမ်းများဖြစ်သော တောင်သာ-ဇဂျမ်းလမ်း၊ ဇဂျမ်း-ဝဲလောင်လမ်း၊ တောင်သာ-ဇရပ်ကြီးလမ်း၊ ဝဲလောင်-ရွာသစ်-ငါ့သရောက်လမ်း၊ (သပွတ်ပင်တဲ-ရုံးတော-ကျောက်တစ်လုံး)-(တောင်သာ-ကျောက်ပန်းတောင်း) လမ်းများ ဖောက်လုပ်ပေးသွားမည်ဖြစ်သည်။

ယခုအခါ တောင်သာ-ဇဂျမ်း ကျောက်ချောလမ်းကို ဖေဖော်ဝါရီ ၂ ရက်မှ စတင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ယူ ဖောက်လုပ်ပေးလျက်ရှိရာ လမ်း၏အရှည် ၈မိုင် ၂ဖာလုံ၊ အကျယ် ၁၂ပေနှင့် လမ်းဖြတ်သန်းရာ နတ်စောင့်ရွာအနီးရှိ တစ်မိုင်ခန့်ရှိသော ဆင်တဲဝချောင်းကိုလည်း အဆင့်မြင့်ရေကျော် ဆောက်လုပ်ခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ လုပ်ငန်းများကို တောင်သာ-နတ်စောင့်လမ်းပိုင်းနှင့် နတ်စောင့်-ဇဂျမ်းလမ်းပိုင်းအဖြစ် နှစ်ပိုင်းသတ်မှတ်လျက် မြို့နယ်ခုနစ်မြို့နယ်မှ အငယ်တန်းအင်ဂျင်နီယာများပါဝင်သော အဖွဲ့ငါးဖွဲ့ ဖွဲ့စည်းကာ လုပ်သားဦးရေ ၂၀၀ ကျော်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တောင်သာ-ဇဂျမ်းလမ်းကို တစ်နိုင်ငံလုံးအတိုင်းအတာအရ ပထမဦးဆုံးအကြိမ်တာဝန်ယူ ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ဌာန၏ကောင်းမွန်သော လုပ်ဆောင်ချက်များဖြင့် သမိုင်းတွင်သောလုပ်ရပ်များ ကျန်သွားစေရန် စေတနာထား ဆောင်ရွက်ပေးလျက်သည်။

အဆိုပါလမ်းသည် ၂၀၁၄- ၂၀၁၅ ဘတ်ဂျက် ခွင့်ပြုရန်ပုံငွေမှ သုံးစွဲရမည်ဖြစ်သော်လည်း ဘဏ္ဍာရေးနှစ်အကြိုအဖြစ် လျာထားသုံးစွဲလျက် အရည်အသွေးမီ မြန်ဆန်စွာ ပြီးစီးနိုင်ရန် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်မှ ချေးယူသုံးစွဲ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုမ္ပဏီသို့ လွှဲအပ်ခြင်း၊တင်ဒါပေးခြင်း၊ လေလံစနစ်ခေါ်ယူခြင်းများ ဆောင်ရွက်ရမည်ဖြစ်သော်လည်း စံချိန်စံညွှန်းမီ မှန်မှန်ကန်ကန်နှင့် မြန်ဆန်စွာဆောင်ရွက်နိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ယူခဲ့ခြင်းဖြစ်သည်။

ဘဏ္ဍာငွေ အရအသုံးစာရင်း လျာထားချက်များကိုလည်း ထိထိရောက်ရောက်အကျိုးရှိအောင် တိကျမှန်ကန်စွာတင်ပြလျက် လမ်း၏အရည်သွေး ကောင်းမွန်မှုရှိ မရှိ စစ်ဆေးရေးအဖွဲ့များ၏ ကွင်းဆင်းစစ်ဆေးမှုများကို ခံယူပြီးမှ ကုန်ကျငွေများ ထုတ်ယူသုံးစွဲခွင့်ပြုခဲ့ကြောင်း သိရသည်။

ယခုအခါ လုပ်ငန်းတစ်ခုလုံး၏ ၇၅ ရာခိုင်နှုန်းနီးပါး ပြီးစီးနေပြီဖြစ်ရာ ဧပြီလကုန်ပိုင်းတွင် လုပ်ငန်းအားလုံး ပြီးစီးနိုင်မည်ဖြစ်သည်။ အဆိုပါလမ်း ပြီးစီးပါကအိမ်ခြေ ၈၅၁၃ အိမ်၊ လူဦးရေ ၄၂၇၆၄ ဦးတို့သည် အချိန်တိုအတွင်းအလွယ်တကူ သွားလာနိုင်တော့မည်ဖြစ်၍ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးကဏ္ဍ အသီးသီးအတွက် များစွာအထောက်အကူ ဖြစ်လာမည်ဖြစ်၍ ဝမ်းသာလျက်ရှိကြောင်း သိရသည်။

လင်းလက်ကြယ်(တောင်သာ)

ဘိန်းစိမ်း ၈ ဒသမ ၃ ကီလိုနှင့် မော်တော်ဆိုင်ကယ်နှစ်စီး ဖမ်းဆီးရမိ

မိုင်းဖြတ် ဧပြီ ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ဟိုနားကျေးရွာအနီး ကျိုင်းတုံ-တာချီလိတ်သွား ပြည်ထောင်စုလမ်းမပေါ်တွင် ဘိန်းစိမ်း ၈ ဒသမ ၃ ကီလိုနှင့် မော်တော်ဆိုင်ကယ်နှစ်စီး ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဧပြီ ၂၁ ရက် နံနက် ၁၁ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု ၃၀ တာချီလိတ် မိုင်းဖြတ်လှုပ်ရှားဆွယ်မှ ဒုရဲအုပ်ကျော်နိုင်မိုး ဦးစီးပူးပေါင်းအဖွဲ့သည် မိုင်းဖြတ်မြို့နယ် ဟိုနားကျေးရွာအနီး ကျိုင်းတုံ-တာချီလိတ်သွားလမ်းမပေါ်တွင် ကျိုင်းတုံဘက်မှ မိုင်းဖြတ်ဘက်သို့ လော်ရဲမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ ဘိန်းစိမ်း ၃ ဒသမ ၉ ကီလိုကိုလည်းကောင်း၊ လီဒုမောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ဒူးကာနှင့်တူးဘောက်အတွင်းမှ ဘိန်းစိမ်း ၄ ဒမသ ၄ ကီလိုကို လည်းကောင်း စုစုပေါင်း ဘိန်းစိမ်းအလေးချိန် ၈ ဒသမ ၃ ကီလိုကို သိမ်းဆည်းခဲ့သည်။

ဘိန်းစိမ်း ၃ ဒသမ ၉ ကီလိုနှင့်အတူ ဖမ်းဆီးရမိသူ လော်ရဲ (၃၄ နှစ်) နမ့်ပူကျေးရွာ ပန်မတ်အုပ်စု ကျိုင်းတုံမြို့နယ်နေသူအား လည်းကောင်း၊ ဘိန်းစိမ်း ၄ ဒသမ ၄ ကီလိုနှင့်အတူ ဖမ်းဆီးရမိသူ လီဒု(၂၃နှစ်) နမ့်ပူကျေးရွာ ပန်မတ်အုပ်စု ကျိုင်းတုံမြို့နယ်နေသူကို မိုင်းဖြတ်မြို့မရဲစခန်းကလည်းကောင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

သတင်းတိုများ

တာချီလိတ်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ရှမ်းပြည်နယ် အမှတ် (၃၀) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (တာချီလိတ်)မှ တပ်ဖွဲ့ဝင်များသည် ဧပြီ ၁၉ ရက် ညနေ ၄ နာရီ မိနစ် ၄၀ က မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့နယ် လွယ်တော်ခမ်းအုပ်စု ပါကွေ့(အပေါ်)ရွာလယ်လမ်းတွင် တာချီလိတ်မြို့ ဆန်ဆိုင်း (ခ)ရပ်ကွက်နေ ဖိန္ဒ(၄၁နှစ်)ကို ရှာဖွေစစ်ဆေးခဲ့သည်။ ထိုသို့ ရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် ဘောင်းဘီရှည် ဝဲအိတ်ကပ်အတွင်းမှ ပလတ်စတစ်အိတ်ငယ်ဖြင့် ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၃ ပြား၊ တန်ဖိုး ငွေကျပ် ၄ ဒသမ ၅၇၅ သိန်း သိမ်းဆည်းရမိခဲ့သောကြောင့် ဖိန္ဒကို တာချီလိတ်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

လမ်းသွားလမ်းလာများကို ဂျင်ကလိဖြင့်ပစ်သူကို အရေးယူ

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မင်းလှမြို့မရဲစခန်း (ပ) ၅၆/၂၀၁၄ ခြေချုပ်နှင့်ခံဝန်ဥပဒေပုဒ်မ ၅(၁)(စ) (ဆ) အမှုမှ မင်းလှမြို့နယ် ကိုင်းရွာနေ ထွန်းရင် (၄၁နှစ်)အား ဧပြီ ၂၀ ရက် ညနေ ၃ နာရီက မင်းလှမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်ဖမ်းဆီးခဲ့သည်။ ထိုသို့သွားရောက်ဖမ်းဆီးရာ ထွန်းရင်သည် ရွာလမ်းမပေါ်တွင် လမ်းသွားလမ်းလာများအား ဂျင်ကလိဖြင့် ပစ်ခတ်နေသည်ကိုတွေ့ရှိရပြီး ၎င်းထံမှ အရှည်ကိုးလက်မခန့် ဂျင်ကလိ ခုနစ်ချောင်း၊ အရိုးအသွား ၁၅ လက်မခန့်စူးချွန် တစ်ချောင်း၊ အရိုးလေးလက်မ၊ အသွားငါးလက်မခန့် လုံချွန်တစ်ချောင်းတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် ထွန်းရင်ကို မင်းလှမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **ကိုရဲ**

ပုန်းဟုန်ကျေးရွာတွင် ဘိန်းဖြူများဖမ်းဆီးရမိ

ကသာခရိုင်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်အရ မူးယစ်ဆေးဝါး သတင်းအရ အင်းတော်မြို့နယ် မော်လူးနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်အောင်သန်းနှင့် အဖွဲ့သည် သက်သေများနှင့်အတူ ဧပြီ ၂၀ ရက် နံနက် ၈ နာရီခွဲက အင်းတော်မြို့နယ်ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါး ရှာဖွေဝရမ်းအမှတ် ၁၇/၂၀၁၄ ဖြင့် ရဲစခန်း၏အနောက်ဘက် လေးမိုင်ခန့်အကွာရှိ အင်းတော်မြို့နယ် ပုန်းဟုန်ကျေးရွာသို့သွားရောက်ခဲ့ပြီး ၎င်းကျေးရွာနေ မင်းမင်းသန်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အနောက်ဘက်ရှိ ဘူးစင်တိုင်ခြေရင်းမှ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် အလေးချိန် ၀ ဒသမ ၁၂၇ ဂရမ်ပါ ပင်နီဆီလင်ပုလင်းတစ်လုံးကို တွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးနှင့် အတူတွေ့ရှိရာ မင်းမင်းလတ် (၂၅ နှစ်) ပုန်းဟုန်ရွာ အင်းတော်မြို့နယ် နေသူအား အရေးယူရန် ဒုရဲအုပ်အောင်အောင်သန်းက တိုင်ကြားခဲ့ရာ မော်လူးနယ်မြေရဲစခန်းက အမှုဖွင့်ပြီး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

FAME Nature-Q10®
Coenzyme Q10-30mg
နလုံးဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 011902(0518)
၂/၂၀၁၂ တဆထလ/(တိုး) ၀၆၅၃

FAME Nephrotec®
For healthy kidney
ကျောက်ကပ်ဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 012139 (0516)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၃)

FAME Appletec®
Quercetin 100 mg
ပန်းသီးဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 008206 (1115)
၂/၂၀၁၂ တဆထလ/(တိုး) ၀၆၅၃

FAME Rejuvir®
Phytoestrogen supplement
ပျိုမေအားဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 007907 (1214)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၃)

ပါမောက္ခဦးတင်ရွှေ
ဓာတုဗေဒဆရာဖြစ် အဝေးရောက်သင်တန်း
အဝေးသင်စနစ်ဖြင့် Lecture Guide များနှင့် ရှင်းလင်းချက်စာရွက်စာတမ်းများကို အိမ်တိုင်ရာရောက်ပေးပို့၍ သင်ကြားမည်။ (May, June, July)Section အတွက် ငွေသွင်းစာရင်းပေးရန်နောက်ဆုံးရက်မှာ ၃၀-၄-၂၀၁၄ဖြစ်သည်။ မေလဆန်းမှစ၍ စာအုပ်စာတမ်း များပေးပို့မည်။ ဖုန်း-၄၃၁၁၂၁၂၃

သကြၤန်ပြီးဆန်ပို့ပါပြီ
နှစ်သစ်မှာမင်္ဂလာပါ
စိတ်ကောင်းကြည်လင်ချန်ပီယံပေါ်ဆန်မွှေးတစ်အိတ်ဝယ်လှူင်ပို့ပေးပါသည်။
09 730 77722,09 73077733,09 73077744
CHAMPION SKKL

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တွံတေး‌ဒလလမ်းမတန်းကြီးရှိ မြေတိုင်းရပ်ကွက်အမှတ်(တာကြီး)၊ မြေကွက်အမှတ်(တာ/၁၉၈)၊ အကျယ်အဝန်း(ပေ ၄၀×ပေ ၆၀)၊ ဧရိယာ စတုရန်းပေ ၂၄၀၀ အတွက် ဦးအေးမောင်၏သား ဦးအောင်စိုး အိုင်အက်စ်အယ်န်-၄၉၈၃၁၅ ထံမှ မြေကွက်ဖိုး(မြေစည်ပင်စရိတ်)ငွေ ၁၀၀၀၀ိ/-(တစ်သောင်းကျပ်)တိတိကို ၁-၁-၁၉၉၇ ရက်တွင် အထက်အမည်ပါ ဦးအောင်စိုး၏အမည်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန(၂၂၀၊ ၂၃၄၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့)သို့ ငွေလက်ခံပြေစာဖြတ်ပိုင်းအမှတ် (No.A 000742-R.F.69) ရုံးချုပ်ငွေလက်ခံကောင်တာချလန်အမှတ် (၁၂၁/၂-၁-၁၉၉၇)ဖြင့် ငွေသွင်းခဲ့ပြီး မြေချပါမစ်မှတ်ပုံတင်အမှတ် စဉ်-328 ကိုလည်း ၎င်းဦးအောင်စိုး အိုင်အက်စ်အယ်န်-၄၉၈၃၁၅ (ဘ) ဦးအေးမောင်၏အမည်ဖြင့်ပင် ချထားပေးခဲ့ပါသည်။

ဖော်ပြပါမြေကွက်အပါအဝင် ၎င်း၏အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးစောမြင့် ၉/မကန(နိုင်)၀၈၆၄၀၁ (ဘ)ဦးညိုစိန်နှင့် မိသားစုတို့မှ ဝယ်ယူလွှဲပြောင်းရယူကာလက်ဝယ်ထား၍ စီမံခန့်ခွဲလျက်ရှိနေပါသည်။ ဤအကြောင်းကိစ္စကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံ သို့လည်း အကြောင်းကြားတင်ပြထားပြီးဖြစ်ပါသည်။

ဦးစောမြင့် ၉/မကန(နိုင်)၀၈၆၄၀၁
အမှတ် ၆၆၊ ၈၄ လမ်း၊ ၂၈ × ၂၉ လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်အနောက်ရပ်၊ မန္တလေးမြို့၊
ဖုန်း-၀၂-၆၅၇၄၈

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

သဘာဝအတိုင်းထွက်ရှိနေသော မန္တလေးမြကျောက် သဘာဝသောက်ရေသန့်

မြန်မာနိုင်ငံတွင် သဘာဝအတိုင်း ထွက်ရှိနေသော သောက်ရေသန့်ကို မန္တလေးမြို့ မြကျောက်ကျောင်းတိုက်၌တွေ့ရှိရပြီး ဓာတုပစ္စည်းမပါ သဘာဝအတိုင်း PH 7.3 အဆင့်ရှိသည်ဟု ကမ္ဘာ့ပညာရှင်များက သတ်မှတ်ထားကြောင်း သိရသည်။

မန္တလေးမြို့တွင် ဘုရားဖူးရောက်ခိုက် မြကျောက်ဘုရားသို့ ဖူးမြော်ရင်း ရေများ အလုအယက်ယူနေသော လူအုပ်ကြီးတွေ့၍ မေးမြန်းရာ "ဒီကျောင်းကဆရာတော်ကို အိပ်မက်ပေးပြီးတူးဖော်ခိုင်းတာပါ။ ဆရာတော်လည်း တူးဖော်ကြည့်တော့ ပေတော်တော်များများ အရောက်မှာ ကျောက်ဖျာကြီးတွေ့ရလို့ ဆက်မတူးဘဲထားရာ အားမလျှော့နဲ့ဆက်တူးဟု အိပ်မက်ပေး၍ဆက်တူးရာ ကျောက်ဖျာလည်းပေါက်ရော ရေတွေထွက်လာပါတယ်။ အဲဒီလိုဆရာတော်က ဘုရားဖူးလာကြသူတွေအတွက် ရေသန့်ဘူးတွေနဲ့ ပြုလုပ်ဝေငှပါတယ်။ မြကျောက်သဘာဝရေသန့်ဟာ ကျန်းမာရေးနဲ့ ညီညွတ်ပြီး ကိုယ်လက်ညောင်းညာတာတွေ မူးမော်တာတွေလည်း ပျောက်ကင်းနိုင်ပါတယ်။ ဒီရေကို သုတေသနပြုဖို့ နော်ဝေ၊ ဆွီဒင်နိုင်ငံတွေက ပညာရှင်တွေလာရောက်ပြီး စမ်းသပ်သုတေသနပြုချက်အရ PH 7.3 ရှိကြောင်း သိရပါတယ်။ သဘာဝရေတွေထက် ပိုမိုကောင်းမွန်တာကြောင့် နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များက ဆရာတော်ထံ လာဝယ်ခဲ့ကြပါတယ်။ ဆရာတော်က ရောင်းလိုက်ရင် ဘုရားဖူးလာပြည်သူတွေ မြန်မာနိုင်ငံသားများ ပြန်လည်ဝယ်ယူ သောက်သုံးရမည်ဖြစ်၍ မရောင်းဘဲ တစ်လီတာဘူးနဲ့ထည့်၍ အခမဲ့ပေးလျက်ရှိပါတယ်"ဟု ယာဉ်မောင်းတစ်ဦးက ရှင်းပြသည်။

သို့သော် ဘုရားဖူးလာပြည်သူများဟာလည်း ဆရာတော်ထံအလှူငွေများ ထည့်ဝင်လှူဒါန်းကြကြောင်း သိရ၍ စာရေးသူမိသားစုလည်း အလှူငွေများ လှူဒါန်းခဲ့ကြသည်။

မြကျောက်သောက်ရေသန့်သည် မြန်မာနိုင်ငံတွင် ပထမဆုံးတွေ့ရှိရသော Mineral Water ဖြစ်ပြီး ဓာတ်ခွဲစမ်းသပ်ချက်များအရ ကမ္ဘာ့နိုင်ငံများမှ သောက်သုံးလျက်ရှိသော Spring Water နှင့် သောက်ရေသန့်များထက် သာလွန်ကောင်းမွန်ကြောင်း ပညာရှင်များက အဆိုပြုထားကြသည်။

သို့ဖြစ်၍ ဘုရားလည်းဖူးရင်း အမောပြေမြကျောက်သောက်ရေသန့်များသောက်ကာ ကျန်းမာရေးနှင့် ညီညွတ်စေရန် မန္တလေးမြို့ မြကျောက်စေတီသို့ တစ်ခါတစ်ခေါက် အရောက်သွားကြစေချင်ပါသည်။

သက်ထက်

ထမင်းပေါင်းအိုး အပူလွန်ကာ မီးလောင်မှုဖြစ်

ပုသိမ် မေ ၂၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ (၁၃)ရပ်ကွက် ငုဝါ(၁)လမ်းရှိ ဒေါ်နန်းအေးမြင့်နေအိမ်တွင် မေ ၂၀ ရက် ည ၈ နာရီခွဲက မီးလောင်မှုဖြစ်ပွားရာ အိမ်သုံးလုံး မီးလောင်ဆုံးရှုံးသွားပြီး ည ၉ နာရီ မိနစ် ၂၀ တွင် မီးလုံးဝငြိမ်းသွားသည်။

မီးလောင်မှုဖြစ်ပွားရခြင်းမှာ အိမ်ငှားဖြစ်သူ ဦးကျော်ဇေယျသည် ထမင်းပေါင်းအိုးတည်ထားခဲ့ပြီး အပြင်ထွက်သွားခဲ့ရာမှ ထမင်းပေါင်းအိုး အပူလွန်ကဲပြီး အခင်းပျဉ်သို့ မီးကူးစက်လောင်ကျွမ်းခဲ့ရာမှ မီးလောင်ကျွမ်းရခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုကြောင့် အိမ်သုံးလုံး ဆုံးရှုံးပြီး အိမ်ထောင်စုသုံးစုမှ လူဦးရေ စုစုပေါင်း ၁၁ ဦး အား အောင်မင်္ဂလာသိဒ္ဓိ ဘုန်းတော်ကြီးကျောင်းတွင် ခေတ္တနေရာချထားပေးသည်။ မီးလောင်မှုနှင့်ပတ်သက်၍ ဦးကျော်ဇေယျအား ပုသိမ်မြို့ အမှတ်(၂) ရပ်ကွက် ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ကျေးလက်လူငယ် စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

ဖျာပုံ မေ ၂၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်း ကျေးလက်လူငယ်များအား ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရေးအတွက် ကျေးလက်လူငယ် စွမ်းဆောင်ရည်မြင့်မားရေး သင်တန်း (၁/၂၀၁၄)ကို မေ ၂၀ ရက် နံနက် ၈ နာရီက ဖျာပုံမြို့ လိပ်ဥကုန်း ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

၎င်းသင်တန်းကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဦးစီးမှူးနှင့် မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ INGO၊NGO တို့က ပူးပေါင်းစီစဉ် ဆောင်ရွက်ခဲ့ကာ နှစ်ကြိမ်ဖွင့်လှစ်မည်ဖြစ်ပြီး တစ်ကြိမ်လျှင် ကျေးလက်လူငယ် ၁၅၀ ကို သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ရဲစခန်းသုံးခုတွင် အမှုပေါင်း ၁၄ မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသူတစ်ဦးကို ဖမ်းဆီးရမိ

စစ်ကိုင်း မေ ၂၃

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အမှတ်(၇)ရဲစခန်း၊ အမရပူရရဲစခန်းနှင့် စစ်ကိုင်းမြို့မရဲစခန်းတို့မှ ဖောက်ထွင်းမှု၊ လုယက်မှု၊ ခိုးမှု၊ အမှုပေါင်း ၁၄ မှု ကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသူ တစ်ဦးအား သကြ်န်ရက်အတွင်း မိမိဇာတိရပ်ရွာသို့ တိတ်တဆိတ်လာရောက်စဉ် နယ်မြေစိုးမိုးရေးလုံခြုံရေး ဆောင်ရွက်နေသော ရဲတပ်ဖွဲ့မှ ပိတ်ဆို့ရှာဖွေဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၆ ရက် နံနက် ၁၁ နာရီက စစ်ကိုင်းမြို့နယ် အမှတ်(၂) ရဲကင်းစခန်းနယ်မြေ နောက်ကြည့်ကျွန်း ရဲကင်းမှူး ဒုရဲအုပ်မျိုးကျော်ပါဝင်သော ရဲတပ်ဖွဲ့ဝင်များသည် အများပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ဒုစရိုက်မှုများ မဖြစ်ပွားစေရန်အတွက် နယ်မြေအတွင်း ရပ်ကင်း၊ လှည့်ကင်းဆောင်ရွက်နေစဉ် သုံးမြို့နယ်ရဲစခန်း နယ်မြေများမှ ထွက်ပြေး တိမ်းရှောင်နေသော ရဲမှ အလိုရှိနေသူ မိုးဝင်း ရွာတွင်ရောက်ရှိနေကြောင်း သတင်းအရ စစ်ကိုင်းမြို့ အမှတ်(၂)ရဲကင်းရဲစခန်းမှ ရဲအုပ်မင်းလွင်ထွန်းနှင့်အတူ အဖွဲ့များ ဖွဲ့စည်းကာ ညောင်ကုန်းကျေးရွာ လမ်းဆုံအနီး သကြ်န်မဏ္ဍပ်အနီးမှ ပိတ်ဆို့ရှာဖွေဖမ်းဆီးစဉ် မိုးဝင်းမှအဖမ်းမခံဘဲ ကိုယ်လွတ်ရုန်းကန် ထွက်ပြေးစဉ် ဒုရဲအုပ်မျိုးကျော်နှင့် တပ်ကြပ်တင်လှတို့က မိုးဝင်းအား လုံးထွေးသတ် ပုတ်ပြီး လက်ရဖမ်းဆီးရမိသည်။

တရားခံပြေးမိုးဝင်းမှာ မေ ၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဧရာဝတီမြစ်အတွင်း ဆိုက်ကပ်ထားသော သင်္ဘော၊ မော်တော်၊ စက်လှေများပေါ်မှ ခိုးမှုများကျူးလွန်သော ဧရာဝတီမြစ်ကမ်းဘေးရှမ်းကလေးကျွန်းတဲအိမ်များကို ပိတ်ဆို့ရှာဖွေရာတွင် မြစ်ကြောင်းအတွင်း ခိုးမှု၊ လုယက်မှုများ ကျူးလွန်ခဲ့သော ကျွဲကြီး၊ မောင်ဇော်တို့နှင့်အတူ ထွက်ပြေးတိမ်းရှောင်သွား သော မိုးဝင်း၏ဇနီး အိအိငြိမ်း(ခ)အိအိထွေးကို မတ် ၇ ရက်တွင် ဧရာဝတီမြစ်ကမ်းဘေးတဲအိမ်မှ မန္တလေးရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိခဲ့သည်။

မိုးဝင်းသည် မန္တလေးအမှတ်(၇) ရဲစခန်းမှ ခိုးမှုခုနစ်မှု၊ အမရပူရစခန်းမှ ခိုးမှုငါးမှုနှင့် စစ်ကိုင်းမြို့မရဲစခန်းမှ ဖောက်ထွင်းမှု၊ လုယက်မှု နှစ်မှု စုစုပေါင်း အမှု ၁၄ မှုကျူးလွန်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသူ ဖြစ်ကြောင်း သိရသည်။

မိုးဝင်းအား ဖမ်းဆီးရမိစဉ်က ပြန်လည်ခုခံရန်အတွက် ကိုင်ဆောင်ထားသော အရှိုး အသွားအရှည် သုံးလက်မအရွယ်ရှိ အဖျားချွန်ဓားတစ်ချောင်း သိမ်းဆည်းရမိပြီး မိုးဝင်းအား ဖမ်းဆီးရမိရေးအတွက် အသက်ကိုပဓာနမထားဘဲ စွမ်းစွမ်းတမံ လုံးထွေးသတ်ပုတ် ဖမ်းဆီးခဲ့သော ဒုရဲအုပ်မျိုးကျော်၊ တပ်ကြပ်တင်လှနှင့် ရဲတပ်ဖွဲ့ဝင်တို့အား ကျေးရွာပြည်သူများက ချီးကျူးဂုဏ်ပြုနေကြကြောင်း သိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်မည့်သူများအား အချိန်မီတားဆီးနိုင်ခဲ့

တာချီလိတ် မေ ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ မေ ၂၀ ရက် နံနက် ၇ နာရီခွဲက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့စိတ်(၁) ရဲအုပ်မင်းအောင်နှင့် အရာခံခင်မောင်ရွှေတို့က နယ်မြေ သတင်းစုံစမ်းနေစဉ် အမှတ်(၁) မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအနီး ဆမ့်လောတစ်စီးပေါ်သို့ အမျိုးသားရှစ်ဦး၊ အမျိုးသမီး သုံးဦးတို့ကို တင်ဆောင်နေသည်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးရုံးသို့ ခေါ်ဆောင်စစ်ဆေးခဲ့ရာ မောင်နေဇော်လင်း (၁၈နှစ်)၊ မောင်ဇော်ဇော်အောင် (၂၁နှစ်)၊ မောင်အောင်မျိုးဦး (၃၁နှစ်)၊ မောင်ထက်လင်းအောင် (၁၅နှစ်)၊ မောင်စိုးမိုးနိုင်(၂၇နှစ်)၊ သန်းထွန်း (၄၁နှစ်)၊ မြင့်မောင်(၄၇နှစ်)၊ အေးချို (၄၀နှစ်)၊ မအေးအေးခိုင်(၂၈နှစ်)၊ မခင်ဆွေလှိုင်(၂၁ နှစ်) မြောင်ကြီးကျေးရွာ ဆင်ပေါင်ဝဲနေသူ ၁၀ ဦးအားလည်းကောင်း၊ မလှလှနိုင် (၃၂နှစ်) ကူးတို့ဆိပ်ရွာ ရွှေဘိုမြို့နယ်နေသူတို့အား စိစစ်ရာ တာချီလိတ်နှင့် ထိုင်းနိုင်ငံတွင် ဆွေမျိုးသားချင်းများမရှိဘဲ မိမိသဘောအလျောက် အလုပ်လုပ်ကိုင်ရန် ချင်းမိုင်မြို့သို့ သွားရောက်မည်ဖြစ်ကြောင်းသိရသဖြင့် တားဆီးခဲ့ပြီး တပ်ဖွဲ့စိတ်မှူး ဒုရဲမှူး ရင်ရင်အေးက တစ်ဖက်နိုင်ငံသို့ တရားမဝင်သွားရောက်ပါက လူမှောင်ခိုမှုတစ်ဆင့် လူကုန်ကူးမှုဖြစ်ပွားတတ်ပုံ၊ လူကုန်ကူး/တရားမဝင် လူမှောင်ခိုပို့ခံ ရပါကရရှိနိုင်သည့် ဆိုးကျိုးများကို အသိပညာပေးဟောပြောခဲ့ပြီး ယာဉ်မောင်း အောင်မြတ်ကျော်၊ Hiace၊ မိုးကုတ်မန်း အမြန်ယာဉ်ဖြင့် နေရပ်သို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၃၀)ရပ်ကွက်၊ သုခိတာလမ်း၊ အမှတ် ၄၀ နေ ဒေါ်ခင်သီတာအောင်နှင့် ၎င်း၏အကျိုးဆောင် ဦးထွန်းအေး (တရားလွှတ်တော်ရှေ့နေ)နှင့် ဒေါ်ဆွေဆွေညွန့်(တရားလွှတ်တော်ရှေ့နေ)တို့၏ ၆-၄-၂၀၁၄ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ ကြေညာချက်အား

ပြန်လည်ရှင်းလင်းသတိပေးကြေညာချက်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ ၇၃×၇၄ လမ်းကြား၊ ၃၂×၃၃ လမ်းကြားနေထိုင်သူ ဦးဟွမ်တီလီ(ဘ)ဦးလောက်တာ ၁၃/လရန(နိုင်)၁၀၀၆၅၁၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။ လူကြီးမင်းတို့၏ ၆-၄-၂၀၁၄ ရက်စွဲပါ ကြေညာချက်၏ အကြောင်းခြင်းရာသော်လည်းကောင်း၊ ဥပဒေအရသော်လည်းကောင်း မှားယွင်းနေပါသည်။ ဖြစ်စဉ်အမှန်မှာ-

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ သစ်ချိုကုန်းကျေးရွာအုပ်စု၊ အကွက်အမှတ် ၄၉၈၊ ဦးပိုင်အမှတ် ၃၇/၀၊ ဧရိယာ ၁ ဒသမ ၂၀ဧက၊ ဦးပိုင်အမှတ် ၃၈/၁၊ ဧရိယာ ၁ ဒသမ ၁၃ဧက၊ ဦးပိုင်အမှတ် ၄၈၊ ဧရိယာ ၀ ဒသမ ၆၅ဧက၊ ဦးပိုင်အမှတ် ၄၉၊ ဧရိယာ ၀ ဒသမ ၂၀ဧက၊ ဦးပိုင်အမှတ် (N-5)၊ ဧရိယာ ၂ ဒသမ ၇၆ဧက၊ ဦးပိုင်အမှတ် ၃၆-၁၊ ဧရိယာ ၀ ဒသမ ၇၄ဧက၊ ဦးပိုင်အမှတ် ၇၂/၁၊ ဧရိယာ ၀ ဒသမ ၂၈ဧက၊ စုစုပေါင်း ဧရိယာ ၆ ဒသမ ၉၆ဧကကို ပိုင်ရှင်အဆင့်ဆင့်ထံမှဝယ်ယူ၍ ၁၈-၁၀-၂၀၁၃ရက်မှစပြီး လယ်ယာမြေပုံစံ (၇)ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များရရှိထားပါသည်။ ဝယ်ယူသည့်အချိန်မှစ၍ အဆိုပါမြေကွက်အားလုံးအား လက်ရောက်ရယူပိုင်ဆိုင်ထားပြီးလည်း ဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဝယ်ယူထားသည့် အဆိုပါမြေကွက်ပေါ်တွင် ထရန်စဖော်မာ ပြုလုပ်တပ်ဆင်သည့်ရက်မှစ၍ မြေကွက်ပေါ်ရှိ ပစ္စည်းများထားသိုရန် ပြုလုပ်ထားသည့် အဆောက်အအုံတွင်းသို့ ဂေါတမီသီလရှင်စာသင်တိုက်၏ကျောင်းထိုင် ဆရာကြီး ဒေါ်ဝေဏီမှ သွားရောက်နေထိုင်ခိုင်းသည်ဆိုပြီး လူအချို့အား ဝင်ရောက်နေထိုင်စေပါသည်။ သို့ဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေ တရားဝင်အမည်ပေါက် လက်ရောက်ပိုင်ဆိုင်ထားသည့် ဥယျာဉ်ခြံမြေအတွင်းမှ ဝင်ရောက်နေထိုင်သည့် လူများဖယ်ရှားထွက်ခွာပေးရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက ပြစ်မှုကြောင်းအရ တရားစွဲဆိုမည်ဖြစ်ပြီး **ဂေါတမီသီလရှင်စာသင်တိုက်၏ ကျောင်းထိုင်ဆရာကြီး ဒေါ်ဝေဏီမှာ လူ့အရေးအခင်းများ** ဆက်လက်စွက်ဖက်ခြင်းမပြုရန်နှင့် ဆက်လက်စွက်ဖက်ပါက သာသနာပိုင်ဆရာတော်ကြီးများအား ဝင်ရောက်လျှောက်ထားမည်ဖြစ်ကြောင်း ဒေါ်ခင်သီတာအောင်နှင့်တကွ ဦးထွန်းအေး၊ ဒေါ်ဆွေဆွေညွန့်တို့နှင့်အတူ အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးဟွမ်တီလီ
၁၃/လရန(နိုင်)၁၀၀၆၅၁

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မျိုးစု LL.B
တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၉၉/၂၇၊ ၃၃×၃၄ လမ်းကြား၊
၇၃×၇၄ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊
မန္တလေးမြို့၊ ဖုန်း-၀၂-၂၁၈၁၉၊ ၀၉-၄၃၀၁၁၀၈၁၊
၆၅၀၃၄၀၉၊ ၂၀၁၅၂၀၈

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဘ/၃၇၈၊ Toyota Dyna Yu 60-L/ T(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းနိုင် ၇/ပခန(နိုင်)၁၇၁၁၈၂ မှ (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးရုံ ဧပြီလ၊ ၂၆-၂၇၊ (၃၄)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

ဧပြီလ(၂၆၊ ၂၇)ရက်တွင် ဦးရေ(၄၁၀၀)ပြည့် ၃၄-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါန ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀ိ/-ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် KBZBank(AccountNo.00730200701690301) နှင့် အခြားဘဏ်များ အရှင်ခေမာသိရိလင်္ကာရ (၁၂/ရကန(သ)၀၀၀၀ဂ၅)၊ ဖုန်း-၀၉ ၅၁၀ ၂၁၉၇၊ ၀၁-၅၄၁၄၉၃ သို့လည်းကောင်း။

သီတဂူ ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း၊ ကျိုက္ကဆံစူပါဝမ်း၊ တာမွေလေး၊ သံလမ်းအနီး ဖုန်း-၅၄၁၄၉၃၊ ၀၉-၅၁၀၂၁၉၇) သို့လည်းကောင်း ဆက်သွယ်လှူ ဒါန်းနိုင်ပါသည်။

ပိုင်ရှင်ကိုယ်တိုင် ငှား၊ ရောင်းမည်

* မင်္ဂလာဒုံလေဆိပ်အနီး လေဆိပ်ရိပ်သာလမ်းသွယ် RC တစ်ထပ် ပေ(၂၀၀×၁၀၀) (ရောင်း)
* အင်းစိန်၊ အောင်ဇေယျအိမ်ရာ RC နှစ်ထပ် (၅၅×၅၅)ပေ (ရောင်း)
* ပြင်ဦးလွင်၊ ရတနာပုံမြို့သစ် ပေ(၁၀၀×၁၀၀) (ရောင်း)
* တောင်ဥက္ကလာ၊ (၉)ရပ်ကွက်၊ မြသီတာအိမ်ရာ၊ RC နှစ်ထပ် ပေ(၉၀×၈၀) (ငှား)
* တောင်ဒဂုံစက်မှုဇုန်(၂)၊ ဖောင်ကြီးလမ်း၊ RC သုံးထပ်၊ ပေ(၆၀×၄၃) (ငှား)
* စမ်းချောင်း၊ ဗဟိုလမ်းမကြီး၊ ငွေဈေးအနီး၊ မြေညီထပ် ပေ(၁၂×၇၀) (ငှား)
* ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရတနာလမ်းမကြီး၊ (၁၂၅×၈၅)ပေ (ငှား)

ဆက်သွယ်ရန်ဖုန်း - ၀၉-၄၂၅၃၇၂၃၇၃၊ ၀၉-၂၅၄၁၇၉၂၅၇

ရောင်းမည်

Chatrium Hotel အနီးရှိ

ဖိုးစိန်ကွန်ဒိုအခန်းများ၊

(1)1570 Sqft, (2) 3300 Sqft

ဖုန်း-၀၉-၅၀၇၄၁၄၅၊ ၀၉-၅၅၀၆၅၄၈

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃၊ မြေကွက်အမှတ် ၁၀၄၆၊ ဧရိယာ ၀ဒသမ ၀၅၆ဧက၊ (၄၁ပေ×ပေ ၆၀)အကျယ်ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ဒူးယားလမ်း၊ အမှတ် ၁၀၄၆ ဟု ခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျွန်မ ဒေါ်စိန်စိန် CG-၀၁၃၉၅၇ အမည်ဖြင့် နေထိုင်ခွင့်ရရှိခဲ့သော ပါမစ်မြေကွက်ဖြစ်ပြီး မြေချပါမစ်မူရင်းမှာ ပျောက်ဆုံးလျက်ရှိပါသည်။

အဆိုပါမြေကွက်နှင့်နေအိမ်သည် မိမိလက်ဝယ်၌သာလျှင်တည်ရှိနေပြီး မိမိ၏တူတော်သူ ဦးဝင်းမော်အား အိမ်စောင့်အဖြစ်ထားရှိခဲ့ပါသည်။

သို့ပါလျှင် ဖော်ပြပါ ပါမစ်မြေကွက်နှင့်နေအိမ်ကို မိမိမသိဘဲ အခြားမည်သူတစ်စုံတစ်ယောက်ကမျှ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ လွှဲပြောင်းခြင်း မပြုကြပါရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်စိန်စိန်
၁၂/ရကန(နိုင်)၀၄၇၄၁၄
(CG-၀၁၃၉၅၇)
အမှတ် ၁၀၄၆၊ ဒူးယားလမ်း၊ (၄၃)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့

ငွေချက်ထုတ်ရန်သမ္မန်စာ

သံဖြူဇရပ်မြို့နယ်တရားရုံး

၂၀၁၄ခုနှစ် တရားမမှုအမှတ်-၁၁

မစန်းစန်းမော် **နှင့်** ၁။ ဦးဝင်းသိန်း
၂။ ဒေါ်ရွှေ
(အတူနေလင်မယား)

တရားလို **တရားပြိုင်များ**

သံဖြူဇရပ်မြို့နယ်၊ ပင်ကျေးရွာ၊ ဘလောက်ပိုင်းနေ (၁) ဦးဝင်းသိန်း၊ (၂) ဒေါ်ရွှေ (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ် တရားလိုက ချေးငွေကျပ် ၄၅၀၀၀၀ိ/-(ကျပ်လေးဆယ့်ငါးသိန်းတိတိ) ပြန်ရလိုရမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရ ရှေ့နေဖြစ်စေ သို့မဟုတ် အမှုနှင့်စပ်ဆိုင်သည့်အချက်များ ချေပပြောဆိုနိုင်သူ တစ်ဦး ၄င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဧပြီ ၃၀ရက် (၁၃၇၆ခုနှစ် ကဆုန်လဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ပါ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများ အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဧပြီ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လှမျိုးလွင်)
မြို့နယ်တရားသူကြီး
သံဖြူဇရပ်မြို့နယ်တရားရုံး

RETAIL OUTLET DATABASE

GPS LOCATION + Photo+ Database

MAP

မိမိလုပ်ငန်းအတွက် သီးသန့် အချက်အလက်များ ကောက်ယူပေးသော ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနေပါသည်။

For.....
- Distribution
- Market Research - FMCG
- Telecomm - Audits

S.No.	X	Y	ID	Way_Point	Photo	Name	Contant_Person	Type	2_6_07_BAL	2_6_07_Sale	Size	Survey_Date	Tsp	Ward
1	96.209	16.7972	1	37	D:\myanmar toward duya\Photo\1.jpg	Thit Saing	Thit Saing	K	0.7	10		4/5/2007	Thaketa	Ward -6 West (TKA)
2	96.21	16.7951	2	54	D:\myanmar toward duya\Photo\2.jpg	Phoenix King	Phoenix King	FS	5	20		4/5/2007	Thaketa	Ward -6 East (TKA)
3	96.209	16.7947	3	55	D:\myanmar toward duya\Photo\3.jpg	Htoo Shal	Htoo Shal	K	10	5		4/5/2007	Thaketa	Ward -6 East (TKA)
4	96.209	16.7946	4	56	D:\myanmar toward duya\Photo\4.jpg	Sanny	Sanny	K	5	10		4/5/2007	Thaketa	Ward -6 East (TKA)
5	96.209	16.7945	5	57	D:\myanmar toward duya\Photo\5.jpg	Mya Shwe	Mya Shwe	K	8	2		4/5/2007	Thaketa	Ward -6 East (TKA)
6	96.209	16.7948	6	58	D:\myanmar toward duya\Photo\6.jpg	Zarli Tun	Zarli Tun	TS	2	0.5		4/5/2007	Thaketa	Ward -6 East (TKA)

165, 35th St., Kyauktada Tsp., Yangon, Myanmar. Tel: (95-1) 20 40 20, 20 42 00
e-mail : dpsmap@gmail.com, admin@dpsmap.com www.dpsmap.com facebook.com/DPSMyanmar

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သမီး မမွန်မွန်သွယ် ၉/တကန(နိုင်)၁၄၇၈၀၇သည် မိဘတို့၏ဆုံးမမှုကို လိုက်နာခြင်းမရှိပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ **(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)**

ဦးမြင့်လွင် ၉/တကန(နိုင်)၀၁၁၄၀၅
ဒေါ်ရွှေ ၉/တကန(နိုင်)၀၀၈၀၂၈
မြဝတီရပ်ကွက်၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

အမည်ပြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အမက (၂၇)မူလွန်ကျောင်း ပဌမတန်းမှ ဦးမြင့်အောင် ၉/လဝန(နိုင်)၁၀၉၀၈၈၏သား မောင်အေးမင်းထက်အား ယနေ့မှစ၍ မောင်အေးမင်းအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်အေးမင်းအောင်

စာအုပ်စာပေ လူ့မိတ်ဆွေ

၁၁.၄.၂၀၁၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာကြော်ငြာကဏ္ဍစာမျက်နှာ (၂)တွင် လွှဲအပ်ညွှန်ကြားသူ Mr. Kim Dong Hwan ၎င်း၏ တရားလွှတ်တော်ရှေ့နေ ဦးထွန်းဖေအား၊ ဒေါ်ဆွေဆွေညွန့် အထက်တန်းရှေ့နေ များဖြစ်သော ဒေါ်ဆုမြတ်မွန်၊ ဒေါ်ခင်ကြည်မွန်၊ ဒေါ်အေးစိုင်ခင် တို့မှ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် (၁၄)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် (၉)၌ ဖွင့်လှစ်ထားသည့် TOP THREE STAR CO.,LTD နှင့် ပတ်သက်၍ ဦးထင်နိုင် (ခ) ဦးတင့်နိုင် (၁၂/ဥကတ(နိုင်) ၀ဂ၅၅၇၀) နှင့် အများသိစေရန်သတိပေးကြေညာချက်အပေါ် ပြန်လည်၍တုန့်ပြန်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် (၁၄)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် (၉) TOP THREE STAR CO.,LTD ၏ MD ဦးထင်နိုင် (ခ) ဦးတင့်နိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

၁၁. ၄. ၂၀၁၄ ရက်စွဲပါ မြန်မာ့အလင်း သတင်းစာကြော်ငြာစာမျက်နှာ (၂)၌ ဖော်ပြထားသော Mr. Kim Dong Hwan နှင့် Mr. Kim Young Bin တို့မှာ ညီအစ်ကိုများလုံးဝမဟုတ်ပါ။ TOP THREE STAR CO.,LTD သည်လည်းကောင်း၊ ယင်းရုံးခန်း၌ ပြသထားသော မော်တော်ယာဉ်များအပါအဝင် ကုမ္ပဏီရုံးခန်း တည်ထောင်ဖွင့်လှစ်သည့် ကုန်ကျစရိတ်အဝဝသည် ၎င်းတို့ (၂) ဦးတည်းပိုင်သော ပစ္စည်းအရပ်ရပ်မဟုတ်ဘဲ၊ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးထင်နိုင် (ခ) ဦးတင့်နိုင် သည်လည်း ရှယ်ယာရှင်တစ်ဦး ဖြစ်ကြောင်း ကနဦးစာချုပ်ပါ အချက်အလက်များ ကတိကဝတ်များအရ အချိုးကျ ပိုင်ဆိုင်အကျိုးခံစားခွင့် ရှိကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။ အဆိုပါ မြန်မာ့အလင်း သတင်းစာကြော်ငြာ၌ ဖော်ပြထားသည့် အကြောင်းအရာ အချက်အလက်များသည် လူကြီးမင်းတို့၏ ၁၈. ၃. ၂၀၁၄ ရက်စွဲပါ နို့တစ်စာတွင် ဖော်ပြ ထားသော အကြောင်းအရာ အချက်အလက်များသာဖြစ်နေပါသည်။

အဆိုပါ နို့တစ်စာအပေါ် ကျွန်ုပ်တို့၏ မိတ်ဆွေ ညွှန်ကြားချက်အရ TOP THREE STAR CO.,LTD သည် လူကြီးမင်းတို့၏ မိတ်ဆွေ (၂)ဦးနှင့် ကျွန်ုပ်၏ မိတ်ဆွေဦးထင်နိုင် (ခ) ဦးတင့်နိုင်တို့ (၃)ဦး အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသောလုပ်ငန်းဖြစ်ကြောင်း၊ ကုမ္ပဏီလစဉ် စာရင်းရှင်းတမ်းများနှင့် အမြတ်ခွဲဝေခြင်း များကို စာချုပ်ပါ အချိုးအတိုင်း (၁၀. ၁၂. ၂၀၁၃) ရက်နေ့အထိ ရှင်းလင်းထားပြီး ယင်းစာရင်းရှင်းတမ်းများ ကို လူကြီးမင်းတို့၏ မိတ်ဆွေများက သဘောတူအတည်ပြုလက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း ဘဏ်၌ ၎င်းတို့နှင့်စာရင်းရှင်းရန် ငွေလက်ကျန်မရှိကြောင်း ဦးထင်နိုင် (ခ) ဦးတင့်နိုင်၏ ဇနီးဖြစ်သူသည် မန္တလေးမြို့၌ ၎င်းတစ်ဦးတည်းပိုင် Car Show Room ဖွင့်လှစ်၍ ကောင်းမွန်သော ဂုဏ်သတင်းဖြင့် အခိုင်အမာရပ်တည် လုပ်ကိုင်နေသော လုပ်ငန်းရှင်တစ်ဦးဖြစ်ကြောင်း၊ TOP THREE STAR CO.,LTD Car Show Room နှင့် ပတ်သက်၍ ငွေကြေးအခက်အခဲ အကြပ်အတည်းဖြစ်သည့်အခါတိုင်း သမကပင် အကြိမ်ကြိမ်ကူညီပံ့ပိုး ခဲ့ရသည်ကို ကုမ္ပဏီစာရင်းဇယားများ၌ အခိုင်အမာ ဖော်ပြထားပြီးလူကြီးမင်းတို့၏ မိတ်ဆွေများကိုယ်တိုင် အသိပင်ဖြစ်ကြောင်း၊ ကုမ္ပဏီအဆောက်အအုံ ရုံးခန်းပစ္စည်းများနှင့် စပ်လျဉ်း၍ ၂၅. ၃. ၂၀၁၄ ရက်စွဲပါ ကျွန်ုပ်၏ နို့တစ်စာ အကြောင်းပြန်စာဖြင့် အသေးစိတ် ဖော်ပြထားသည်ကို လူကြီးမင်းတို့အသိပင်ဖြစ်ပါသည်။

သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ (၂)ဖက်ညှိနှိုင်းဖြေရှင်းစဉ်က လူကြီးမင်းတို့၏ မိတ်ဆွေများ က လက်ကျန်ကားစီးရေ (၁၅)စီးဟု ဖော်ပြခဲ့ပြီး လူကြီးမင်းတို့၏ ၁၈. ၃. ၂၀၁၄ ရက်စွဲပါ နို့တစ်စာနှင့် ယခု မြန်မာ့အလင်းသတင်းစာ၌ ဖော်ပြထားသော ကားစီးရေအား ကွဲလွဲဖော်ပြထားခြင်း၊ ၃. ၁၂. ၂၀၁၂ ရက်စွဲပါ ကနဦး အကျိုးတူပူးပေါင်း ဆောင်ရွက်သည့် စာချုပ်၌ လူကြီးမင်းတို့၏ မိတ်ဆွေများဖြစ်သည့် Mr. Kim Dong Hwan နှင့် Mr. Kim Young Bin တို့ (၂)ဦးနှင့်ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးထင်နိုင် (ခ) ဦးတင့်နိုင် တို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သော်လည်း လူကြီးမင်းတို့၏ ၁၈. ၃. ၂၀၁၄ ရက်စွဲပါ နို့တစ်စာ၌ Mr. Kim Dong Hwan တစ်ဦးတည်းကိုသာ ဖော်ပြခဲ့ပြီး၊ ၆. ၄. ၂၀၁၄ ရက်စွဲပါ ကြေးမုံသတင်းစာ ကြော်ငြာ၌လည်းကောင်း၊ ၁၁. ၄. ၂၀၁၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာကြော်ငြာ၌လည်းကောင်း၊ Mr. Kim Young Bin အား ထိမ်ချန်၍ ၎င်းတို့ (၂)ဦး ညီအစ်ကိုတော်စပ်လေဟန် မမှန်မကန်ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ထပ်မံညွှန်ကြား၍ သိရှိရသည်မှာ ၁၀. ၁၂. ၂၀၁၃ ရက်နေ့ နောက်ဆုံးကုမ္ပဏီစာရင်းရှင်းလင်းသည့် နေ့က လူကြီးမင်းတို့၏ မိတ်ဆွေ (၂)ဦးမှ ကိုယ်ရေးကိုယ်တာငွေအခက်အခဲရှိသဖြင့် ဦးထင်နိုင်၏ ဇနီးထံမှ ငွေစင်ငွေသား ကျပ် (၂၅ သိန်း) ချေးငှားပါရန် မေတ္တာရပ်ခံလာ၍ ဦးထင်နိုင်၏ ဇနီးက ၎င်းတို့အခက်အခဲ ကို ကူညီဖြေရှင်းသည့်သဘောဖြင့်ကုမ္ပဏီဝန်ထမ်းများနှင့်စကားပြန်ရှေ့၌ပင် အဆိုပါငွေအား ချေးငှားခဲ့ပြီး ယနေ့တိုင် အဆိုပါငွေအား ဦးထင်နိုင်၏ ဇနီးသို့ ပြန်လည်ပေးဆပ်ခြင်း မရှိကြောင်း ၎င်းတို့ (၂)ဦး အသိပင် ဖြစ်ပါသည်။

လူကြီးမင်းတို့၏ မိတ်ဆွေများက သက်ဆိုင်ရာ ရပ်ကွက်ရုံး၌ ညှိနှိုင်းစဉ် ကုမ္ပဏီရှိ လက်ကျန်ကားများ နှင့်ပတ်သက်၍ ကနဦးစာချုပ်ပါ အချက်အလက်ကတိကဝတ်များအတိုင်း အချိုးကျဖြင့်ခွဲဝေယူရန် ညှိနှိုင်းသည် ကို အကြောင်းပြန်ကြားခြင်းမရှိတော့ဘဲ၊ ၎င်းတို့၏ တစ်ဖက်သတ်သဘောဆန္ဒဖြင့် စာရင်းဇယားဖြစ်ရပ်မှန် များကို ထိမ်ချန်ကာ ရှေ့နေမှတစ်ဆင့် နို့တစ်စာပေးခြင်း အပေါ် ကျွန်ုပ်တို့ဘက်မှ ဖြစ်ရပ်မှန်များအား နို့တစ်စာ ဖြင့် ပြန်ကြားခဲ့ပြီး ဖြစ်ပါလျှက် ကျွန်ုပ်တို့၏ မိတ်ဆွေမြန်မာနိုင်ငံသား ဗမာလူမျိုး ဦးထင်နိုင် (ခ) ဦးတင့်နိုင် အနေဖြင့် ရိုးသားကြိုးစားပြီး ကောင်းသတင်းဖြင့် ကုမ္ပဏီ၏ စီးပွားရေး အောင်မြင်အောင်လုပ်ကိုင်နေသည်ကို မလိုမုန်းထားစိတ်ဖြင့် ၎င်းအပေါ် အများပြည်သူအထင်အမြင်လွဲမှားစေရန်၊ ဂုဏ်သိက္ခာကျဆင်းစေရန် ယခုကဲ့သို့ ဖြစ်ရပ်မှန်များကို ထိမ်ချန်၍ မမှန်မကန် ဖော်ပြထားသော ကြော်ငြာချက်အား ပြန်လည်ရုပ်သိမ်းပေး ရန်တောင်းဆိုပါသည်။ အဆိုပါ Car Show Room နှင့်ပတ်သက်သော ငွေစာရင်းအပါအဝင် စာရင်းဇယား မှတ်တမ်းမှတ်ရာများ ခိုင်လုံစွာရှိကြောင်းနှင့် နောက်နောင်တွင် ယခုကဲ့သို့ ဖြစ်ရပ်မှန်များထိမ်ချန်၍ မမှန်မကန် ဖော်ပြကြေညာလာပါက တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်၍ တုန့်ပြန် ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်သီရိဝင်း (စဉ်-၂၈၂၀၇)	ဦးအုန်းသန်း (စဉ် - ၈၂၃၉)	ဦးစိုးအောင် (စဉ်-၅၄၃၃)
LL.B, D.B.L	B.A(Geog), (H.G.P, R.L, D.B.L)	(B.A, H.G.P, R.L)
အထက်တန်းရှေ့နေ	တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ

အမှတ် (၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၉၄၂၀၁၁၉၉၄၃၊ ၀၉၇၃၀၈၅၄၉၈၊ ၀၉၄၅၀၀၁၉၇၄၅

တက္ကသိုလ်ဝင်တန်း (သို့မဟုတ်) IGCSE ဖြေဆိုပြီးသူများအတွက် အခွင့်အလမ်းကောင်း

GUSTO INSTITUTE
School of Computing & Software Engineering

edexcel
Approved Centre No.93683

Edexcel (UK) မှ ချီးမြှင့်သော HND Diploma in Computing ကို တိုက်ရိုက်တက်ရောက်နိုင်မည့် HND Foundation (Batch - 10) အတွက် လျှောက်လွှာခေါ်ယူခြင်း

- တက္ကသိုလ်ဝင်တန်း(သို့မဟုတ်) IGCSE ဖြေဆိုထားပြီး UK နိုင်ငံမှ တိုက်ရိုက်ချီးမြှင့်သော International Diploma/ Degree ကိုရယူလိုသူများ ပြည်တွင်းပြည်ပတွင် အလုပ်ကိုင်အခွင့်အလမ်း အကောင်းဆုံး IT/ Computer ပညာရှင်ဖြစ်လိုသူများ လျှောက်ထားနိုင်ပါသည်။
- စာသင်ကာလအတွင်း အဆင့်မြင့် ကွန်ပျူတာ ပညာရပ်များကို နိုင်ငံတကာ တက္ကသိုလ်ကြီးများ နည်းတူ Student Centered Approach ဖြင့် စာတွေ့လက်တွေ့ သင်ယူရမည် ဖြစ်သည်။
- သင်တန်းပြီးဆုံးပါက Edexcel (UK) မှ ချီးမြှင့်သော HND Diploma in Computing ကို တိုက်ရိုက် တက်ရောက်ခွင့် ရရှိမည်ဖြစ်သည်။
- HND Diploma ရရှိပြီးပါက ပြည်တွင်းရှိ Gusto Institute ၌ဖြစ်စေ ၊ နိုင်ငံတကာ တက္ကသိုလ်ကြီးများသို့ သွားရောက်၍ ဖြစ်စေ နောက်ဆုံး (၁)နှစ်သာ တက်ရောက်ပြီး B.Sc (Hons) Computing ဘွဲ့ကို ရယူနိုင်ပါသည်။
- **2014 April** တွင် တန်းခွဲသစ် တစ်ခု ဖွင့်လှစ်မည်ဖြစ်ပြီး လူဦးရေ ကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်း ပေးသွင်း နိုင်ပါသည်။

Ph- 09-8628806, 09-73031302, 01-503715, 504632
အမှတ်-၂၈၉ (အေ)၊ ပြည်လမ်း၊ စမ်းချောင်း(မြေနီကုန်းမှတ်တိုင်အနီး)၊ ရန်ကုန်မြို့ ။

ငွေ သည် အသက်

အမည်ပြောင်း

ရွှေတောင်မြို့နယ်၊ အထက(ခွဲ)၊ ညောင်စာရေး၊ သတ္တမတန်းမှ ဦးသိန်းလွင်၏သား မောင် L မင်းခန့်အား မောင်အောင်ကောင်းမြတ်ဟု ခေါ်ပါရန်။

မောင်အောင်ကောင်းမြတ်

လူမှုရေးကြော်ငြာ

ချင်းပြည်နယ်အတွင်း နေ့စားလပေးမူလတန်းပြ ဆရာ၊ ဆရာမ ရာထူးခန့်ထားရေးအတွက်

လျှောက်လွှာများခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ဆရာလိုအပ်သည့် ကျောင်းများ၌ နေ့စားလပေး မူလတန်းပြဆရာ၊ ဆရာမ ရာထူးများတွင် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) Ph.D ဘွဲ့ရသူများ (အသက် ၄၀ အောက်)
(ဂ) MA/M.Sc ဘွဲ့ရသူများ (အသက် ၃၅ နှစ်နှင့်အောက်)
(ဃ) B.A/B.Sc ဘွဲ့ရသူများ (အသက် ၃၀ နှင့်အောက်)
(င) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ (အသက် ၂၅ နှစ်အောက်)

၂။ မူလတန်းပြဆရာ၊ ဆရာမများအဖြစ် ရွေးချယ်ခံရသူများသည် ချင်းပြည်နယ်အတွင်း ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဆရာအတတ်သင် သင်တန်းဆင်းလက်မှတ် ရရှိပြီးပါက မူလတန်းပြဆရာ၊ ဆရာမအဖြစ် အတည်ပြုခန့်အပ်မည်ဖြစ်ပါသည်။

၃။ လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ် မိတ္တူ(သို့) ဘွဲ့ရကြောင်း ထောက်ခံစာနှင့် တက္ကသိုလ်ဝင် စာမေးပွဲ အောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရမည်။ လျှောက်လွှာနှင့်အတူ အထောက်အထားများ ပူးတွဲတင်ပြနိုင်ခြင်းမရှိပါက ၂၀၁၄ ခုနှစ် ဇွန် ၁ ရက် နောက်ဆုံးထားတင်ပြရမည်။ (အသက်ကန့်သတ်ချက်ကို ၂၀၁၄ ခုနှစ် ဇွန် ၁ ရက်ဖြင့် တွက်ချက်သည်။)

၄။ ချင်းပြည်နယ်အတွင်း နေထိုင်လျက်ရှိသောသူများ၊ ချင်းပြည်နယ်မှ တခြားဒေသသို့ တာဝန်ထမ်းဆောင်သော ဝန်ထမ်းသားသမီးများကိုသာ ဦးစားပေးရွေး ချယ်ခန့်အပ်ပေးမည်။

၅။ လျှောက်ထားလိုသူများသည် လျှောက်လွှာများကို ချင်းပြည်နယ်၊ ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးရုံးနှင့် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် ၂၂-၄-၂၀၁၄ ရက်မှစ၍ အခမဲ့ထုတ်ယူနိုင်ပြီး မိမိတို့၏ လျှောက်လွှာများကို ၁၅-၅-၂၀၁၄ ရက် ညနေ ၁၆:၀၀ နာရီ နောက်ဆုံးထား၍ မိမိတို့ဖြေဆိုလိုသော မြို့နယ်ရှိ မြို့နယ်ပညာရေးမှူးရုံးတွင် ပြန်လည်ပေးပို့လျှောက်ထားရန်ဖြစ်ပါသည်။

၆။ ၁၇-၅-၂၀၁၄ ရက်တွင် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကျင်းပမည့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတဆိုင်ရာ တစ်နာရီမေးခွန်း ဖြေဆိုရမည်။

၇။ ၂၁-၅-၂၀၁၄ ရက်တွင် ရေးဖြေအောင်စာရင်းထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ၂၃-၅-၂၀၁၄ ရက် နံနက် ၉ နာရီတွင် မိမိတို့ဖြေဆိုထားသော မြို့နယ်ပညာရေးမှူးရုံးများတွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၈။ အသေးစိတ်အချက်အလက်များကို ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးရုံးနှင့် ခရိုင်/မြို့နယ် ပညာရေးမှူးရုံးများတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ချင်းပြည်နယ်အစိုးရအဖွဲ့

အထူးကျေးဇူးတင်ရှိခြင်း

ဗိုလ်မှူး ဘရန်ရှောင်(ငြိမ်း)

ဒါရိုက်တာ ဂျိန်းဖော့အကယ်ဒမီကျောက်မျက် တူးဖော်ရေးကုမ္ပဏီလီမိတက်
ကြည်း/၁၂၄၃၈၊ OTS -၄၄
အသက် (၇၃)နှစ်

၁၆-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားသော ဗိုလ်မှူးဘရန်ရှောင်(ငြိမ်း)အား နာမကျန်းဖြစ်စဉ် မေတ္တာဖြင့် စောင့်ရှောက်ကုသပေးပါသော ဒေါက်တာဇော်မွန်း၊ ပါမောက္ခ ဒေါက်တာဦးထွန်းဦး၊ ပါမောက္ခဒေါက်တာဦးသိန်းစော၊ သမားတော်ကြီး ဦးညွန့်နိုင်၊ ဓာတ်မှန်ဆရာဝန်ကြီး ဒေါက်တာဦးကျော်မြင့်၊ ဓာတ်မှန်ဆရာဝန် ဒေါက်တာဒေါ်သစ်သစ်ဦးနှင့် သျှင်ပါကူဆေးရုံမှ ဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းများ၊ နာမကျန်းဖြစ်စဉ် ဆုတောင်းပေးကြသော သိက္ခာတော် ဆရာတော်များနှင့်အသင်းသူ၊ အသင်းသားများ၊ ဈာပန ကိစ္စအဝဝတွင် လိုလေသေးမရှိအောင် ဝိုင်းဝန်းမေတ္တာဖြင့် ကူညီပေးကြသော ရပ်နီးရပ်ဝေးမှ မိတ်ဆွေ၊ ဆွေမျိုးများ၊ ချင်းနှင့် ချင်းအသင်းတော်(စမ်းချောင်း)၊ မြင်သာနှင့်ကံဘဲ့ နှစ်ခြင်းအသင်းတော်များမှ မိသားစုများနှင့် ကူရှင်ကျောင်းသားဟောင်းများ၊ လုပ်ဖော်ဆောင်ဖက်များကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

အောက်မေ့ဖွယ်ဆုတောင်းဝတ်ပြုခြင်းအစီအစဉ်ကို ၂၄-၄-၂၀၁၄ရက်(ကြာသပတေးနေ့) နံနက် ၉ နာရီတွင် အမှတ် ၂၊ ပါရမီလမ်း၊ ငွေကြာရံရိပ်သာနေအိမ်၌ ပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း

ဖျာပုံပြည်သူ့ဆေးရုံကြီး ခွဲစိတ်ကုသဆောင်တွင် တာဝန်ထမ်းဆောင်နေသော ဒေါက်တာဆုရည်မိုးဇော်၏ဖခင် ဦးဇော်ဝင်း(စမ်းချောင်း) စင်ထရယ်ကျောင်းသားဟောင်း အသက် (၆၇) နှစ်သည် ၁၆-၄-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဖျာပုံပြည်သူ့ဆေးရုံကြီး
ခွဲစိတ်ကုသဆောင်မှ အထူးကုဆရာဝန်ကြီးများ၊
လက်ထောက်ဆရာဝန်များ၊ သူနာပြုများနှင့်ဝန်ထမ်းများ

ဒေါ်တင်ငွေ

မရမ်းကုန်းမြို့နယ် ပညာရေးမှူး (ငြိမ်း)
အသက်(၆၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ ၁၃ လမ်း၊ အမှတ် ၆၃၉ နေ ဆရာကြီး (ဦးခင်ဂျမ်းမောင်) ဖလေး အလယ်တန်းကျောင်းအုပ်၏ဇနီး၊ မခင်ရတနာမောင်၊ မနီလာအောင်၊ မနွယ်နီအောင်၊ မောင်ဝေဖြိုးအောင်တို့၏မိခင်သည် ၁၄-၄-၂၀၁၄ ရက်(တနင်္လာနေ့) နံနက်၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးကျော်မြင့်(ခ)ဦးကျော်လွင်

ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ရှေ့နေချုပ်ရုံး
ဖေယျ(၅၉/၆၀)၊ ဖောင်ကြီး
အသက်(၆၁)နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မင်းစံရပ်နေ ဒေါ်သီတာအောင်၏ ခင်ပွန်း၊ နေပြည်တော်နေ ဗိုလ်ကြီးအုပ်စိုးမြင့်-ဒေါ်နှင်းဝေလွင်တို့၏ဖခင်၊ မောင်သီဟအုပ်စိုး၏ အဘိုးသည် မန္တလေးမြို့၊ ၄၁ လမ်း၊ မင်းစံရပ်နေအိမ်၌ ၁၇-၄-၂၀၁၄ရက် ည ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၄-၂၀၁၄ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် မန္တလေးမြို့ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

အစ်ကိုကြီးသဖွယ် လေးစားခင်မင်ရပါသော ဒေါက်တာဝင်းရွှေ (ရင်းငြိမ်) ၂-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါကြောင်း။

ဦးမြင့်ထွန်း-ဒေါ်ခင်သိန်းကြည်
ဆေးဆိုင်မိသားစု

သုံးလပြည့်ကောင်းမှုကုသိုလ်

ဒေါ်ခင်စိန်(ခ)စိန်စိန်
၁၁-၁-၂၀၁၄
အသက်(၈၆)နှစ်

မကွေးမြို့ရှိ မြိုင်ညီညီတောရကျောင်း၌ ၁၄-၄-၂၀၁၄ရက်တွင် အသစ်တိုးချဲ့ ပြုပြင်ဆောက်လုပ်သော ဆွမ်းစားကျောင်းကို ရေစက်ချလှူဒါန်းပေးပါတယ်။ ခန္ဓာငါးပါးစသော သဘောတရားအားလုံးတို့၌ တပ်မက်မောခြင်းကို စွန့်ပယ်စိတ်ထားရှိခဲ့သော စိန်စိန် ရောက်လေရာ ဘုံဘဝဌာနမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေသော်ဝ်။

အမျှ-အမျှ-အမျှ
သာဓု-သာဓု-သာဓု

ကျန်ရစ်သူခင်ပွန်းဒုတိယဗိုလ်မှူးကြီးကျော်တင့်(ငြိမ်း)နှင့်
သားသမီး၊ မြေး၊ မြစ်တစ်စု

အထူးဝမ်းနည်းကြေကွဲခြင်း
ဟံသာဝတီဦးဝင်းတင်

ဆရာဦးဝင်းတင် ကွယ်လွန်သွားခြင်းသည် မိသားစုနှင့်အတူ လုပ်ဖော်ကိုင်ဖက် တပည့်များ၊ မြန်မာနိုင်ငံသားများအတွက်ကြီးစွာသော ဆုံးရှုံးမှုဖြစ်ပါ၍ အထူးနှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

တပည့်ဟောင်းများ(ကြေးမုံ၊ ဟံသာဝတီ)

အထူးဝမ်းနည်းကြေကွဲခြင်း

၂၁-၄-၂၀၁၄ရက် နံနက် ၆း၃၀နာရီတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့ဝင် ဟံသာဝတီဦးဝင်းတင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့

အထူးဝမ်းနည်းကြေကွဲခြင်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သဘာပတိအဖွဲ့ဝင် သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင် အသက်(၈၅)နှစ်သည် ၂၁-၄-၂၀၁၄ ရက် (တနင်္လာနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မြန်မာနိုင်ငံ ဒီမိုကရေစီ အရေးအတွက် ရွှေတောင်ကြီးပြိုကျသကဲ့သို့ ခံစားရပါသည်။ ညီညွတ် ရေး၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအရေးအတွက်ရှေ့တန်းမှ ရဲရင့်ပြောင်မြောက်စွာကြိုးပမ်းခဲ့သူ ဘဘဦးဝင်းတင်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ခရိုင်အလုပ်အမှုဆောင်အဖွဲ့
ရန်ကုန်အရှေ့ပိုင်းခရိုင်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးမြတ်သွင်(ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အားကစားဝန်ကြီးဌာန)-ဒေါက်တာဒေါ်အေးအေးခိုင်မြင့် (တွဲဖက်ပါမောက္ခ၊ ပထဝီဝင်ဌာန၊ ဒဂုံတက္ကသိုလ်)တို့၏မိခင်ကြီး ဒေါ်ရွှေချစ် အသက်(၇၇)နှစ်သည် ၂၂-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တက္ကသိုလ်အမှတ်စဉ်(၂၇)မှ
ကျောင်းဆင်းအရာရှိများနှင့် မိသားစုများ

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးလောရင့်(စ်)မွန်း

MOGE မန်နေဂျာ(ငြိမ်း)
အသက်(၇၈)နှစ်

(ဦးစံမွန်း၊ ဒေါ်ရွှေအိ)တို့၏ သားလတ်၊ (ဒေါ်မေလှုံမွန်း)-ဦးလုကွီ၊ (ဒေါ်ဘေလှုံမွန်း-ဗိုလ်ကြီးနန်းပီ)၊ ဒေါ်တြေလှုံမွန်း-(ဦးချမ်းအေး)၊ ဒေါ်စီစီလှုံမွန်း၊ ဦးဗစ်တာမွန်း-ဒေါ်ရှယ်လီတို့၏ ညီမောင်၊ ဦးဝေါလေ့(စ်)မွန်း-ဒေါ်ရသီ(USA)တို့၏ အစ်ကို၊ (ဒေါ်အယ်လီဆန် အယ်လ်မွန်း)၏ ချစ်လှစွာသော ခင်ပွန်း၊ ကပ္ပတိန် ဦးသော်တာမွန်း- ပါမောက္ခဒေါက်တာနော်သဲလ်စေ၊ ဒေါ်သီတာမွန်း-ဦးဘမြိုင်(2/0)၊ ဒေါ်သဇင်မွန်း-ဦးစောနီဝယ်လ်(C/E)၊ ဒေါ်ကေခိုင်မွန်း-စောသီဟလွင်၊ မနန့်မူပန်းတို့၏ ချစ်လှစွာသော ဖခင်၊ မြေး ခြောက်ယောက်တို့၏ အဘိုး တိုက် ၁၆၃၊ အခန်း ၆၊ ရန်နိုင်လမ်းသွယ် ၁၁၊ (၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဦးလောရင့်(စ်)မွန်းသည် ၁၉-၄-၂၀၁၄ရက် (စနေနေ့) ညနေ ၆း၂၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပြီဖြစ်ပါ၍ ၂၁-၄-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၉း၀၀နာရီတွင် ရေဝေး ခန်းမ(၁/က)၌ ဝတ်ပြုကိုးကွယ်ပြီး မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု**

ဦးဗလ

(လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ သစ်တောရေးရာဝန်ကြီးဌာန)
အသက်(၆၇)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျီကုန်းရပ်ကွက်နေ (ဦးစိုးအောင်-ဒေါ်စိန်စိန်)တို့၏သားလတ်၊ ဦးဘုန်းမြင့်သူ(ဥပဒေအရာရှိ၊ ဒေးဒရဲမြို့နယ်)-ဒေါ်ချောစုစုလွင် (တွဲဖက်မြို့နယ်ဥပဒေအရာရှိ၊ မအူပင်မြို့နယ်)၊ ဗိုလ်ကြီးရဲလင်းအောင်-မဇင်မာသူ (ရန်ကုန်မြို့တော်စည်ပင်)၊ မတင်မိုးဆွေတို့၏ဖခင်၊ မောင်ဘုန်းအောင်လွင်၊ မောင်သုတရဲထက်တို့၏ ဘိုးဘိုး၊ (ဒေါ်ခင်အုန်းမြင့်)၏ခင်ပွန်းသည် ၁၈-၄-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီး ဦးယသဇ

သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၅)ဝါ

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ပြည်မြို့၊ ဆံတော်ရပ်၊ လှိုင်ဂတ်လမ်း (လေးဆူဓာတ်ပျော်ရွှေဆံတော် ဓာတ်လှေကားရှေ့)၊ မင်္ဂလာမဥ္ဇူကျောင်းတိုက်၊ ပဓာနနာယကဆရာတော်ကြီး၊ ရန်ကုန်မြို့ (ဒီပါရာမသာသနာပြု) ဝဋ္ဋကြွေးတော်ပြေဆရာတော်၏ ဆရာရင်းဖြစ်တော်မူသော ဘဒ္ဒန္တယသဇ ဆရာတော်ကြီးသည် ၁၅-၄-၂၀၁၄ရက် (အင်္ဂါနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၆ခုနှစ် နှစ်ဦးတန်ခူးလပြည့်ကျော် ၁၂ ရက်) ၂၆-၄-၂၀၁၄ရက်(စနေနေ့)တွင် မွန်းလွဲ ၁နာရီတွင် နောက်ဆုံးအန္တိမဈာပန သာဓုကီဠနပူဇော်ပွဲကို ကျင်းပပူဇော်မည်ဖြစ်ရာ ရပ်နီးရပ်ဝေးနေ တပည့်ဒါယကာ၊ ဒါယိကာမတို့အား လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးကော်မတီ
မင်္ဂလာမဥ္ဇူကျောင်းတိုက်၊ ပြည်မြို့

ဒေါ်ညွန့်

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ တိုက် ၆၀၊ အခန်း ၅နေ (ဦးအောင်ကြည်)၏ဇနီး၊ ဦးအောင်ကြိုင်-ဒေါ်သန်းသန်းအေး၊ ဦးကျော်ရွှေ-ဒေါ်မြမြအေး၊ ဦးဇော်မင်းအေး-ဒေါ်တိုးတိုးအေး၊ ဦးသန်းညွန့်၊ ဦးငွေစိုးတို့၏မိခင်၊ ဗိုလ်ကြီးအောင်ကျော်ဇော-မဆုရှင်မိုး၊ မသက်ထားဝေ (သူနာပြု၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ မောင်ဥက္ကာကျော်တို့၏ အဘွားသည် ၂၂-၄-၂၀၁၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၁၂း၂၀နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးသိန်းအုန်း

B.E(Civil)1968-74
မြို့နယ်ပြည်သူ့ကောင်စီ လုပ်ငန်းစစ် အဖွဲ့ဝင်ဟောင်း
အသက်(၆၆)နှစ်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ မကြီးကန်ကျေးရွာ(ဦးစံလှိုင်-ဒေါ်ကြင်ခင်)တို့၏သားကြီး၊ (ဦးညွန့်မောင်-ဒေါ်မြရင်)တို့၏သားသမက်၊ ဒေါ်ကြည်ရင်၏ခင်ပွန်း၊ ကိုကျော်မျိုးသိန်း-မနှင်းရူပါ၊ ကိုဇော်မျိုးသိန်း-မယုဇနေဗိုလ်ဗိုလ်၊ကိုစိုးမိုးသိန်း-မသင်းသင်းမြတ်၊ ကိုသန်းလင်းသိန်း-မအေးအေးအောင်၊ ကိုဝင်းမင်းသိန်းတို့၏ဖခင်၊ မောင်လင်းထွဋ်အောင်၊ မသီရိရတနာစိုးမိုး၊ မောင်ကောင်းပြည့်စုံ၊ မောင်ဘုန်းမြတ်သုတ၊ မောင်ကောင်းမြတ်နေစိုးမိုးတို့၏ အဘိုးသည် ၂၁-၄-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၃း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၄ရက်(အင်္ဂါနေ့) ညနေ ၄ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခိုင်မြင့်ဦး (MITZI AUNG MYINT)

အသက်(၆၄)နှစ်

ရန်ကုန်မြို့နေ ဦးခင်အောင်မြင့်- ဒေါ်ခင်ခင်ကြီးတို့၏သမီးကြီး၊ ဦးဝင်းကို-ဒေါ်ဝေဝေမြင့်၊ ဒေါက်တာလှမြင့်ထွန်း-ဒေါ်စန္ဒာမြင့်၊ ဦးအောင်အောင်မြင့်-ဒေါ်ဖြူဖြူချို၊ (ဦးရဲအောင်မြင့်)၊ ဦးမိုးအောင်မြင့်-ဒေါ်ယဉ်ယဉ်မျိုးပိုင်တို့၏မမကြီး၊ မောင်တိုးဦး၊ မောင်ခန့်ကျော်၊ မောင်လင်းထိုက် တို့၏မိခင်၊ မောင်အောင်ခိုင်၊ မဝေသုန်ထိုက်၊ မဖြူမွန်သန့်၊ မောင်ဉာဏ်ဖြိုး၊ မောင်ပြည့်အောင်၊ မသင်းသင်းအောင်မြင့်တို့၏ကြီးကြီး၊ မောင်ရဲရှိန်း၊ မောင်ဝေဖြိုးမင်း တို့၏ ဘွားဘွား၊ ဒေါက်တာညွန့်အေး(ALLAN GYI)၏ဇနီးသည် ၃၀-၃-၂၀၁၄ရက် စင်ကာပူစံတော်ချိန် နံနက် ၇နာရီတွင် စင်ကာပူGeneral Hospital ၌ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၄ ရက်တွင် စင်ကာပူနိုင်ငံရှိ MANDAI CREMAT ORIUM ၌ မီးသင်္ဂြိုဟ်ပြီး ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ညွန့်ညွန့်သန်း အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အာသာဝတီလမ်း၊ အမှတ် ၅၊ ၃/၄ လွှာနေ (ဦးထွန်းကြိုင်-ဒေါ်ကြူကြူ) တို့၏သမီးကြီး၊ (ဦးကိုကိုကြီး)၊ (ဒေါ်လှမြင့်)၊ (ဦးသောင်း-ဒေါ်သန်းသန်း)တို့၏သမီးချွေးမ၊ ဦးဇော်မြင့်(Nagoya)၏ဇနီး၊ မအိအိခင်၊ ကိုချမ်းကျော်ကျော်ပိုင်-မမေသဇင်(ဇင်ဇင်ဇော်မြင့်)၊ မလင်းလင်းဇော်တို့၏မိခင်၊ ဒေါ်ဆွေဆွေသန်း၏အစ်မသည် ၂၂-၄-၂၀၁၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၁း၀၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၄ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ညွန့်ညွန့်သန်း အသက်(၆၃)နှစ်

(ကျောင်းကုန်းမြို့နယ်အသင်း)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင် အနောက်ရပ်ကွက်၊ အာသာဝတီလမ်း၊ အမှတ် ၅၊ ၃/၄ လွှာနေ (ဦးထွန်းကြိုင်-ဒေါ်ကြူကြူ)တို့၏သမီးကြီး၊ ဦးဇော်မြင့်(Nagoya)၏ဇနီး၊ ဒေါ်ဆွေဆွေသန်း၏အစ်မ၊ ကိုကျော်ဇောသောင်း-နန်းအေးကလျာနိုင် (မသဲ) (G Six hair & Beauty Spa)၏အဒေါ်၊ မောင်လင်းသန့်ဌေး (I.S.M)၊ မမေမြတ်သဒ္ဒါသန့်တို့၏ ဘွားဘွားကြီးသည် ၂၂-၄-၂၀၁၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၁း၀၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၄ရက်(ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရန်ကုန်တက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်း၊ သဘာဝခေါ်သံဖောင်ဒေးရှင်း

ဒေါ်ခင်မြင့်ထွန်း အသက်(၆၀)

၂၀၁၄ ဧပြီလ ကနေဒီတောင်တက် အဖွဲ့ဝင် ကိုမျိုးမောင်မောင်ထွန်း၏မိခင် ဒေါ်ခင်မြင့်ထွန်းသည် ၂၀-၄-၂၀၁၄ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၄-၄-၂၀၁၄ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ တောင်တက်အသင်းဝင်အားလုံးလိုက်ပါပို့ဆောင်ကြပါရန်။ [လှိုင်မြို့နယ်၊ (၉) ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ အမှတ် ၁၆နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

Dolly Sein Aung(ခ)ဒေါ်မေကြည်(ခ)ဒေါ်တင်တင်ခိုင်

(B.A စိတ်ပညာ)
အသက် (၆၀)

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၇)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၂၂၃/၂၂၅နေ (ဦးရှောင်-ဒေါ်အေးခင်)တို့၏ မြေး၊ (ဦးစိန်အောင်)-ဒေါ်လှရွှေတို့၏ သမီး၊ ဦးတင်မောင်ကြူ-ဒေါ်ခင်ခင်ထွေး၊ ဒေါ်လီလီ-(ဦးခင်မောင်ဝင်း)တို့၏တူမ၊ ဦးဘရင်-ဒေါ်ခိုင်သီရိ-ဒေါ်မြင့်မြင့်လွင်၊ ဦးဘဝေ-ဒေါ်လှလှမိုး၊ ဒေါက်တာသန်းဝင်း- ဒေါ်မာရီတို့၏ညီမ၊ ဒေါ်ခိုင်သဇင်၊ ဒေါ်နန်းမေစိန်တို့၏အစ်မ၊ မတူးမာ၊ မဥမ္မာ၊ မသင်္ဂီ-ကိုရဝေ၊ (ကိုသိဏ်းမင်းထိုက်)-မသီတာဦး၊ မချောစု-ကိုဇော်တင့်လွင်၊ မလီလီခင်-ကိုသန်းဝင်း၊ အတီ-မရီရီအေး၊ မစုစုယဉ်-ကိုနေအောင်၊ မသူဇာယဉ်၊ မထက်ထက်မိုးဝေ၊ ကိုသျှမ်းထက်ဝေ၊ မသူဇာအေး၊ ကိုကျော်ထွတ်အောင်၊ ကိုလင်းထိန်တို့၏အဒေါ်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် အမေရိကန်နိုင်ငံ Los Angelas မြို့၌ ၁၇-၄-၂၀၁၄ရက် U.S စံတော်ချိန် နံနက် ၁၀း၄၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် L.A ၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ထန်းပင်ကုန်း၊ စပွါယ်လမ်း၊ ခြံအမှတ် ၁၁၃နေအိမ်သို့ ၂၄-၄-၂၀၁၄ရက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ကြော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအောင်ကြည် (ဆီမီးကန်ကျေးရွာ)

(အငြိမ်းစားကျောင်းဆရာကြီး)

အသက်(၉၀)

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ဆီမီးကန်ကျေးရွာနေ (ဦးချစ်ထွန်း-ဒေါ်နန်းပေါ်)တို့၏သား၊ (ဒေါ်မြတင်)၏ခင်ပွန်း၊ ဦးတင်အောင်-ဒေါ်ရွှေမြိုင်၊ (ဦးသောင်းငွေ)-ဒေါ်သန်းသန်းငွေ၊ ဒေါ်ဖွားကြင်(အငြိမ်းစားကျောင်းအုပ်ဆရာမကြီး)၊ ဦးဉာဏ်ငွေ-ဒေါ်ချိုချိုပြုံး၊ ဒေါ်မြသန်းကြည်(အလပြ၊အထက-ဆီမီးကန်)၊ ဦးရဲမင်း(ဒုညွှန်ချုပ်၊ သမ္မတဦးစီးရုံး)-ဒေါ်သန်းသန်းငွေ၊ ဦးမင်းဆွေ-ဒေါ်မိငယ်(ကလေးမြို့)၊ ဒေါ်တင်နွဲ့ကြည်(ဌာနစုမှူး၊ MPPE)၊ (ဒုအရာခံဗိုလ်ဇော်လွင်)-ဒေါ်နွယ်နွယ်ချိုတို့၏ဖခင်၊ မြေး ၁၄ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုး အငြိမ်းစားကျောင်းဆရာကြီး ဦးအောင်ကြည်သည် ၂၃-၄-၂၀၁၄ရက် ညနေ ၆နာရီတွင် ဆီမီးကန်ကျေးရွာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၄ရက် ညနေ ၄နာရီတွင် ဆီမီးကန်ကျေးရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဗိုလ်မှူးကြီးဇော်မင်း(ငြိမ်း) အသက်(၇၈)နှစ်

ကြည်း-၈၅၈၁၊ O.T.S (26)

မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်(ငြိမ်း)

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးများ(၂)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် ၃၁/၂၁၈နေ (ဦးလှမောင်-ဒေါ်နှင်း)တို့၏သား၊ (ဒေါ်ငွေတင်)၏ခင်ပွန်း၊ (ဦးဘကျော်-ဒေါ်ဝင်းရင်)၊ ဒေါ်ဝင်းတင်၊ (ဦးကျော်မင်း)-ဒေါ်လှဝင်းတို့၏ညီ/မောင်၊ ဦးနေဝင်း-ဒေါ်ခင်ခင်လှတို့၏အစ်ကို၊ ဦးခင်မောင်မြင့်-ဒေါ်မာမာခိုင်(အထပြ၊အထက-၂၄၊ မန္တလေး)၊ ဒေါ်အေးအေးဇော်(ဒုတိယညွှန်ကြားရေးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန)၊ ဒေါ်စုစုတင်၊ ဒေါက်တာမျိုးအောင်-ဒေါက်တာယုယုခင်(ခေတ္တ-USA)၊ ဦးညီညီလွင်(D4 ခရီးသွားဝန်ဆောင်မှု)-ဗိုလ်ကြီးစန်းစန်းလွင်(ငြိမ်း)တို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၂၂-၄-၂၀၁၄ရက်(အင်္ဂါနေ့)ည ၉:၅၇နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၄-၂၀၁၄ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးဇော်မင်း(ငြိမ်း) အသက်(၇၈)နှစ်

ကြည်း/၈၅၈၁၊ O.T.S (26)

မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဦးဇော်မင်းသည် ၂၂-၄-၂၀၁၄ရက် ည ၉:၅၇နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် ၃၁/၂၁၈ နေအိမ်၌ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင် မိသားစုများ

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

ဦးမောင်ရီ(စိန်ပေါ်ကျောင်းသားဟောင်း) အသက်(၅၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် ၁၁၆-၁၁၈၊ လမ်း ၅၀(အလယ်)နေ (ဦးဝင်းယုံ-ဒေါ်ကြင်မွှေး)တို့၏မြေး၊ (ဦးအောင်သိန်း-ဒေါ်သိန်းလှ)၊ (ဦးလှဖေ-ဒေါ်မြသိန်း)တို့၏သားငယ်၊ ဒေါ်ကြည်ကြည်ဝေ၏မောင်၊ (ဦးသိန်းထွန်း)၏ညီငယ်၊ ဦးအေးကျော်(မြန်မာ့ရေလုပ်ငန်း၊ ငြိမ်း)-မသန်းသန်းဝင်းတို့၏ညီ၊ ဦးစိုးလင်း၊ မခင်စိုးရီ(ချမ်းမြေ့တည်းခိုခန်း)တို့၏အစ်ကို၊ မောင်ထက်အောင်လင်း၊ မစောရီလင်းတို့၏ဦးလေးသည် ၂၂-၄-၂၀၁၄ရက် ညနေ ၄:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးဟုတ်ကြဲ့တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၇:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးထွန်းနိုင်ဦး (ဦးစီးမှူး၊ ပြည်သူ့လွှတ်တော်ရုံး)

အသက်(၄၀)

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ရှမ်းစုရပ်ကွက်၊ လယ်တီ ၁ လမ်းနေ ဦးကြင်ခဲ(မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ငြိမ်း)-(ဒေါ်သောင်းတင်)တို့၏သား၊ မခင်သန္တာထွန်း(အထက၊ ဥက္ကံ)၏အစ်ကိုသည် ၂၃-၄-၂၀၁၄ရက် နံနက် ၁၀:၃၀နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံကြီးအအေးတိုက်မှ နေပြည်တော်ကွင်းကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)

ဦးလယ်ဂျီ (မြိတ်)

ရာသက်ပန်အသင်းဝင်အမှတ်(၂၁၇၈)

အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၀လမ်း၊ အမှတ် ၂၁၊ လေးလွှာနေ ဒေါ်ကြူ၏ခင်ပွန်းသည် ၂၁-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅-၄-၂၀၁၄ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မြိတ်အသင်းနှင့် နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

ဒေါက်တာခိုင်ကြွယ်စိုး

B.V.Sc (Yzn)

အသက်(၄၇)နှစ်

တောင်ငူမြို့နေ (ဦးစိုးသိန်း)-ဒေါ်ထားမြင့်တို့၏သမီး၊ ရန်ကုန်မြို့၊ ကမ္ဘာအေး၊ ဂမုန်းပွင့်ကွန်ဒို၊ အခန်းအမှတ် 5/C နေ ဒေါက်တာကျော်စိုးလင်း (Htoo Construction Development Group)၏ဇနီး၊ မချိုးဇေကရီ ကျော်(3rd yr B.I.T MCC)၊ မရွှန်းလဲ့ မှူးကျော်(G-VIII၊ အထက-၂၊ ဗဟန်း)တို့၏မိခင်သည် ၂၃-၄-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွား ပါ၍ ၂၅-၄-၂၀၁၄ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးသူရိန်မင်း(ခ)ငယ်ငယ်

(B.Agri)

(Project Manager-Htoo Trading - သူ့ငွေးချောင်းရေအားလျှပ်စစ်စီမံကိန်း)

(ချောက်မြို့)

အသက်(၃၉)နှစ်

ချောက်မြို့နေ ဦးကြည်စိန်[(တိုင်းအုပ်ချုပ်ရေးမှူး၊ ငြိမ်း)၊ (တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး)၊ (ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်၊ မကွေးတိုင်းဒေသကြီး)] - ဒေါ်ခင်သန်း (အလယ်တန်းပြ၊ငြိမ်း)တို့၏သားငယ်၊ ဦးမောင်မောင်သန်း (တိုင်းမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)-ဒေါ်မြသန်း (အထက်တန်းပြ၊ ငြိမ်း)တို့၏သားသမက်၊ ဒေါ်မြသိန်း၊ ကိုနန္ဒဝင်း၊ မစန္ဒာထွန်းတို့၏ညီ/မောင်၊ ကိုမင်းကျော်သူ-မအေးအေးမော်တို့၏အစ်ကို၊ မောင်မင်းသန့်မောင် (ခ) ဖိုးလမင်း၏ဖခင်၊ အမှတ် ၁၇၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ယဉ်ယဉ်ဖြူ (Schlumberger Logelco Inc)၏ခင်ပွန်းသည် ၂၃-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ချောက်မြို့၌ ကွယ်လွန်သွားပါ၍ ၂၄-၄-၂၀၁၄ရက်(ကြာသပတေးနေ့) ညနေ ၅နာရီတွင် ချောက်မြို့မြေနီကုန်းသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်၊ရေတွင်း၊ရေကန်ဒါယကာကြီး

ဦးချစ်ဟန် (ကျောင်းကုန်းမြို့)

စိန်ရွှေရတနာကုန်သည်

အသက်(၈၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ အမှတ် ၄၃၊ ကမ်းနားလမ်း၊ ကျောင်းကုန်းမြို့နေ (ဦးစစ်ထောင်-ဒေါ်မေပု)တို့၏သားထွေး၊ (ဒေါ်ခင်တင့်)၏ခင်ပွန်း၊ ဦးစိုးသိန်း-ဒေါက်တာဒေါ်ခင်အုန်းရီ၊ ဦးကျော်ညွှန့်-ဒေါက်တာဒေါ်ခင်ရဲတင့်၊ ဒေါ်ခင်ခင်ပြုံး၊ ဦးခင်အောင်တင့်-ဒေါ်မေသင်းနွယ်တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်လေးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၃-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁:၂၀ နာရီတွင် ရန်ကုန်မြို့၊ အမှတ် ၁၂၉(ခ)၊ မြေညီ၊ ၅လမ်းအလယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၄ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉:၁၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း မယ်တော်ကြီး

ဒေါ်ခင်အေး အသက်(၆၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်းမ၊ ရွှေကျင်ကျောင်းတိုက်နေ (ဦးစံကင်း-ဒေါ်ငွေတင်)၊ (ဦးမြညွှန့်-ဒေါ်ရှင်-ဒေါ်သန်းညွှန့်)တို့၏သမီး၊ (ဦးညွှန့်လှိုင်-ဒေါ်သောင်းရှင်-ဒေါ်သန်း)၊ ဦးညွှန့်ရွှေ-ဒေါ်အုံးခင်တို့၏ညီမ၊ (ဦးဝင်းကြိုင်)-ဒေါ်တင်စိန်၊ ဦးကျော်စိုး-ဒေါ်ကြည်ဝင်း၊ (ဦးဝင်းကြည်)-ဒေါ်သန်းနု၊ ဦးအုန်းသွင်-ဒေါ်ခင်ငွေးတို့၏အစ်မ၊ ဦးစိုးမြင့်၏ဇနီး၊ ဦးအောင်ဗိုလ်တင်-ဒေါ်တင်တင်လှ၊ ဦးသန်းလွင်-ဒေါ်စန်းစန်းမော်၊ ဦးခင်မောင်ဝင်း-ဒေါ်ကျင်စန်း၊ ရွှေကျင်ကျောင်းတိုက်၏ ဦးစီးနာယကဆရာတော်ဘဒ္ဒန္တစန္ဒာသီရိ၏မယ်တော်၊ ဦးမြင့်နိုင်-ဒေါ်ရီရီမြင့်၊ ဦးဝင်းနိုင်ထွန်း-ဒေါ်ငွေးငွေး၊ ကိုမိုးသီး-မဝါဝါတင်တို့၏မိခင်၊ မြေး ၂၁ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၂၂-၄-၂၀၁၄ရက်(အင်္ဂါနေ့)ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၄ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (ရွှေကျင်ကျောင်းတိုက်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးစောမြင့်ဆွေ B.Sc, B.Ed. R.L, A.G.T.I, E.T.E.C

ဌာနခွဲမှူး(ငြိမ်း)၊ အင်ဂျင်နီယာဌာန(ရေ/သန့်)၊ Y.C.D.C

အထက(၁)ဘိုကလေး၊အထက(၁)ဒလ၊အလက(၂)မြောက်ဥက္ကလာပ

ကန်တော့ခံဆရာကြီး

အသက်(၆၉)နှစ်

(ဦးအောင်ဇေယျ-ဒေါ်သိန်းမြင့်)တို့၏သား၊ (ဦးကျော်ကြီး-ဒေါ်သိန်းမြ)တို့၏သားသမက်၊ (ဒေါ်လှသောင်း၊ အထပြ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးစိန်သန်း-ဒေါ်ဝင်းတင်၊ ဦးစိန်ကုလား-ဒေါ်ကြည်အေး၊ ဦးစိန်ဦး-ဒေါ်တင်ရီ၊ ဦးငွေစိုး-(ဒေါ်အေးမြင့်)၊ ဦးအောင်ကြည်သောင်း-ဒေါ်မြင့်မြင့်သန်း(YCDC Bank)၊ ဦးစောလှဝေ-ဒေါ်အုန်းသန်းတို့၏အစ်ကိုကြီး၊ ဦးသက်အောင်ဆွေ S.A.E (W&S)-ဒေါ်ဆွေဆွေမြင့်၊ ဦးဆန်းဝင်း(ဇီဇဝါကုမ္ပဏီ)-ဒေါ်နှင်းယုဆွေ၊ ဦးနေတက်ထွန်းဦး(Navy)-ဒေါ်နီနီထူးဝင်း(YCDC)တို့၏ဖခင်ကြီး၊ မြေးငါးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၃-၄-၂၀၁၄ရက် နံနက် ၉:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၄ရက်(သောကြာနေ့)မွန်းလွဲ ၁:၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ညိုညိုခင် (B.Ed)

အထက(၁)ကျောင်းကုန်း၊

အထက(၁)သာကေတ၊

အထက(၃)ပန်းဘဲတန်း

(ဆရာမဟောင်း)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၂၃၅၊ ၃၇လမ်းအထက်၊ ပထမထပ်(ဝဲ)နေ (ဦးထွန်းရင်-ဒေါ်မြရီ)တို့၏သမီး၊ (ဦးလှရွှေ)၊ ဒေါ်လှမြင့်တို့၏ညီမ၊ ဦးစန်းမောင်၏အစ်မ၊ ဒေါ်နီလာဦး၊ ဗိုလ်ကြီးချမ်းမြေ့အောင်(ငြိမ်း) - ဒေါ်ဇင်သီမာတို့၏ မိခင်၊ မောင်သျှန်ကျော်စံ၏အဘွားသည် ၂၃-၄-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၁၂နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၄ရက်(သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ကေတီ

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာရိပ်မွန်အိမ်ရာ၊ အမှတ် ၆၀၂နေ (ဦးစံလွင်-ဒေါ်သန်းစိန်)တို့၏သမီး၊ ဦးခင်မြင့်-ဒေါ်ခင်မြင့်မြင့်တို့၏တူမ၊ ဒေါ်လီလီ၏အစ်မ၊ ဦးထွန်းဦး-ဒေါ်အေးအေးသွယ်၊ ဦးစိုးဝင်းအောင်-ဒေါ်အေးအေး၊ ဦးငွေအောင်-ဒေါ်သန်းသန်း၊ ဒေါ်ရိန်ရိန်း၊ ဒေါ်ချိန်ချိန်း၊ ဒေါ်ခိန်ခိန်း၊ ဦးမြင့်လွင်၊ ဦးသိန်းလွင်၊ ဦးမင်းလွင်၊ ဒေါ်လိန်လိန်း၊ ဦးထွန်းလွင်တို့၏အစ်မ၊ မကြည်စင်ဟိန်း၊ တူ၊ တူမ ၁၂ယောက်တို့၏အဒေါ်သည် ၂၃-၄-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)နံနက်၆:၂၀နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၄ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

ဦးမောင်ရီ

(စိန်ပေါ်ကျောင်းသားဟောင်း)

အသက်(၅၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊အမှတ် ၁၁၆-၁၁၈၊ လမ်း ၅၀ (အလယ်)နေ(ဦးဝင်းယုံ-ဒေါ်ကြင်မွှေး)တို့၏မြေး၊ (ဦးအောင်သိန်း-ဒေါ်လှသိန်း)၊ (ဦးလှဖေ-ဒေါ်မြသိန်း)တို့၏သားငယ်၊ မစောရီလင်း၏ ကိတ္တိမမွေးစားဖခင်၊ ဒေါ်ကြည်ကြည်ဝေ၏မောင်၊(ဦးသိန်းထွန်း)၏ညီငယ်၊ဦးအေးကျော်(မြန်မာ့ရေလုပ်ငန်း၊ငြိမ်း)-မသန်းသန်းဝင်းတို့၏ညီ၊ ဦးစိုးလင်း၊မခင်စိုးရီ(ချမ်းမြေ့ တည်းခိုခန်း)တို့၏ အစ်ကို၊ မောင်ထက်အောင်လင်း၏ဦးလေးသည် ၂၂-၄-၂၀၁၄ရက် ညနေ ၄:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးဟုတ်ကြဲ့တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၇:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ညွှန့်ညွှန့်သန်း (နန်းနန်း)

အသက်(၆၃)နှစ်

ရန်ကုန်မြို့၊အလုံမြို့နယ်၊စောရန်ပိုင်အနောက်ရပ်ကွက်၊ အာသာဝတီလမ်း၊ အမှတ် ၅၊ ၃/၄လွှာနေ(ဦးထွန်းကြိုင်-ဒေါ်ကြူကြူ)တို့၏သမီးကြီး၊ (ဦးကိုကိုကြီး-ဒေါ်လှမြင့်)၊ (ဦးသောင်း-ဒေါ်သန်းသန်း)တို့၏သမီးချွေးမ၊ ဦးဇော်မြင့် (Nogoya) ၏ဇနီး၊ မအိအိခင်၊ ကိုချမ်းကျော်ကျော်ပိုင် - မမေသဇင်(ခ)ဇင်ဇင်ဇော်မြင့်၊ မလင်းလင်းဇော်တို့၏မိခင်၊ဒေါ်ဆွေဆွေသန်း၊ ဦးမိုးမင်း(Rays) - ဒေါက်တာကြူကြူဆွေဝင်း၊ ဦးထွန်းထွန်း-ဒေါ်အိအိနိုင်တို့၏အစ်မ၊ ကိုကျော်ဇောသောင်း-မနန့်အေးကလျာလှိုင်(ခ)သဲသဲ၊ မထူးရွှေအိမ်၊ မမေသူထွန်း၊ မဆုရွှန်းပြည့်တို့၏ကြီးကြီး၊ ဟိန်းသစ်ထက်၊ မေမြတ်သဒ္ဒါသန့်၊ မောင်အောင်ကျော်ကျော်ပိုင် တို့၏အဘွားသည် ၂၂-၄-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁:၀၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၄ ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်လှ (မော်လမြိုင်)

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၄ ရပ်ကွက်၊ ဇောတိက ၁လမ်း၊ အမှတ် ၆၇၉နေ (ဦးဘသန်း-ဒေါ်ကျင်စိန်)တို့၏သမီး၊ ဦးကံညွှန့်၏အစ်မ၊ ဦးလှထွန်း-ဒေါ်လှလှဝင်း၊ ဒေါ်တင်တင်အောင်၊ ဦးဝင်းနိုင်-ဒေါ်ချိုချိုစန်း၊ ဦးသိန်းလွင်-ဒေါ်ခိုင်ခိုင်ဝင်း၊ ဦးဝင်းလှိုင်-ဒေါ်ပပမင်းသူ၊ အိစုအောင်တို့၏မိခင်၊ (ဦးဝင်းမောင်)၏ဇနီး၊ မြေး နှစ်ယောက်တို့၏အဘွားသည် ၂၃-၄-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၉-၄-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးမောင်ကြည်(ငြိမ်း)

အပတ်စဉ်(၅၅)၊ ကြည်း-၁၄၉၃၅

အသက်(၆၄)နှစ်

ရွှေတောင်မြို့နေ (ဦးရွှေ-ဒေါ်စိန်)တို့၏သား၊အင်းစိန်မြို့နယ်၊အောင်ဆန်းရပ်ကွက်၊ မင်္ဂလာလမ်းနေ (ဦးမောင်အေး)-ဒေါ်ခင်အေးတို့၏ သားသမက်၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ(၃)ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ် ၅၁၉နေ ဒေါ်မြင့်မြင့်စန်း၏ခင်ပွန်း၊ ဦးဇော်မင်းဦး (DENKO Co.,Ltd.)-ဒေါ်ခင်နှင်းအိ၊ ဒေါ်နွယ်နီလွင်၊ ဦးအောင်နိုင်သော်(ဘဏ်ခွဲ-၄၊ ငြိမ်း) - ဒေါ်ဇင်လှနွယ်(ဆက်သွယ်ရေး)၊ ဦးဇော်မင်းထွန်း(CP Co., Ltd.)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည်၂၂-၄-၂၀၁၄ ရက်(အင်္ဂါနေ့) မွန်းလွဲ ၁:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၄ ရက်(ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄:၁၅နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၁၄ရက် (တနင်္လာနေ့) နံနက်တွင် မင်္ဂလာဒုံမြို့နယ်၊ ပုလဲ(၃)ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ် ၅၁၉နေ ဒေါ်မြင့်မြင့်စန်း၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးကျော်ဇေဦး

(မ/၁၂-မ/၃ အင်းစိန်၊ ကျောင်းအုပ်ဆရာကြီး)၊ အထကကော်မတီ

အသက်(၅၅)နှစ်

အင်းစိန်မြို့၊ ဘောဂလမ်း၊ အမှတ် ၁၈နေ (ဦးသောင်းစိန်၊ မ/၁၂ ကျောင်းအုပ်ဆရာကြီး၊ ငြိမ်း)-ဒေါ်အေးသောင်း(BPT-ငြိမ်း)တို့၏သားကြီး၊ ကွက်သစ်(၂)လမ်း၊ အနောက်နေ ဦးစိုးမြင့်(မမ-ငြိမ်း)-ဒေါ်တင်နွဲ့ တို့၏ သားသမက်၊ ကိုဇေယျာလင်း - မမေသကြ်န်ဦး (Ambur Electronic)၊ မမေလွင်လွင်ကျော်တို့၏ဖခင်၊ ဒေါ်ခင်စန်းလွင် (အမက-၁၂၊ အင်းစိန်)၏ခင်ပွန်းသည် ၂၃-၄-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၉:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၄ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမင်းဇော်

အုပ်စုမှူး(တ)

ရန်ကုန်မြို့တော်

လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

လမ်းမတော်၊ အုပ်ချုပ်ရေးမှူးရုံး

အသက်(၄၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ရွှေတလီကျေးရွာနေ (ဦးအုန်းသစ် - ဒေါ်အုန်းကြည်)တို့၏ သား၊ ရွှေတလီကျေးရွာနေ ဒေါ်ရင်ရင်ကြွေ၊ ဒလမြို့နယ်နေ မကြည်မြင့်၊မနုနုရင်၊ ရန်ကုန်မြို့၊ မြောက်ဒဂုံနေ ကိုအောင်စိုး-မမြင့်မြင့်သန်းတို့၏မောင်၊ အခန်း ၇၊ ဘောဂသိဒ္ဓိလမ်း၊ သီတာဓာတ်အားခွဲရုံဝင်း၊(၃)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေ ဒေါ်လှလှဝင်း၏ခင်ပွန်း၊ မောင်ကျော်ငြိမ်းချမ်း၊ မောင်ဝေလင်းပိုင်၊ မောင်အာကာလင်းဖြိုးတို့၏ ဖခင်သည် ၂၃-၄-၂၀၁၄ရက် နံနက် ၄:၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၄ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈:၁၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဥူးတေဇ(ခ)ကိုထွန်းကြီး (စစ်တွေ)

သာသနပါလကျောင်း၊ ရွှေတောင်မြို့နယ်

သက်တော်(၄၉)နှစ်၊ သိက္ခာတော်(၁၁)ဝါ

စစ်တွေမြို့၊ မင်းဘာကြီးလမ်းနေ (ဦးကျော်မောင်-ဒေါ်မအေး)(ဘဝသစ်ဆီစက်)တို့၏အမွှာသားကြီး၊(ဦးအောင်ပန်းသာ)-ဒေါ်လှမေကြီး(APT မိသားစုဆီစက်၊ မြောက်ဦးမြို့)၊ (ဦးစံသာကျော်)-ဒေါ်မေရှင်၊ (ဒေါ်နီနီ)၊ (ဒေါ်ဖြူဖြူ)၊ ဦးကျော်ရွှေသာ-ဒေါ်ဝါဝါရွှေ၊ ဦးအောင်ကျော်ဝင်း-ဒေါ်ခင်သန်းညိုတို့၏မောင်ငယ်၊ (ကိုထွန်းငယ်)၏အမွှာအစ်ကို၊ တူ၊ တူမ ၁၈ယောက်တို့၏ဦးလေးသည် ၂၀-၄-၂၀၁၄ရက် ည ၉:၃၀နာရီတွင် ဦးလှထွန်းကင်ဆာဖောင်ဒေးရှင်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၁-၄-၂၀၁၄ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၁၄ရက် (စနေနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ခြောက်ထပ်ကြီးဘုရားရှေ့၊ မဟာသိမ်တော်ကြီးသို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးမောင်မောင်ခင် (ဇီးကုန်းမြို့)

ညွှန်ကြားရေးမှူး(ငြိမ်း)၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ပြည်တော်သစ်ရိပ်သာ၊ အောက်ပုဇွန်တောင်၊ တိုက် ၄၊ အခန်း ၁၇နေ (ဦးဘထွန်း-ဒေါ်ခင်ကြည်)တို့၏သား၊ (ဒေါ်တင်ကြည်၊ အထက်တန်းပြဆရာမ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးထိန်လင်း-ဒေါ်ခင်မာဝေ၊ ဒေါက်တာငွေလှိုင်-(ဒေါက်တာခင်သန်းတိုး)၊ Capt: ဝင်းနိုင်(Master F.G)-ဒေါ်စန်းစန်းမြင့်၊ဦးမိုးဇော်ခင်-ဒေါ်အေးအေးစိုး၊ ဦးလှိုင်စိုးထူး(M.I.P)-ဒေါ်စုမျိုးခင်၊ ဦးကျော်ကျော်မြင့်-ဒေါ်နှင်းရည်ခင်တို့၏ဖခင်၊ မြေး ၁၄ယောက်တို့၏အဘိုးသည် ၂၂-၄-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၄ ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးမြငွေ (ဒုဦးစီးမှူး၊ ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)

အသက်(၇၅)နှစ်

သာယာဝတီမြို့၊ ဆရာစံမြို့သစ်၊ ဗန္ဓုလလမ်းနေ ဒေါ်အေးကြည်၏ခင်ပွန်း၊ ဒေါ်ခင်ခင်နွဲ့(အထက်တန်းပြဆရာမ၊ အထက-၁၊ သာယာဝတီ)၊ ဒေါ်ရီရီသိန်းတို့၏ဖခင်၊ မောင်ဖွဲ့လင်း၏အဘိုးသည် ၂၂-၄-၂၀၁၄ရက်(အင်္ဂါနေ့)ည ၈:၂၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် သာယာဝတီမြို့ ရေဝေထောင်ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဦးထွန်းညို M.Sc(forestry)

ပါမောက္ခ(ငြိမ်း)

သစ်တောတက္ကသိုလ်

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၅)ရပ်ကွက်၊ အမှတ် ၁၀၂၉နေ (ဦးတင်ရွှေ-ဒေါ်ခင်ထွေး)တို့၏သား၊ ဒေါ်သိန်းသိန်း၏ခင်ပွန်း၊ ဦးလှသန်း၊ ဒေါ်စန်းစန်းလှိုင်၊ ဒေါ်စုစုလှိုင်၊ ဒေါ်အေးအေးမူတို့၏အစ်ကိုကြီး၊ မလှလှထွန်း၊ မောင်သူရိယလင်း၊ မောင်စစ်ငြိမ်းအေး၊ မဆေးမော်မော်တို့၏ဖခင်သည် ၂၃-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆:၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၄-၂၀၁၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးကျော်ဆန်းလွင်(တာတီး)

M.Sc (Physics)

ရူပဗေဒကျောင်းသားဟောင်း

အသက်(၄၈)နှစ်

အမှတ် ၁၀၀၊ သန္တာ ၁၀လမ်း၊ (င) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးမြင့်သိန်း) - ဒေါ်ခင်ရွှေတို့၏သား၊ ဒေါ်ခင်ညွှန့်ဝေ (စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်)၏မောင်၊ ဦးထွန်းရှိန် (ခေတ္တ-တိုင်းဦးစီးမှူး၊ စက်မှုသီးနှံ)-ဒေါ်သီတာစိုး၊ ဦးကျော်ရှိန် (ပုသိမ်)-ဒေါ်ထားထားနွယ်တို့၏ညီ၊ မောင်ဖြိုးသီဟကျော်၊ မဖူးပွင့်ဝေစံတို့၏ဖခင်သည် ၂၂-၄-၂၀၁၄ရက်(အင်္ဂါနေ့) ည ၇:၁၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါဖြင့် ၂၄-၄-၂၀၁၄ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ကိုစံရွှေကျော်(ခ)

မောင်သန်းရီ (ကျောက်တော်)

အသက်(၄၁)နှစ်

ကျောက်တော်မြို့၊ မြို့သစ်ရပ်ကွက်၊ ဦးအောင်ဇံဝေလမ်းနေ ဦးအောင်ထွန်းကျော်-ဒေါ်မသန်းညွှန့်တို့၏ သားကြီး၊ မချောချောအောင်၊ မယဉ်ယဉ်ချောတို့၏အစ်ကိုကြီး၊ ဒေါ်လှနုခင်၏ခင်ပွန်း၊မောင်ရွှေမြအောင်၊ မမြတ်သျှင်နွယ်တို့၏ဖခင်သည်၂၁-၄-၂၀၁၄ရက်တွင်ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးမောင်မောင်ဝင်း

B.E (Mechanical)

73 Batch

အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၁၀၆၁၊ အင်းဝ ၁၀လမ်းနေ (ဦးတင့်စိန်-ဒေါ်ကြင်ငွေ)တို့၏သား၊ (ဦးစိန်ဖေ-ဒေါ်တင်ရှိန်)တို့၏သားသမက်၊ (ဒေါ်ကြည်ကြည်)၏မောင်၊ ဒေါ်မြမြ၏ခင်ပွန်း၊ ကိုမောင်မောင်ထင်ဝင်း-မနွဲ့နွဲ့ခိုင်၊ ကိုဖြိုးလတ်ဝင်း-မသန်းသန်းစိုး၊ မခင်လပြည့်ဝင်း၊ မမေဖြူစင်မွန်တို့၏ဖခင်၊ (မောင်ဘုန်းမြတ်ထင်)၊နှင်းမြတ်ထင်၊မောင်တတိုင်းမွေး၊ အေးသပြေဝင်း၊ စုမြတ်ထင်တို့၏အဘိုးသည် ၂၃-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၀၀:၁၀နာရီတွင် အောင်ရတနာဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၄ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးထင်မော်

S.A.E (ကညန)(ငြိမ်း)

အသက်(၅၈)နှစ်

(ဦးအေး)-ဒေါ်ခင်စုတို့၏သားကြီး၊ (ဦးစိုးမြင့် - ဒေါ်ရွှေတင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဉာဏ်တီလမ်းသွယ်၊အမှတ်(၂၂/ခ)နေ ဒေါ်သန်းသန်းအေး(ခ)ဒေါ်အေး၏ခင်ပွန်း၊ မောင်အောင်မြတ်(Ray Shipping Co., Ltd.)၊ မခက်ဝေဖြိုး BE (IT) တို့၏ဖခင်သည် ၂၁-၄-၂၀၁၄ရက် နံနက် ၁၀:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မစန္ဒာအေး (ကြည့်မြင်တိုင်)

အသက်(၂၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ပိတောက်မြိုင်၃လမ်း၊ အမှတ် ၁၂၄၈နေ (ဦးခင်မောင်ညွှန့် - ဒေါ်စန်းဝေ)တို့၏မြေး၊ ဒေါ်ချိုချိုညွှန့်၊ ဦးတင်မောင်အုန်း-ဒေါ်သီတာညွှန့်၊ ဦးတိုးလွင်-ဒေါ်နီလာညွှန့်၊ ဦးထွန်းထွန်းညွှန့်၊ ဦးတိုးတိုးညွှန့်၊ ဦးထွန်းထွန်းဝင်း - ဒေါ်စောနန်းညွှန့်တို့၏တူမ၊မောင်ကျော်ဇင်ထွဋ်၏အစ်မ၊ (ဦးသန်းဆွေ) - ဒေါ်မြင့်မြင့်အေးတို့၏သမီးသည် ၂၃-၄-၂၀၁၄ရက် နံနက် ၁နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ကြည့်မြင်တိုင်၊ နတ်စင်လမ်း၊ အမှတ် ၉၀မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ပြည်သူထဲကပြည်သူတစ်ဦးဟုနားလည်ပြီး ကူညီရိုင်းပင်းတတ်သူဖြစ်လာစေရန် ပြုစုပျိုးထောင်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘက်စုံပညာထူးချွန်၊ ထူးချွန်ကြက်ခြေနီနှင့် ကင်းထောက်လူငယ်မောင်မယ်များတွေ့ဆုံပွဲနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၃

ဘက်စုံပညာထူးချွန်၊ ထူးချွန်ကြက်ခြေနီနှင့် ကင်းထောက်လူငယ်မောင်မယ်များ တွေ့ဆုံပွဲနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။

စည်းရုံးခေါ်ဆောင်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ပြောကြားရာ၌ ယနေ့ကျင်းပသည့် အစည်းအဝေးမှာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဘက်စုံပညာထူးချွန်၊ ထူးချွန်ကြက်ခြေနီနှင့်ကင်းထောက်လူငယ်မောင်မယ်များကို ၂၀၁၄ ခုနှစ် မေ ၃ ရက်တွင် နေပြည်တော်၌ တွေ့ဆုံဂုဏ်ပြုပွဲအခမ်းအနားကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ ရွေးချယ်ထားသည့် ဤလူငယ်များသည် အနာဂတ်မြန်မာနိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးယန္တရားကို ဦးဆောင်ဦးရွက်ပြုလုပ်ကြမည့်သူများပင်ဖြစ်ပါကြောင်း၊ ယင်းလူငယ်မောင်မယ်များကို ယခုကတည်းက အတွေးအခေါ်မှန်ကန်ပြီး မြန်မာနိုင်ငံ၏ ရေမြေသဘာဝနှင့်ယဉ်ကျေးမှုအခြေအနေတို့ကို သဘောပေါက်နားလည်သူများဖြစ်လာစေရန် လက်တွဲစည်းရုံးခေါ်ဆောင်သွားနိုင်မှသာ နောင်တစ်ခေတ်တွင် နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်မည့် ခေတ်လူငယ်များဖြစ်လာကြမည် ဖြစ်ပါကြောင်း။

စာမျက်နှာ ၉ ကော်လံ ၄

ယနေ့ မာတိကာ

အာဖဂန်နိုင်ငံအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ စစ်ဆင်ရေးများပြုလုပ် စာ » ၄

မန်ယူနည်းပြသစ်စတင်ရှာဖွေ ရိုင်ယန်ဂစ်အား ယာယီတာဝန်ပေး စာ » ၅

မီဒီယာများ သတင်းရယူနိုင်ရေး ဆက်သွယ်မေးမြန်းနိုင် စာ » ၇

ဇွဲကပင်တောင်ကေဘယ်လ်ကား မလေးရှားနိုင်ငံမှအင်ဂျင်နီယာများ တည်ဆောက်မည် စာ » ၈

အမြန်လမ်းတွင် ခရီးသည်တင်ကား မီးလောင်မှုဖြစ်ပွား စာ » ၁၃

မြန်မာနိုင်ငံသို့ ခုတ်မောင်းလာသည့် ရေနံတင်သင်္ဘော မလက္ကာရေလက်ကြားတွင် ပင်လယ်ဓားပြတိုက်ခံရ

ရန်ကုန် ဧပြီ ၂၃

ကမ္ဘာပေါ်တွင် ဖြတ်သန်းသွားလာမှုအများဆုံး ရေလမ်းကြောင်းတစ်ခုဖြစ်သည့် မလက္ကာရေလက်ကြားအတွင်း မလေးရှားနိုင်ငံ ကမ်းလွန်တွင် ယမန်နေ့နံနက်စောစောပိုင်းက ရေနံတင် သင်္ဘောတစ်စင်းကို ပင်လယ်ဓားပြများက တိုက်ခိုက်စီးနင်းကာ ဒီဇယ်ဆီလစ်တာသန်းနှင့်ချီ၍ ကဲ့ယူသွားသည့်အပြင် သင်္ဘောသားသုံးဦးကိုလည်း ခေါ်ဆောင်သွားကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြသည်။

အဆိုပါ ရေနံတင်သင်္ဘောသည် စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ ခုတ်မောင်းလာစဉ် ပစ္စတိုသေနတ်နှင့် ဓားများကိုင်ဆောင်ထားကြသည့် အင်ဒိုနီးရှားလူမျိုး ပင်လယ်ဓားပြရှစ်ဦးက ငါးဖမ်းသင်္ဘောတစ်စင်းဖြင့် ချဉ်းကပ်ကာ ရေနံတင်သင်္ဘောပေါ်သို့ တက်ခဲ့ကြောင်း၊ သင်္ဘောသားအများစုကို ကြိုးဖြင့်တုပ်နှောင်ကာ အခန်းတစ်ခုအတွင်း သော့ခတ်ပိတ်ထားခဲ့ကြောင်း၊ နာဂိဝါမာရူးအမည်ရှိ အဆိုပါ ရေနံတင်သင်္ဘောသည် အင်္ဂါနေ့နံနက် ဒေသစံတော်ချိန် နံနက် ၁ နာရီတွင် မလေးရှားနိုင်ငံ ပို့ကလန်မြို့အနီး ကမ်းလွန်တွင် ပင်လယ်ဓားပြများက တိုက်ခိုက်ခြင်းကို ခံခဲ့ရကြောင်း ဖော်ပြထားသည်။

ပင်လယ်ဓားပြများသည် ရေနံတင်သင်္ဘောတွင် တင်ဆောင်လာသော ဒီဇယ်ဆီလစ်တာငါးသန်းခန့်အနက်မှ လစ်တာသုံးသန်းခန့်ကို အခြားရေယာဉ်နှစ်စင်းသို့ နာရီများစွာကြာအောင် စုပ်ယူသွားခဲ့ပြီး အင်ဒိုနီးရှားလူမျိုး သင်္ဘောကပ္ပတိန်၊ အင်ဂျင်နီယာချုပ်နှင့် သင်္ဘောသားတစ်ဦးတို့ကို ၄င်းတို့ပိုင်ပစ္စည်းများ၊ နိုင်ငံကူး လက်မှတ်များနှင့်အတူ ခေါ်ဆောင်သွားခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၅

AFC Challenge Cup ပြိုင်ပွဲအတွက် မြန်မာအသင်းစတင်လေ့ကျင့်

သတင်း-ညီမြတ်သော်တာ ➤ ဓာတ်ပုံ-စိုးညွန့်

၂၀၁၄ AFC Challenge Cup ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်အသင်းသည် ဧပြီ ၂၃ ရက်မှစ၍ စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ **(အပေါ်ပုံ)**

မြန်မာအသင်း၏ နည်းပြချုပ်သစ်ဖြစ်သူ အေဗရာမိုဗစ်၏ ပထမဆုံးပြုလုပ်သော လေ့ကျင့်ခန်းအစီအစဉ်ဖြစ်ပြီး ညနေပိုင်းတွင်စတင်လေ့ကျင့်ခဲ့ခြင်းဖြစ်သည်။ အေဗရာမိုဗစ်သည် မြန်မာအသင်းနည်းပြအဖြစ် ဖေဖော်ဝါရီလကတည်းက ခန့်အပ်ခံခဲ့ရသော်လည်း ယခုမှသာ လေ့ကျင့်မှုများ

စာမျက်နှာ ၃ ကော်လံ ၁

မန္တလေး၌အပူချိန်မြင့် အပူလျှပ်လူနာ ၁၈ ဦးအထိရှိလာ

မန္တလေး ဧပြီ ၂၃

မြန်မာနိုင်ငံအနှံ့အပြားတွင် ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း တန်ဖိုးများလွန်ကဲစွာကျရောက်နေသဖြင့် မန္တလေးမြို့၏နေ့အပူချိန်မှာ ယခုလအတွင်း မြင့်တက်လာခြင်းနှင့်အတူ မန္တလေးဆေးရုံကြီးသို့ ဧပြီ ၂၁ရက်မှ ၂၃ရက်နံနက်ပိုင်းအထိ အတွင်းအပူလျှပ် လူနာ ၁၈ ဦး ရောက်ရှိလာကြောင်း မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ သိရှိရသည်။ယင်းလူနာများအနက် အမျိုးသားတစ်ဦးနှင့်အမျိုးသမီးတစ်ဦးမှာ သေဆုံးသွားပြီး ၁၆ဦးမှာ ကုသမှုခံယူနေရဆဲဖြစ်ကြောင်း၊ ဖြစ်ပွားမှုအများစုမှာ အမျိုးသားအများစုဖြစ်ပြီး အသက် ၂၀မှ ၈၀အတွင်းအဖြစ်များကြောင်း ဆေးလုပ်ငန်းဆက်ဆံရေးအရာရှိ ဦးမင်းလွင်ကပြောသည်။

စာမျက်နှာ ၁၀ ကော်လံ ၁

"ဆရာကောင်းသည်၊ စာကောင်းသည်၊ ပညာကောင်းရရှိစေရမည်။"

သစ်ပန်းနိုင် တည်ထောင်သည်

ကျောင်း အမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉

ဝိုင်း အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။ ဖုန်း၀၁ ၂၄၉ ၆၄၉၊ ၀၁ ၃၈၅ ၀၉၇၊ ၀၉ ၂၅၀ ၃၁ ၂၀ ၂၀

ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း ၀၉ ၅၁၉ ၇၇ ၂၆၊ ၀၉ ၅၁၇ ၆၅၄၃

(၄၄)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ် နှင့် (၁၁၁/၁၁၃)၊ ၅၇ လမ်းတွင် စုံစမ်းအပ်နှံနိုင်ပါသည်။

ကိုယ်ပိုင်အထက်တန်းကျောင်း
အဆင့်မြင့်စာသင်ဝိုင်း နှင့် ဘော်ဒါ
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် (ကက-၁၃/၁၆/၀၁၉)

၂၀၁၄ - ၂၀၁၅ ပညာသင်နှစ် အတွက် ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
ကျောင်းအပ်လက်ခံပြီ
[နေရာသေချာရန် ကြိုအပ်ဖို့ လိုအပ်ပါသည်]

Hot Line: 01 249 649, 01 385 097, 09-250 31 2020, 09-519 7726

◆ ကိုယ်ပိုင်အထက်တန်းကျောင်း PRIVATE SCHOOL
ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[Grade 11(ဧပြီ - ၂)၊ Grade 10(မေ - ၆)၊ Grade 9,8,7,6(မေ - ၈)စမည်]
ကျောင်းကား (ကြို/ပို့) ferry စီစဉ်ပေးသည်။

◆ အဆင့်မြင့်ဘော်ဒါ ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[ဧပြီလ ၂၃၊ ၂၅ ဘော်ဒါစ ဝင်ရမည်]

◆ အဆင့်မြင့် စာသင်ဝိုင်း
Grade 10,11 (တက္ကသိုလ်ဝင်တန်း) [ဘာသာစုံ]
Grade 11 [ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း] အထူးသီးသန့် ရှိသည်။
Grade 9 [သင်္ချာ၊ အင်္ဂလိပ်၊ သိပ္ပံ]
(ဧပြီ - ၄)စမည်၊ ကျောင်းပြန်ကား ferry စီစဉ်ပေးသည်။

ကိုယ်ပိုင်အထက်တန်းကျောင်း (သို့) အဆင့်မြင့် ဘော်ဒါ (သို့) အဆင့်မြင့် စာသင်ဝိုင်း
◆ အဆင့်မြေ ကြိုက်နှစ်သက်ရာ အစီအစဉ်ကို စုံစမ်း၊ ရွေးချယ်၊ အပ်နှံ တက်ရောက်နိုင်ပါသည်။
◆ ကျောင်းကြီး ကျူရှင် ထပ်တက်စရာ မလိုပါ။ ◆ ကျောင်းကား ferry စီစဉ်ပေးသည်။

mmalin.npt @ gmail.com, www. facebook.com/MYANMAALINNEWS
မြန်မာ့အလင်း
R/488